# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အမျက်ဒေါသ မရှိ**

အမျက်ဒေါသသည် ဆင်းရဲစေ၏။ စိုးရိမ်ပူပန်ရ၏။ ထို့ကြောင့် အမျက်ဒေါသကို ပယ်နိုင်ရန် သည်းခံတတ်သော စိတ်ကို မွေးမြူရာ၏။ အမျက်ဒေါသမရှိ သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ရဟန္တာမြတ်တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ ကြည်ညိုရာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၄၀၀)


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၀)


# ကျန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ ဝင်ရောက်ရေးဆွေးနွေး



## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် UN ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီတို့ တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး ကိစ္စရပ်များ၊ အထူးသဖြင့် မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ရက် ၁၀၀ စီမံချက်တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ (UN) ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စယန်ဟီလီတို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ရခိုင်ပြည်နယ်ကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကိစ္စ၊ လွတ်လပ်စွာ စုဝေးခွင့်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

ကုလသမဂ္ဂ (UN) ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်



# ညောင်တုန်းမြို့ပန်းလှိုင်မြစ်ကမ်း ရေကာတာ ကျောက်စီနံရံ တည်ဆောက်ပြီးစီး



**နေလင်း(ညောင်တုန်း)**

**ညောင်တုန်း ဇွန် ၂၀**

ညောင်တုန်းမြို့၌ လွန်ခဲ့သောရက်များက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများကြောင့် ညောင်တုန်းမြို့ ရေကာတာ အကြီးစားတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီ မပြီးစီးနိုင်ဘဲ နှောင့်နှေးကြန့်ကြာခဲ့ရာ ယခုရက်ပိုင်းအတွင်း နေသာချိန်များလာသဖြင့် လုပ်ငန်းဆောင်ရွက်မှု သွက်လက်မြန်ဆန်လာကြောင်း တွေ့ရှိရသည်။

ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ရေကာတာ တည်ဆောက်မြှင့်တင်ခြင်းလုပ်ငန်းတွင် အဓိကအရေးကြီးသည့်အပိုင်းဖြစ်သော ၉ လမ်းမှ ၁၂ လမ်းအထိ ရေကာတာ အကြီးစားတည်ဆောက်ရေးလုပ်ငန်းခွင်၌ မိုးများချိန်က လုပ်ငန်းလက်စသတ်ရန် ကျန်ရှိနေသော မြေဖို့ မြေသယ်၊ မြေညှိလုပ်ငန်းများ၊ ကွန်ကရစ်လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည့်အပြင် ၉ လမ်းမှ ၁၁ လမ်းအထိ ကျောက်စီနံရံ တည်ဆောက်ရေးလုပ်ငန်းမှာလည်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၆-၂၀၁၆

| | | |
|---|---|---|
| မြောင်းမြ | ၁ ဒသမ | ၁၄ လက်မ |
| ကလေး | ၁ ဒသမ | ၁၁ လက်မ |
| မာန်အောင် | ၁ ဒသမ | ၀၂ လက်မ |
| မိုင်းဆတ် | ၀ ဒသမ | ၈၇ လက်မ |
| ထီးလင်း | ၀ ဒသမ | ၇၃ လက်မ |
| မြစ်ကြီးနား | ၀ ဒသမ | ၆၇ လက်မ |
| လှည်းကူး | ၀ ဒသမ | ၆၇ လက်မ |
| ကျောက်ဖြူ | ၀ ဒသမ | ၄၈ လက်မ |
| ဟုမ္မလင်း | ၀ ဒသမ | ၄၃ လက်မ |

(မိုး/ဇလ)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ဝန်ထမ်းလောက၏ ကိုယ်ကျင့်ကောင်းမွန်ရေး

နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ပြည်သူတို့၏အသံကို နားထောင်ကြည့်လျှင် "လာဘ်ပေးလာဘ်ယူမှု"၊ "အကျင့်ပျက်ခြစားမှု"၊ "အဂတိ လိုက်စားမှု"ဆိုသောအသံများက အကျယ်လောင်ဆုံးဖြစ်လိမ့်မည်။ အဓိက အချက်မှာမူ ဝန်ထမ်းလောကအတွင်းမှ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပျက်ပြားမှုကို ဆိုလိုခြင်းဖြစ်သည်။ ကျင့်ဝတ်ပျက်ပြားခြင်းဆိုသည်မှာ ရာထူးနှင့် လုပ်ပိုင်ခွင့်တို့ကိုအကြောင်းပြု၍ကိုယ်ကျိုးရှာရာမှ ချမှတ်ထားသော ကျင့်ဝတ်စည်းကမ်းတို့ကိုကျူးလွန်ဖောက်ဖျက်ကြခြင်း ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် မိမိတို့ကိုယ်တိုင် ရွေးချယ်ခဲ့ပြီးနောက် ဝန်ထမ်းဘဝရောက်ရှိခဲ့ပြီဆိုလျှင် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည်။

"တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရမည်။

"တရားသဖြင့်ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာခြင်းကိုရှောင်ကြဉ်ရမည်"ဟူသော အချက်တို့မှာ ဝန်ထမ်းကျင့်ဝတ်များထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားသောကျင့်ဝတ်များဖြစ်ကြသည်။

ပြောင်းလဲချိန်တန်ပြီဟူသော ကြွေးကြော်သံဆောင်ပုဒ်နှင့်အတူ အစိုးရသစ်က နိုင်ငံနှင့်ပြည်သူတို့၏တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ဝန်ထမ်းလောက၏ ရောဂါဆိုးသဖွယ်အမြစ်တွယ်နေသော အကျင့်ပျက်မှုများကို ဖယ်ရှားရှင်းလင်းရန်ကြိုးပမ်းခဲ့သည်ကို ပြည်သူများအားလုံး သိရှိကြပြီးဖြစ်သည်။ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုအကြောင်း ပြောကြဆိုကြပြီဆိုလျှင် နိုင်ငံ့ဝန်ထမ်းများ၏လစာကို လက်ညှိုးထိုးလေ့ရှိကြသည်။ ဝန်ထမ်းများ၏လစာလောက်ငဖူလုံမှုမရှိခြင်းကြောင့် အကျင့်ပျက်မှုများဖြစ်ပေါ်လာရကြောင်း အကြောင်းပြလိုကြခြင်း ဖြစ်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ လွန်ခဲ့သည့် ငါးနှစ်က အဆင့် ၁၂၀ ရှိရာမှ လက်ရှိအခြေအနေတွင် အဆင့် ၇၂ သို့လျှော့ချနိုင်ခဲ့သည့် မွန်ဂိုလီးယားနိုင်ငံ၏အဂတိလိုက်စားမှုတိုက်ဖျက်ရေး အတွေ့အကြုံကို မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ်အယ်လ်ဘတ်ခ်ဒေါ့ဂ်ျက ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဇွန် ၁၆ ရက်က မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ရှင်းလင်းပြောကြားရာတွင် "အဂတိတိုက်ဖျက်ရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ကြောင်း၊ မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံသာ ရင်ဆိုင်နေရသည့်ပြဿနာ မဟုတ်ကြောင်း၊ အဂတိတိုက်ဖျက် ရေးကိုဆောင်ရွက်နိုင်ရန် နေ့စဉ်နှင့်အမျှစိတ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲနေရန် လိုအပ်ကြောင်း"ထည့်သွင်းပြောကြားခဲ့သည်။ အထူးသဖြင့် တာဝန်ရှိသူအဆင့်ဆင့်၏ စိတ်ဓာတ်ရေးရာကို ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ အလေးပေးပြောကြားခဲ့ခြင်း ဖြစ်သည်။

တစ်ဖန်စင်ကာပူသမ္မတနိုင်ငံ၏ ဝန်ထမ်းများအကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးတွင် တိကျရှင်းလင်းသည့် စနစ်၊ ခိုင်မာပြတ်သားသည့် အရေးယူမှုများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ဝန်ထမ်းများအတွက် လုံလောက်သည့် လစာကို ပေးခြင်းဖြင့် အကျင့်ပျက်မှုလျော့ကျစေခဲ့ကြောင်း သိရသည်။

စိတ်ဓာတ်ရေးရာ ပြုပြင်ပြောင်းလဲရေးဟုဆိုရာတွင် တိုက်တွန်းမှုသက်သက်မျှဖြင့် ပြီးမြောက်နိုင်မည်မဟုတ်ပါ။ အကျင့်ပျက်မှုကို ရှုံ့မုန်းလာစေရန်၊ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများကို အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်မှုအပေါ်တွင် ဝမ်းမြောက်ဂုဏ်ယူလာနိုင်စေရန် ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးပေးခြင်းဖြင့် ပြောင်းလဲယူရမည်ဖြစ်သည်။ ဝန်ထမ်းထုအတွင်း မှန်ကန်သောအတွေးအခေါ်များရရှိလာအောင် ပြုစုပျိုးထောင်ခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ဆောင်ရွက်ပေးမှုသည် မွန်မြတ်သည်ဟူသော အသိစိတ်ဓာတ်ပျံ့နှံ့စေခြင်း၊ ဝန်ထမ်း၏ ကာယ၊ ဉာဏ၊ ဝီရိယအလိုက် အကျိုးခံစားခွင့်ပြုခြင်း၊ တန်ဖိုးထားမှုနှုန်းစံအသစ်များ ဖော်ထုတ်ပေးခြင်း၊ ဝန်ထမ်းများ၏စိတ်ဓာတ်များ နိုးကြားတက်ကြွလာစေရန်နှိုးဆော်ခြင်း စသည့်နည်းလမ်းများကိုလည်း ကျင့်သုံးဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။




## ကျောင်းကျန်းမာရေး ရက်သတ္တပတ် ပျဉ်းမနားမြို့တွင် ဆောင်ရွက်

ပျဉ်းမနား ဇွန် ၂၀

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ထက်၊ လယ်၊ မူကျောင်းများအား ကျောင်းကျန်းမာရေး သန့်ရှင်းရေးနှင့် ဖွံ့ဖြိုးရေး ရက်သတ္တပတ်လူထုလှုပ်ရှားမှုကို ဇွန် ၂၀ ရက်မှ ၂၄ရက် အထိ သတ်မှတ်ထားရာ ပျဉ်းမနားမြို့နယ် သစ်လေးလုံး အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဒေသခံပြည်သူ စုစုပေါင်း၁၃၀၀တို့က ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

## တိုင်းရင်းသားများအား အခမဲ့ကွင်းဆင်းဆေးကုသ

တာချီလိတ် ဇွန် ၂၀

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇွန် ၁၈ ရက် ကျိုင်းလပ်မြို့ ပြည်သူ့ဆေးရုံ၌ ဖျားနာလူနာ ၁၂၆ ဦး၊ ကလေးလူနာ ၂၃ ဦး၊ မျက်စိ၊ နား၊ နှာခေါင်းလူနာ ၃၇ ဦး၊ သွားနာ ၁၄ဦး၊ အရိုးအကြောလူနာ ၂၉ဦးနှင့်အထွေထွေရောဂါ ၃၈ ဦးစုစုပေါင်း ၂၆၇ ဦးကို အခမဲ့ဆေးဝါးကုသပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မိုင်းပါလျှိုကျေးရွာအုပ်စု နမ့်ကိုင်းအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကလေးလူနာ ၁၃ ဦး၊ သွားနာ ခြောက်ဦး၊ မျက်စိနာ ၃၁ ဦး၊ အရိုးအကြော ငါးဦးနှင့်အထွေထွေရောဂါ ၁၀၁ ဦး စုစုပေါင်း ၁၅၆ ဦးတို့အား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

## ပုသိမ်ဆိပ်ကမ်း၌အပန်းဖြေအနားယူသူများ လျှပ်စစ်အန္တရာယ်စိုးရိမ်နေရ

ထင်သာမြင်သာပြုပြင်စရာ



ပုသိမ်မြို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပ ကမ္ဘာလှည့် ခရီးသွားများဝင်ထွက်သွားလာမှုအများဆုံးမြို့ဖြစ်သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်တစ်ခွင်သန့်ရှင်းသာယာလှပရေး၊ ပြည်သူများ စိတ်လက်ကြည်သာ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာရေး လေ့ကျင့်ခန်းယူရန် ရည်ရွယ်၍ ပုသိမ်ဆိပ်ကမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့ရှုခင်းသာရင်ပြင်တို့၌ ရောင်စုံအလှအပ မီးဆိုင်းမီးတွဲများ ရေပေါ် ရေအောက် ဆက်သွယ်ထွန်းညှိထားမှုကို မသမာသူတို့က ဝိုင်းဖွဲ့သောက်စားမူးယစ်ပြီး လျှပ်စစ် မီးကြိုး/မီးခလုတ်၊ ဘုတ်ခုံ၊ မီးသီး၊ မီးတွဲများ ဖျက်ဆီးမှုကြောင့် ပြည်သူများ အပန်းမဖြေနိုင်ဘဲ မိုးထဲ ရေထဲ နေ့ နေ့ညညလျှပ်စစ်အန္တရာယ် စိုးရိမ်နေရကြောင်း သိရသည်။

ပုသိမ်-လုကြည်

## ဆောမြို့နယ်၌ အမျိုးသမီးများနေ့အထိမ်းအမှတ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

ဆော ဇွန် ၂၀

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဂန့်ဂေါခရိုင် ဆောမြို့နယ် မင်းလယ်ရွာ ဘုရားကုန်းအနီးတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀ ကျော်ကို ဇွန် ၁၉ ရက်က စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မင်းလယ်ကျေးရွာနေ ပြည်သူများ ၂၅၀ ကျော်တို့က စုပေါင်း ပါဝင် ဆင်နွှဲကြပြီး ပါဝင်ဆင်နွှဲကြသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၁၀၁)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၀-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၄၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၁.၄၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၅၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❊ ရှေ့ဖုံးမှ

အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ကိစ္စ၊ စီးပွားရေး၊ လူမှုရေး၊ အခွင့်အရေးများဆိုင်ရာကိစ္စ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံမှ ပါဝင်ရန်ကျန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိက စာချုပ်များသို့ ဝင်ရောက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

မစ္စယန်ဟီလီသည် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းရန် ၂၀၁၄ ခုနှစ် ဇွန်လက စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလနှင့် ဩဂုတ်လများအတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ရာ ယခုခရီးစဉ်သည် စတုတ္ထအကြိမ်ဖြစ်သကဲ့သို့ အစိုးရသစ်စတင်တာဝန်ယူစဉ် ပထမဆုံးအကြိမ် လာရောက်သည့်ခရီးစဉ်လည်း ဖြစ်သည်။

ယခုခရီးစဉ်သည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့် အစီရင်ခံစာပြုစုရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် မွေးနေ့ကိတ်နှင့် စားသောက်ဖွယ်ရာများ ကျွေးမွေး

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၉ ရက်တွင် ပြည့်မြောက်ခဲ့သည့် (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက လွှတ်တော်ရုံးနှင့် သမ္မတရုံးများအတွင်း စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၎င်း၏(၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် လွှတ်တော်ဝင်းအတွင်းရှိ (I-12)အဆောင်၌ လွှတ်တော်များမှ ဝန်ထမ်းများအား မွေးနေ့ကိတ်နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော် သမ္မတရုံးရှိ သန့်ရှင်းရေးဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် အောက်ခြေဝန်ထမ်းများ အပါအဝင် အမှုထမ်း၊ အရာထမ်းများအားလုံးကို မွေးနေ့ကိတ်မုန့်အား လည်းကောင်း မျှဝေကျွေးမွေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတရုံးနှင့် လွှတ်တော်ရုံးများမှ ဝန်ထမ်းများကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏အကျိုးကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်သစ်သို့ ဦးဆောင်လျှောက်လှမ်းနိုင်ပါစေကြောင်း မေတ္တာပို့သ၍ ဆုမွန်ကောင်းတောင်းခဲ့ကြကြောင်း သိရသည်။
**(သတင်းစဉ်)**



# စီအယ်လ်အမ်ဗွီတီ ဖိုရမ် ၂၀၁၆ (CLMVT Forum 2016) ကျင်းပ



**နေပြည်တော် ဇွန် ၂၀**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း (CLMVT - စီအယ်လ်အမ်ဗွီတီ ဖိုရမ် ၂၀၁၆)ကို “အောင်မြင်မှုများ မျှဝေခြင်း” ခေါင်းစဉ်ဖြင့် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Dusit Thani Hotel ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် စီအယ်လ်အမ်ဗွီတီဖိုရမ် (၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း)ပရာယုဒ် ချန်အိုချာက အဖွင့်အမှာစကား ပြောကြားပြီး ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အဆိုပါဖိုရမ်တွင် CLMVT ၏ အလားအလာများအပေါ် ကမ္ဘာလုံးဆိုင်ရာအမြင် (Global Perspective on CLMVT Potentials)၊ ချောမွေ့သည့် ဒေသတစ်ခုကို ဖန်တီးခြင်း (Creating a Single, Seamless Region)၊ ဒေသတွင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ (Cross Border Trade and Investment for Seamless CLMVT)၊ ရင်းနှီးမြှုပ်နှံမှုတွင် CLMVT ၏အခွင့်အလမ်းများနှင့်ပတ်သက်၍ အားသာချက်များအား မြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်ခြင်း (CLMVT opportunities in Investment: Enhancing our strengths and joining the global value chain) စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ဆွေးနွေးပြောကြားရာတွင် CLMVT နိုင်ငံများအနေဖြင့် ညီအစ်ကို မောင်နှမများ ဖြစ်၍ အတူပူးပေါင်းဆောင်ရွက်ပါက ပိုမိုအောင်မြင်မည် ဖြစ်ကြောင်း၊ CLMVT နိုင်ငံများ ပူးပေါင်းပြီး နိုင်ငံတစ်နိုင်ငံတည်းအသွင် ဖြစ်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် ကုန်ပစ္စည်းအမျိုးအစားအများအပြား ရောင်းဝယ်သည်ထက် ကုန်ပစ္စည်းအရည်အသွေးကို ရောင်းဝယ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ကုန်ထုတ်လုပ်မှုနှင့် ကုန်ပစ္စည်းများကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ မိတ်ဖက်နိုင်ငံများအနေဖြင့် အခွင့်အလမ်းများ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံပိုင် ကုန်ထုတ်စက်ရုံများရှိနေသော်လည်း ကောင်းစွာထုတ်လုပ်နိုင်ခြင်း မရှိသေးကြောင်း၊ ယင်းတို့ကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းအမျိုးအစားများစွာရှိကြောင်း၊ မိမိတို့အနေဖြင့် ဂေဟစနစ်များ မပျက်စီးအောင် စိုက်ပျိုးသည့် နည်းလမ်းများ ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အချို့ ပျက်စီးနေမှုများရှိသော်လည်း ရှိနေသည့် သဘာဝပတ်ဝန်းကျင်ကို အခြေတည်ကာ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများစွာလည်း ရှိနေကြောင်း၊ ကဏ္ဍများ ပိုမိုတိုးတက်လာစေရန် ကာကွယ်မှုထက် ထောက်ပံ့ပေးမှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့် ဦးတည်ချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးအတွက် မှန်ကန်သောလမ်းကြောင်းကို ရွေးချယ်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး မွန်းလွဲပိုင်းတွင် ကောင်းမွန်သော စီးပွားရေးဝန်းကျင်နှင့် နေထိုင်မှုတစ်ခုဖန်တီးခြင်း (Creating a Vibrant Business Environment and Good Living) နှင့်စပ်လျဉ်း၍လည်းကောင်း၊ CLMVT တွင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံအား ထောက်ပံ့ပေးခြင်း (Supporting Digital Infrastructure in CLMVT) နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးစီးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃၇/၂၀၁၆) ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်း၌ သံတမန်ရေးရာနှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ၊ စေ့စပ်ညှိနှိုင်းမှုပညာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာညီလာခံများ ကျင်းပခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပညာရပ်များ၊ စီးပွားရေးဆိုင်ရာဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ သင်ကြားပို့ချပေးမည့် အငြိမ်းစားသံအမတ်ကြီးများ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**



**ပြည်မြို့နယ် ဝက်ထီးကန်နယ်မြေရှိ အောင်မင်္ဂလာကမ္ဘာအေး ကရဝိက်ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ဓမ္မစကူးကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်ဖောင်ဒေးရှင်း သဲဖြည့်ခြင်းတို့ကို ဇွန် ၁၈ ရက်က အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီးဒုရဲမှူးကြီး မောင်ဝင်းနှင့် သင်တန်းတပ်ခွဲများမှ ဦးစီးအရာရှိများ၊ သင်တန်းမှူးများနှင့် တပ်ဖွဲ့ဝင်များ ရှင်းလင်းစဉ်**
(ခရိုင် ပြန်/ဆက်)

# မိုးအားလျော့နည်းနေမည်

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးအားလျော့နည်းနေမည်။
**(မိုး/ဇလ)**

# မီဒီယာသည် မဏ္ဍိုင်ကြီး(၃)ရပ်ကိုစောင့်ကြည့်ထောက်ပြပြီး စတုတ္ထမဏ္ဍိုင်ပီသစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်

**နေပြည်တော် ဇွန် ၂၀**

အစိုးရအနေဖြင့် မီဒီယာများမှတစ်ဆင့် အများပြည်သူကို အသိပေးနိုင်ခြင်းဖြင့် ပိုမိုအကျိုးကျေးဇူးရှိနိုင်ပြီး နိုင်ငံ၏ပုံရိပ်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေး ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် အများပြည်သူနှင့် ဆက်ဆံရန် မလွဲမသွေလိုအပ်သဖြင့် မီဒီယာများနှင့် ဆက်ဆံရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ မီဒီယာသည် မဏ္ဍိုင်ကြီး(၃)ရပ်ကို စောင့်ကြည့်ထောက်ပြပြီး စတုတ္ထမဏ္ဍိုင်ပီသစေရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် ယုံကြည်မှုပိုမိုရရှိစေရန်၊ စိတ်ဓာတ်နှင့် အရည်အသွေးပိုင်း အလေ့အကျင့်ပိုမိုရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။




ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများသည် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံသည့်အလုပ်ကို ပုံမှန်အလုပ်ကဲ့သို့ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်းနှင့် ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းသည် ယင်းအတွက် ကြိုတင်ပြင်ဆင်သည့် လေ့ကျင့်ခန်းဖြစ်သည့်အတွက် အလေးအနက်ထား လိုက်ပါဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သင်တန်းနှင့် စပ်လျဉ်းသည့် ခြုံငုံသုံးသပ်ချက်၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာရေးသားဖော်ပြခြင်းနှင့် သတင်းထုတ်ပြန်ခြင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု စသည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအခြေစိုက် ယူနက်စကိုနှင့် အီးယူအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများနှင့် မီဒီယာဆက်ဆံရေး၊ ပဋိပက္ခသတင်းဆိုင်ရာများ စီမံခန့်ခွဲမှု၊ မီဒီယာများနှင့် တွေ့ဆုံမေးမြန်းရာတွင် လက်ကိုင်ထားရမည့်အချက်များ၊ သတင်းစာရှင်းလင်းပွဲကျင်းပခြင်း စသည့် အကြောင်းအရာများကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူ ၄၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အလှူငွေပေးအပ်

**ဟားခါး ဇွန် ၂၀**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ချင်းပြည်နယ်အတွင်း သက်ဆိုင်ရာဒေသများအလိုက် သဘာဝဘေးအန္တရာယ် ကျရောက်လာလျှင် အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲက ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် ဖောင်ဒေးရှင်းကိုယ်စား ကမ္ဘောဇ အင်ဂျင်နီယာဌာနမှ ဦးရဲသွေးဦးက နိုင်ငံအနှံ့ ရေဘေးဒုက္ခ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့စဉ်ကာလအတွင်း ဖောင်ဒေးရှင်းအနေဖြင့် ကူညီကယ်ဆယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခက်ခဲပင်ပန်းစွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားခဲ့သည့် နေရာဒေသများဖြစ်သည့် ဟားခါးမြို့နှင့် ဖလမ်းမြို့များကို ကမ္ဘောဇဘဏ်ဥက္ကဋ္ဌကြီးနှင့် ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့ ကိုယ်တိုင်လာရောက်ပြီး စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ အခြားအသုံးအဆောင်များ ပို့ဆောင်ကူညီပေးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းရခြင်းမှာလည်း ယခင်နှစ် မြန်မာနိုင်ငံအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသည့် အချို့ဒေသများကို ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရသဖြင့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုအရ သက်ဆိုင်ရာနေရာဒေသအလိုက် အများပြည်သူအတွက် ကယ်ဆယ်ရေး၊ ကူညီရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ထံ ပေးအပ်လှူဒါန်းပြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့် ယခင်နှစ်က ချင်းပြည်နယ် ရေကြီး၊ မြေပြိုသည့် ဖြစ်စဉ်တွင် ဦးဆုံး လာရောက်ကူညီပေးခဲ့ကြောင်း၊ လှူဒါန်းမှုတွင်လည်း အများဆုံး လှူဒါန်းခဲ့ကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားနိုင် ရန် လာရောက်လှူဒါန်းပေးသဖြင့် ချင်းပြည်နယ် ပြည်သူများ၏ကိုယ်စား၊ ပြည်နယ်အစိုးရ၏ကိုယ်စား အထူးကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် နိုင်ငံနှင့်အဝန်း သဘာဝဘေးအန္တရာယ် ကျရောက်သည့် အခါတိုင်း ငွေအား၊ လူအားတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၁၇ ရက်ကလည်း ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး**



# ရွှေဈေးမြင့်တက်မှုကြောင့် ဝယ်ယူမှုထက် ပြန်ရောင်းသူများပြား

**ရန်ကုန် ဇွန် ၂၀**

မြန်မာ့ရွှေဈေးကွက်တွင် ရွှေတစ်ကျပ်သားတန်ဖိုး စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် ရွှေကိုဝယ်ယူမှုထက် ပြန်ရောင်းသူများသာ များပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"လက်ရှိ ရွှေဈေးမြင့်တက်မှုအရ ရွှေကိုဝယ်ယူမှုထက် ပြန်ရောင်းသူများပြားနေပါတယ်။ တစ်လောက ဈေးတက်တော့ ပြန်ရောင်းကြပါတယ်။ ငွေကျပ်သိန်းပေါင်း လေးသောင်းဖိုးလောက် ပြန်ဝယ်ရပါတယ်။ ကိုယ်ရောင်းထားတာက ငါးသိန်းဈေး၊ ခြောက်သိန်းဈေးနဲ့ ရောင်းခဲ့ပေမယ့် နှစ်တွေကလည်း ကြာပြီဖြစ်တော့ ပေါက်ဈေးအတိုင်း ဝယ်ရပါတယ်။ ဒီအချိန်မှာ များများရောင်းထားတဲ့ ရွှေဆိုင်တွေက များများပြန်ဝယ်ကြရပါတယ်" ဟု ရန်ကုန်မြို့ ရွှေဘုံသာလမ်း အောင်သမာဓိရွှေဆိုင်မှ ရွှေလုပ်ငန်းရှင် ဦးအောင်ဆန်းဝင်းက ပြောသည်။

လက်ရှိ မြန်မာ့ရွှေဈေးကွက်တွင် ကမ္ဘာ့ရွှေဈေးနှင့် တိုက်ရိုက်ချိတ်ဆက်



ရွှေထည်အရောင်းအဝယ်ပြုလုပ်နေသူများကို တွေ့ရစဉ်

လာမှုကြောင့် ကမ္ဘာ့ရွှေဈေးအတက်အကျအပေါ် မူတည်၍ မြန်မာ့ရွှေဈေးမှာလည်း အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိ မြန်မာ့ရွှေဈေးကွက်တွင် ငွေကျပ်ရှစ်သိန်းအထက် ဈေးရှိနေသည်။ ဇွန် ၂၀ ရက်က ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၅ ရှိပြီး မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သား ငွေကျပ် ၈၀၇၅၀၀ ဈေးရှိနေသည်။

မြန်မာ့ရွှေဈေးကွက်သည် အိမ်ခြံမြေဈေးကွက်နှင့် ကားဈေးကွက်တို့နှင့်လည်း ချိတ်ဆက်နေကြောင်း၊ အိမ်ခြံမြေဝယ်ပြီး မြတ်သောငွေများကို ရွှေပြန်ဝယ်ကြကြောင်း၊ ကားရောင်းရငွေကိုလည်း ရွှေဝယ်သူများကြောင်း၊ ယခုအခါ အိမ်ခြံမြေဈေးက အေးနေသည့်အပြင် ကားမှာလည်း ဝယ်ယူထားပြီး အမြတ်မရှိဘဲ အရှုံးသာရှိ၍ အိမ်ခြံမြေနှင့် ကားအပေါ် အမြတ်မရှိတော့သဖြင့် ရွှေဝယ်ယူမှုများ လျော့ကျခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ရွှေဈေးကွက်တွင် ရွှေဈေး စံချိန်တင်မြင့်တက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာမှုကြောင့်လည်းကောင်း၊ ရွှေဝယ်ယူနိုင်သည့် စီးပွားရေးအခွင့်အလမ်း နည်းပါးလာမှုကြောင့်လည်းကောင်း ရွှေဈေးကွက်တွင် စိတ်ဝင်စားမှုအားနည်းနေကြောင်း သိရသည်။

သို့သော်လည်း ရွှေလုပ်ငန်းရှင်များက ရွှေဈေးကွက် ပြန်လည်ကောင်းမွန်လာရေးအတွက် အရည်အသွေးမီ ရွှေထည်များထုတ်လုပ်ခြင်း၊ အလျော့တွက်လက်ခများလျှော့ချခြင်း၊ ကံစမ်းမဲများဖွင့်လှစ်ခြင်း စသည်ဖြင့် ရွှေဈေးကွက် ပြန်လည်ကောင်းမွန်လာရေး ကြိုးပမ်းလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ့ဂီတနေ့အကြိုဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

**လက်ပံတန်း ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီက မြန်မာ့ဂီတနေ့ အကြိုဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရာ အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့်ဖွင့်လှစ်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးလေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က မြန်မာ့ဂီတနေ့အကြောင်းကို ဟောပြောသည်။

ထို့နောက် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအေးသန့်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြပြီး တာဝန်ရှိသူများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် အစည်းအရုံးဝင်ပညာ ထူးချွန်သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ကြကြောင်း သိရသည်။

အဆိုပါ အကြိုဂုဏ်ပြုပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(ဝ၅၃)

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

❍ *ကျောဖုံးမှ*

ကမ္ဘာ့စီးပွားရေးတိုးတက်မှုမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း၊ ယင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးနှေးကွေးလာမှု၊ ကုန်စည်ဈေးနှုန်းများကျဆင်းလာမှု၊ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအားပျော့လာမှု၊ အရင်းအနှီး စီးဆင်းမှုနှေးကွေးသွားမှုတို့ကြောင့်ဖြစ်ကြောင်း၊ ထွန်းသစ်စဈေးကွက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်တင်ပို့မှုများသည် ရေနံဈေးနှုန်းကျဆင်းလာမှုကြောင့် ရုန်းကန်နေရသည့် အနေအထားသို့ရောက်ရှိလာကြောင်း၊ တိုးတက်မှုနှေးကွေးနေသော ကမ္ဘာ့စီးပွားရေး အခြေအနေ၊ စီးပွားရေးမူဝါဒထိန်းညှိမှုဆောင်ရွက်ချက်များကြောင့် ကမ္ဘာ့နိုင်ငံများ အနေဖြင့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံကို ပြုပြင်ပြောင်းလဲရန် အရေးတကြီး လိုအပ်လာကြောင်း။

ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင်း စီးပွားရေးအင်အားကြီးနိုင်ငံများ၏စီးပွားရေးသည်လည်း နှေးကွေးလာကြောင်း၊ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းမှုအလျင်အမြန်မြင့်မားလာရန် အရေးကြီးကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန် ပေါင်းစည်းနိုင်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် ကုန်သွယ်မှုအချိုးမှာ ၃၀ ရာခိုင်နှုန်းခန့်အထိ ရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအချက်အချာကျမှုကို အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးချနိုင်ရန် ကုန်သွယ်မှုကဏ္ဍ မြင့်မားလာရေးမှာ အထူးပင်အရေးကြီးနေကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်သွယ်မှုအခြေအနေမှာ တိုက်ရိုက်ဆက်စပ်နေကြောင်း၊ ယခုအစီရင်ခံစာသည် မိမိတို့အစိုးရအတွက် များစွာအထောက်အကူဖြစ်စေနိုင်မည့် အစီရင်ခံစာဖြစ်ကြောင်း၊ အစီရင်ခံစာပါ အားနည်းချက်များကို ပြင်ဆင်ပြီး အကြံပြုချက်များ၊ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များ လုပ်ငန်းစဉ်များကို မိမိတို့အစိုးရပိုင်းက အလေးထားပြီး စဉ်းစားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုဆိုင်ရာဘက်စုံလေ့လာဆန်းစစ်မှု အစီရင်ခံစာ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏အားနည်းချက်များ၊ အားသာချက်များကိုသုံးသပ်ထားပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှုအခန်းကဏ္ဍ မြှင့်တင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုနိုင်ရေးအတွက်ဖြစ်ကြောင်း၊ ယခုအစီရင်ခံစာကို ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ကဏ္ဍမှ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်မှပညာရှင်များက အပြီးသတ် ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

ကုန်သွယ်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး ကုန်သွယ်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏အားနည်းချက်၊ အားသာချက်များသိရှိမှသာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတနှင့် စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်များ၊ လုပ်သားအင်အားများ၊ မဟာဗျူဟာတည်နေရာအနေအထားတို့အရ အားသာချက်ရှိပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းအနေအထားရ ကမ္ဘာ့လူဦးရေ ၄၀ ရာခိုင်နှုန်း၏ဗဟိုချက်တွင် တည်ရှိသည့်အတွက် ဈေးကွက်ကြီးတစ်ခုကိုလည်း ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ လူ့အရင်းအမြစ်များ၊ အရည်အသွေးစစ်ဆေးရေးနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများတွင် စွမ်းဆောင်ရည်များမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အမှုဆောင်အတွင်းရေးမှူး Dr. Ratnakar Adhikari၊ ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Abdoulaye Seck၊ ဥရောပနှင့် ထိုင်းနိုင်ငံဆိုင်ရာ လေ့လာရေးအဖွဲ့စီးပွားရေးနှင့်ကုန်သွယ်ရေးဌာနအကြီးအကဲ Mr. Philipp Dupuis တို့က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂမှတာဝန်ရှိသူများက အစီရင်ခံစာအပေါ် ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်းနှင့် မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အလားတူ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားရွက်လှေပြိုင်ပွဲနှင့် အိုလံပစ်နေ့အထိမ်းအမှတ်ရွက်လှေပြိုင်ပွဲကို ရန်ကုန်မြို့အင်းလျားကန် ရန်ကုန်ရွက်လှေအသင်း၌ Optimist Open၊ Rater၊ Sharpie A.B၊ Sup၊ Widsurfing Class အသင်းလိုက်ပြိုင်ပွဲများတွင် အမျိုးသား၊ အမျိုးသမီး အားကစားသမား ၇၀ တို့က ယှဉ်ပြိုင်ခဲ့ကြရာ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အသင်းလိုက် တံခွန်စိုက်ရရှိသူများကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဦးနိုင်ငံလင်းတို့က ဆုများချီးမြှင့်ကြသည်။ အလေးမပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ အမျိုးသား၊ အမျိုးသမီးအလွတ်တန်းနှင့် ကီလိုတန်းအလိုက်ပြိုင်ပွဲများကို လည်းကောင်း၊ တင်းနစ်၊ ဘိုးလင်းစသည့် အားကစားပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

**သဘာဝပတ်ဝန်းကျင် စိမ်းလန်းဖို့ စုပေါင်းသစ်ပင် စိုက်ကြစို့**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် အဆိုပြုလွှာများခေါ်ယူ

**နေပြည်တော် ဇွန် ၂၀**

“မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၆ ” ကို မြန်မာ- ဂျပန်အသင်းက တတိယအကြိမ်အဖြစ် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ချစ်ခင်ရင်းနှီးမှုကို ကျောင်းသားလူငယ်ချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်၊ ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကိုရွေးချယ်ပြီး နိုင်ငံတော်ကိုယ်စား၊ မိဘပြည်သူများကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် “ မြန်မာ-ဂျပန် အသင်း၏ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် (MJA Outstanding Students Award Japan Exchange Visit) ” ကို တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘက်စုံထူးချွန်သည့် ကျောင်းသားကျောင်းသူ ၂၀ စီအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက် လေ့လာရေးခရီးစဉ်ကို ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များက စီစဉ်ဆောင်ရွက်ခဲ့သည်။

ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူအချို့နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ဂျပန်ဘာသာ အဓိကသင်ကြားနေသူများမှ ထူးချွန်ကျောင်းသား ကျောင်းသူအချို့ကို ရွေးချယ်ပေါင်းစပ်ဖွဲ့စည်းပြီး ဂျပန်နိုင်ငံသို့ ခုနစ်ညအိပ် ရှစ်ရက် လေ့လာရေးခရီးစဉ်ကို ယခုနှစ် အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်သည်။

ယခုနှစ်အတွက် အဆိုပြုလွှာများကို ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦးနှင့် YUFL သတ်မှတ်အတန်းများမှ ပဏာမအဆင့် ရွေးချယ်မှုတွင် အောင်မြင်သူ ၆၀ စုပေါင်း ၁၁၀ ဦး တင်သွင်းခွင့်ရရှိမည်ဖြစ်သည်။

အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်း CENTRAL TOWER အမှတ်(၇၉-၈၁) ပထမထပ် အခန်း (၁၀၂) အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅ သို့ ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်း၊ မြန်မာ-ဂျပန်အသင်းရုံးသို့ ဇူလိုင် ၁၈ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည် ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဒေါက်တာဌေးလွင်၊ အသင်းအတွင်းရေးမှူး ဖုန်း ၀၉-၂၆၂၇၇၂၇၀၅ နှင့် ဦးနေဝင်းထက် ရုံးအဖွဲ့ ဖုန်း ၀၉-၄၂၁၁၆၂၃၃၁ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လျှင်လှုပ်ခတ်မှုဖြစ်စဉ်များအား ခန့်မှန်းသိရှိနိုင်ရန် လျှင်တိုင်းစက် ၆၅ လုံး တပ်ဆင်မည်



လျှင်တိုင်းစက်များ လိုက်လံတပ်ဆင်နေစဉ်

**မန္တလေး ဇွန် ၂၀**

အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် လျှင်လှုပ်ခတ်မှုဖြစ်စဉ်များအား ခန့်မှန်းသိရှိနိုင်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် လျှင်တိုင်းစက် ၆၅လုံး တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ-မြန်မာနယ်စပ်မှ စတင်၍ ချင်းပြည်နယ်၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လျှင်တိုင်းစက်များ တပ်ဆင်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် မေလအထိ တစ်နှစ်စီမံကိန်းအဖြစ် လိုက်လံတပ်ဆင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ လျှင်ကော်မတီအတွင်းရေးမှူး ဒေါက်တာမျိုးသန့်(မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာန တွဲဖက်ပါမောက္ခ) က ပြောသည်။

“အိန္ဒိယမြေထုအလွှာကနေ မြန်မာမြေထုအလွှာရဲ့အောက် ငုပ်လျှိုးနေတဲ့ ဖြစ်စဉ်တွေကိုလေ့လာပြီး မြေအောက်အနေအထားတွေကို ခန့်မှန်းမှာပါ။ မိုးတွင်းအထိ ၄၃ လုံးတပ်ဆင်ပါမယ်။ ဆောင်းတွင်းမှာ ၂၂လုံး ထပ်ပြီး တပ်ဆင်မယ်။ လောလောဆယ်မှာတော့ ဒီလမှာပဲ မုံရွာ၊ ဂန့်ဂေါ၊ ကလေးနဲ့ မန္တလေးအရှေ့ဘက်ခြမ်းနေရာ ဒေသတွေမှာသုံးဖွဲ့ခွဲပြီး တပ်ဆင်နေပါတယ်။ စီမံကိန်းကာလတစ်နှစ်အတွင်းမှာ လုံလောက်တဲ့ အချက်အလက်မရသေးရင် ထပ်တိုးလုပ်ဆောင်မယ်”ဟု ၎င်းက ဆိုသည်။

ထိုသို့တပ်ဆင်ပြီးပါက မြန်မာနိုင်ငံအနောက်ဘက်ခြမ်းရှိ လျှင်လှုပ်ခတ်နိုင်မှု အလားအလာ၊ အနာဂတ်တွင် လှုပ်ခတ်လာနိုင်မည့် လျှင်အခြေအနေများ၊ လှုပ်ခတ်မည့်နေရာနှင့် အချိန်စသည့် အချက်အလက်များအား သုတေသနရလဒ်တစ်ခုအဖြစ် ရရှိလိမ့်မည်ဟုမျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

“အစိုးရရဲ့ခွင့်ပြုချက်နဲ့ လိုက်လံတပ်ဆင်တာပါ။ အဓိကကတော့ လူတွေလှုပ်ရှားမှုမရှိတဲ့နေရာတွေမှာ အဓိကထားတပ်မယ်။ များသောအားဖြင့် ဘုန်းကြီးကျောင်းတွေမှာ ခွင့်တောင်းပြီး တပ်ဆင်ပါတယ်။ တချို့ရွာတွေမှာတော့ လူနေအိမ်တွေကို ခွင့်တောင်းပြီး တပ်ဆင်ပါတယ်။

စက်ကနေတစ်ဆင့် လျှင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေရမယ်ဆိုရင် မြန်မာနိုင်ငံ လျှင်အန္တရာယ်ပြမြေပုံတွေဆွဲတဲ့အခါ ပိုပြီးပြည့်စုံတဲ့အပြင် ပြင်ဆင်မှုတွေလည်းလုပ်လာနိုင်မယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ လျှင်တိုင်းစက်တပ်ဆင်မှု စီမံကိန်းကို ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာန၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံလျှင်ကော်မတီနှင့် Institute of Geology and Geophysics Chinese Academy of Science အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# တီးတိန်မြို့၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

**တီးတိန် ဇွန် ၂၀**

ချင်းပြည်နယ် တီးတိန်မြို့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁) နှစ်ပြည့် မွေးနေ့အကြိုအဖြစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ NGO နှင့် INGO စသည့် လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ချယ်ရီပင် ၂၀၊ ထင်းရှူးပင် ၂၀၀၊ ငုစပ် ၁၀ ပင်နှင့် ရေသင်းဝင် ပင် ၂၀ စုစုပေါင်း ပြည်သူအကျိုးပြု အပင် ၂၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**နေစု(ချင်းရိုးမ)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ဘီလင်း ဇွန် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(သထုံ) သည် ဇွန် ၁၈ ရက် နံနက်က ဘီးလင်းမြို့နယ် အောင်ဇေယျခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဒေါ်လှလှကြူ (ခရိုင်ဦးစီးမှူး)၊ ဦးမြင့်ခိုင် (စစ်ဆေးရေးမှူး-၃) နှင့် ဝန်ထမ်းအဖွဲ့က ယာဉ်မတော်တဆ ဖြစ်ပွားရသည့်အကြောင်းရင်းနှင့် ယာဉ်မတော်တဆမဖြစ်ပွားစေရေး၊ ယာဉ်တိုက်ခိုက်မှုလျော့နည်းစေရေး၊ ယာဉ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မော်တော်ယာဉ်ဥပဒေပါ တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ငြိမ်းချမ်းပြေငြိမ်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြင်းခြံ၊ ပင်းပက်နှင့်မြန်မာ့အနာဂတ်သံမဏိကဏ္ဍ

**ဦးကြည်သာ (ဂွ)**

**တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်နဲ့တည်ဆောက်နေတဲ့ မြန်မာနိုင်ငံမှာ သံနှင့်သံမဏိကဏ္ဍဟာ အထူးအရေးပါလှပါတယ်။ ၂၀၁၀-၂၀၁၁ မှ ၂၀၁၄-၂၀၁၅ ထိ ငါးနှစ်တာ ကာလအတွင်း သံနှင့်သံမဏိ တစ်နှစ်တန်ချိန်နှစ်သန်းခန့်တင်သွင်းနေရတယ်လို့သိရပြီး လာမည့်နှစ်အနည်းအငယ်အတွင်း နှစ်စဉ် သံမဏိတန်ချိန်ငါးသန်းခန့်တင်သွင်းရဖွယ်ရှိကြောင်းသိရပါတယ်။**

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်ကစပြီး အိန္ဒိယ၊ တူရကီ၊ မက္ကဆီကိုနဲ့ ဘရာဇီးအပါအဝင် ဖွံ့ဖြိုးစနိုင်ငံအများစုဟာ စီးပွားရေးအမှီအခိုကင်းစေဖို့ တစ်နှစ်သံနှင့်သံမဏိတန်ချိန် တစ်သန်းထိထုတ်လုပ်နိုင်တဲ့ သံနှင့်သံမဏိစက်ရုံများတည်ဆောက်ရေးကိုကြိုးပမ်းလာကြပေမယ့် နည်းပညာ၊ စီမံခန့်ခွဲမှု၊ ထုတ်လုပ်မှုပမာဏနဲ့ဘဏ္ဍာငွေမလုံလောက်မှုစတဲ့ အခက်အခဲတွေကြောင့် ထင်သလောက်ခရီးမရောက်ခဲ့ကြပါဘူး။

မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးရပြီးစ ပြည်တော်သာ စီမံကိန်းဆောင်ရွက်တဲ့အခါ ဂျပန်စစ်လျော်ကြေးငွေကို အသုံးပြုပြီး အင်းစိန်ရွာမမှာ သံမဏိစက်ရုံတစ်ခုတည်ဆောက်နိုင်ခဲ့ပါတယ်။ သံတိုသံစများကိုပြန်လည်ကျိုချက်ပြီး တစ်နှစ်သံနှင့်သံမဏိတန်ချိန်သုံးသောင်းခန့် ထုတ်လုပ်နိုင်တာမို့ ထိုစဉ်က ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာတော့ ၁၉၈၁ ခုနှစ်မှာ ပြင်ဦးလွင်သံမဏိစက်ရုံကို တည်ဆောက်ခဲ့ပါတယ်။ ဒေသထွက်သံရိုင်းကို အသုံးပြုပြီး သံပွ၊ သံစိမ်း၊ သံချောင်းနှင့် သံမဏိဘောလုံးများစတာတွေထုတ်တဲ့စက်ရုံပါ။ ပြည်တွင်းလိုအပ်တဲ့ သံနဲ့သံမဏိ တစ်နှစ်တန်ချိန်တစ်သောင်းခန့်ပဲ ထုတ်ပေးနိုင်ခဲ့ပါတယ်။

တပ်မတော်အစိုးရလက်ထက်မှာတော့မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC ကနေပြီး မြင်းခြံနှင့်တောင်ကြီးမြို့အနီးကပင်းပက်မှာသံမဏိစီမံကိန်းနှစ်ခုကိုစတင်ထူထောင်ခဲ့ကြပါတယ်။

မြင်းခြံသံမဏိစက်ရုံစီမံကိန်းကို ၂၀၀၅ ခုနှစ်မေလ ၁၆ ရက်နေ့မှစတင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် မတ်လ ၂၁ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အီတလီနိုင်ငံ Danieli C.Sp.Aနှင့် စာချုပ်ချုပ်ခဲ့တာပါ။ စာချုပ်တန်ဖိုးကယူရို ၁၂၈ ဒသမ ၅ သန်းရှိတယ်။ ဆောက်လုပ်ရေးမှာ သုံးတဲ့သံချောင်း၊ သံပြားစတာ တွေလုပ်ဖို့ အဓိကကုန်ကြမ်းဖြစ်တဲ့ Steel Billets နဲ့ Steel Slabs နှစ်စဉ်တန်ချိန် နှစ်သိန်းထုတ်လုပ်ဖို့ ဒီဇိုင်းလုပ်ထားတဲ့ စက်ရုံကြီးပါပဲ။ ဒါပေမယ့်ပြီးခဲ့တဲ့ ငါးနှစ်အထိကာလမှာတော့ အများဆုံး တစ်နှစ်သံမဏိတန်ချိန် သုံးသောင်းလောက်ပဲ လက်တွေ့ထုတ်နိုင်ခဲ့တာ တွေ့ရပါတယ်။

မြင်းခြံသံမဏိစက်ရုံကအဓိကတစ်နှစ်သံမဏိတန်ချိန် နှစ်သိန်းထုတ်နိုင်အောင် ကုန်ကြမ်းတွေလိုပါတယ်။ လောလောဆယ် တောင်ကြီးပင်းပက်က ကုန်ကြမ်းတွေမရခင် သံတိုသံစမျိုးစုံ (Scraps) ပြင်ပကဝယ်ရသလောက်ရှာဝယ်ရပြီး သက်တမ်းလွန်မော်တော်ယာဉ် ၂၉ , ၆၁၂ စီးကရတဲ့ သံတိုသံစ ၃၂ , ၁၂၃ တန်ခန့်ကိုသာကုန်ကြမ်းအဖြစ် အသုံးပြုနေရကြောင်း သိရပါတယ်။

တစ်ဆက်တည်း MEC က မြင်းခြံသံမဏိစက်ရုံနှင့် တစ်ပြိုင်တည်းအကောင်အထည်ဖော်ခဲ့တဲ့ ပင်းပက်သံမဏိစက်ရုံအကြောင်းတင်ပြလိုပါတယ်။ ပင်းပက်သံမဏိစက်ရုံဟာ တောင်ကြီးမြို့ကနေ ရှစ်မိုင်ခန့်အကွာမှာတည်ရှိပြီး ဘူမိဗေဒ တိုင်းတာချက်တွေအရ သံရိုင်းပါဝင်မှု ၅၆ ဒသမ ၄ ရာခိုင်နှုန်းပါဝင်တဲ့ Hematite သံရိုင်း ၁၀ ဒသမ ၇ သန်း နှင့် သံရိုင်းပါဝင်မှု ၄၂ ဒသမ ၆ ရာခိုင်နှုန်းပါဝင်တဲ့ Lemonite သံရိုင်း ၅၉ ဒသမ ၃ သန်းစုစုပေါင်း သံရိုင်းပမာဏတန်ချိန် သန်း ၇၀ထွက်နိုင်တဲ့ သံရိုင်းမိုင်းရဲ့အနားမှာကပ်ပြီး တည်ဆောက်ထားပါတယ်။ တခြားနိုင်ငံကသံရိုင်းတွေလို သံပါဝင်မှုရာခိုင်နှုန်းမများတော့ ရုရှားနိုင်ငံမှ စမ်းသပ်တီထွင်ထားတဲ့ Romelt Process ထုတ်လုပ်မှုစနစ်နဲ့သာ ထုတ်လုပ်နိုင်မှာမို့ ရုရှားနိုင်ငံက ကုမ္ပဏီတစ်ခုနှင့် ၂၀၀၄ ခုနှစ်ကပဲ စာချုပ်ချုပ်ထားတာပါ။ စာချုပ်တန်ဖိုးကတော့ ယူရိုသန်း ၁၃၇ ဒသမ ၅၀ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဒီဇိုင်းလုပ်ထားတာက တစ်နှစ်သံရိုင်း Pig Iron တန်ချိန်နှစ်သိန်းထုတ်လုပ်ပေးရမှာဖြစ်ပါတယ်။ ဒီသံရိုင်းတန်ချိန် နှစ်သိန်းကိုမြင်းခြံသံမဏိစက်ရုံကို အလျှင်မီပို့ပေးနိုင်မှသာ မြင်းခြံစက်ရုံကလည်း သံမဏိကုန်ကြမ်း Billets နှင့် Slab တွေကို တန်ချိန်နှစ်သိန်းထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ပင်းပက်စက်ရုံရဲ့ အဓိကအခက်အခဲက သံရိုင်း Pig Iron ထုတ်လုပ်ဖို့လိုအပ်တဲ့ကျောက်မီးသွေးကို ပင်းပက်ကမိုင် ၁၅၀ကျော် ကျေးသီးမြို့အနီးရှိ ဝမ်ဟုတ်ကျောက်မီးသွေးမိုင်းက ကျောက်မီးသွေး တစ်နှစ်တန်ချိန်ငါးသိန်းတစ်ရက် တန်ချိန် ၁၆၀၀ ခန့်သယ်ပေးရမယ့်ပို့ဆောင်ရေးပြဿနာနှင့် ပင်းပက်ကသံရိုင်းတန်ချိန် တစ်နှစ်နှစ်သိန်းခန့် မြင်းခြံကို ဘယ်လိုသယ်ပို့မယ်ဆိုတဲ့ လက်တွေ့ကျတဲ့ပြဿနာပါပဲ။ ဒီကိစ္စတွေကို ပထမအကြိမ်လွှတ်တော်မှာသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေက ပြေလည်အောင်လုပ်ပေးနိုင်ပါတယ်လို့ ကတိကဝတ်တွေပြုသွားကြပေမယ့်တကယ်ကောအဆင်ပြေပါ့မလား ဆိုတဲ့ ပြဿနာပါ။ ဒါ့အပြင်ရုရှားတွေပြောတဲ့ Romelt Process အပေါ်မှာလည်း ရာခိုင်နှုန်းပြည့် အောင်မြင်နိုင်မှုရှိ၊ မရှိသက်သေမပြနိုင်သေးပါဘူး။ နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်ရဲ့ရုရှားနိုင်ငံခရီးစဉ်မှာတော့ ရုရှားက တာဝန်ရှိသူတွေကမြန်မာနိုင်ငံရှိ သံမဏိစက်ရုံစီမံကိန်းကို ကူညီမယ့်အကြောင်း အမှတ်တရပြောခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်ခဲ့တဲ့

## မြင်းခြံသံမဏိစက်ရုံက အဓိကတစ်နှစ်သံမဏိတန်ချိန်နှစ်သိန်း ထုတ်နိုင်အောင် ကုန်ကြမ်းတွေလိုပါတယ်။ လောလောဆယ် တောင်ကြီးပင်းပက်က ကုန်ကြမ်းတွေမရခင် သံတိုသံစမျိုးစုံ (Scraps) ပြင်ပကဝယ်ရသလောက်ရှာဝယ်ရပြီး သက်တမ်းလွန်မော်တော်ယာဉ် ၂၉ , ၆၁၂ စီးကရတဲ့ သံတိုသံစ ၃၂ , ၁၂၃ တန်ခန့်ကိုသာကုန်ကြမ်းအဖြစ် အသုံးပြုနေ

မြင်းခြံသံမဏိစက်ရုံဟာ ပထမအဆင့်ပဲရှိပါသေးတယ်၊ MEC က ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလမှာပထမအဆင့်က ထွက်တဲ့ သံမဏိ ကုန်ကြမ်းတွေကိုအသုံးပြုပြီး အဆင့်မြင့်သံမဏိတွေ ထုတ်လုပ်မယ့် ယူရိုသန်း ၅၇၀ ကုန်ကျမယ့် ဒုတိယအဆင့် Phase 2နဲ့ အိမ်မိုးသွပ်ပြား၊ အလူဇင့်အမိုးပြားစတာတွေထုတ်မယ့် ယူရို ၄၅ သန်းကုန်ကျမယ့် Phase 2.A အပြင်မီးရထားသံလမ်းနှင့် သံမဏိပိုက်အစရှိတဲ့ အဆင့်မြင့် သံမဏိပစ္စည်းတွေထုတ်လုပ်မယ့် ယူရိုသန်း ၅၀၂ သန်းကုန်ကျမယ့် Phase 3စီမံကိန်းများကိုပါ တစ်ဆက်တည်း စာချုပ်ချုပ်ဆိုခဲ့ပါသေးတယ်။

ဒါပေမယ့် MEC ရဲ့ သံမဏိစီမံကိန်းတွေကိုနိုင်ငံတော်သမ္မတရဲ့ ပြည်ထောင်စုလွှတ်တော်သို့ ၃-၉-၂၀၁၂ရက်နေ့က ပေးပို့ခဲ့တဲ့ သဝဏ်လွှာအရနိုင်ငံတော်မှသာလွှဲပြောင်းဆောင်ရွက်သင့်တဲ့ စီမံကိန်းများအဖြစ်ပြောင်းလဲတာဝန်ယူရေး ကိစ္စကို ပြည်ထောင်စုလွှတ်တော်ကလည်း ၇-၉-၂၀၁၂ရက်နေ့က အတည်ပြုပေးခဲ့တာမို့ မြင်းခြံနှင့်ပင်းပက်သံမဏိစီမံကိန်းများဟာ ၂၀၁၂ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့ကစပြီး စက်မှုဝန်ကြီးဌာနရဲ့လက်အောက်သို့ ရောက်ရှိလာပါတော့တယ်။

ဒီနေရာမှာ တောင်ကိုရီးယားသမ္မတပတ်ချုံဟီး (Park Chaung-hee)ရဲ့ ၁၉၆၇ မှ ၁၉၇၁ ခုနှစ်ဒုတိယငါးနှစ်စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းကာလအတွင်းမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ပိုဟန်သံနှင့်သံမဏိစက်ရုံ (Pohang Iron & Steel Factory)အကြောင်းတင်ပြလိုပါတယ်။ ကိုရီးယားတွေက ၁၉၆၇ ခုနှစ် အောက်တိုဘာလမှာ တန်ချိန်ခြောက်သိန်းထုတ်လုပ်မယ့် သံမဏိစက်ရုံစီမံကိန်းတစ်ခုကိုရေးဆွဲခဲ့ကြပါတယ်။ ဒီစီမံကိန်းမစမီအောက်တိုဘာလထဲမှာပဲ ကိုရီးယားအပြည်ပြည်ဆိုင်ရာသံမဏိအသင်းကြီး (Korea International Steel Association –KISA)ကို ဖွဲ့စည်းခဲ့တယ်။ အမေရိကန်၊ ဗြိတိန်၊အနောက်ဂျာမနီနှင့် အီတလီတို့ပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ ပြင်သစ်နိုင်ငံကပါဝင်ပါခဲ့တယ်။ KISA နှင့် ကိုရီးယားအစိုးရအကြားသံမဏိစီမံကိန်းဆောင်ရွက်ဖို့ သဘောတူညီမှုရရှိပြီးတဲ့နောက် KISA ဟာကမ္ဘာ့ဘဏ် အမေရိကန်အခြေစိုက် Export-Import Bank (EXIM-Bank) အပြင်ဗြိတိန်၊ အနောက်ဂျာမနီ၊ အီတလီ၊ ပြင်သစ်စတဲ့ ငွေချေးပေးနိုင်တဲ့အဖွဲ့အစည်းများနဲ့ ဆွေးနွေးခဲ့ကြပေမယ့်ရလဒ်ကတော့ သိပ်မကောင်းခဲ့ပါဘူး။

အဲ့ဒီအချိန်မှာ ကမ္ဘာ့ဘဏ်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ သံနှင့်သံမဏိစက်ရုံတည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေထုတ်ချေးဖို့စိတ်မပါခဲ့တဲ့အပြင် KISA ကလည်းငွေကြေးအကူအညီ မရနိုင်တာမို့ ကိုရီးယားအစိုးရအနေနဲ့အခက်ကြုံခဲ့ရပါတယ်။

ဒီတော့ ဂျပန်ဘက်ကို ဦးလှည့်ပြီးကြိုးစားဖို့ပဲရှိတော့တယ်။ ဒါနဲ့ ၁၉၆၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကိုရီးယားနဲ့ဂျပန်ဝန်ကြီးအဆင့် အစည်းအဝေးလုပ်ခဲ့ကြပါတယ်။ ကိုရီးယားကိုယ်စားလှယ်အဖွဲ့က သံမဏိစက်ရုံတည်ဆောက်ရေးကို ဂျပန်နဲ့ပူးပေါင်းဆောင်ရွက်ဖို့ အသေးစိတ်တင်ပြခဲ့ပေမယ့် နောက်ဆုံး ဂျပန်အစိုးရက ကိုရီးယားရဲ့ ကိုယ်ပိုင်စက်ရုံတည်ဆောက်ရေးကိုပယ်ချခဲ့ပါတယ်။ အခြေခံအဆောက်အအုံများအပါအဝင် ရင်းနှီးမြှုပ်နှံမှု ငွေအမြောက်အမြားကုန်ကျပြီး စီးပွားရေးတွက်ခြေမကိုက်တာကြောင့် ဂျပန်ကထုတ်တဲ့ သံမဏိကိုဝယ်ယူသုံးစွဲခြင်းက ပိုမိုအကျိုးရှိမှာဖြစ်ကြောင်းရှင်းပြပါတယ်။ ကမ္ဘာတစ်ဝန်းမှာ သံမဏိတန်ချိန် ၈ သန်း မှ ၁၀ သန်းအထိထုတ်လုပ်နိုင်တဲ့စက်ရုံတွေတည်ဆောက်နေချိန်မှာ ကိုရီးယားရဲ့တန်ချိန်ခြောက်သိန်းစက်ရုံက တွက်ခြေမကိုက်ပါဘူး။ အနည်းဆုံးသံမဏိတန်ချိန်တစ်သန်းလောက်ထုတ်နိုင်မှသာ စီးပွားရေးတွက်ခြေကိုက်မယ့်သဘောပါ။

နောက်ဆုံး ကိုရီးယားတွေက ပြည်တွင်းသုံးစွဲမှုကပင် တန်ချိန်တစ်သန်းရှိတာမို့ တန်ချိန်တစ်သန်းထုတ်လုပ်မယ့် စက်ရုံတည်ဆောက်ဖို့ ပြောင်းလဲဆုံးဖြတ်ခဲ့ရပြီး လိုအပ်တဲ့ငွေကြေးရရှိဖို့ ဂျပန်နှင့်အကြိမ်ကြိမ်ဆွေးနွေးခဲ့ရာနောက်ဆုံးတော့ ပိုဟန် (Pohang) မြို့မှာ သံမဏိစက်ရုံတည်ဆောက်ဖို့ကိစ္စကို ကိုရီးယားနဲ့ ဂျပန်တို့ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလမှာ နားလည်မှုသဝဏ်လွှာလက်မှတ် ရေးထိုးနိုင်ခဲ့ကြပါတော့တယ်။

အဲဒီသဘောတူချက်များမှာ ကုန်ကျစရိတ်တွေကိုစစ်လျော်ကြေးမှ သုံးစွဲရန်ဆိုတဲ့အချက်ပါဝင်တယ်၊ ဂျပန်စစ်လျော်ကြေးပေးအပ်တဲ့ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကိုကူညီထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကို အတိုးနှုန်းသက်သာတဲ့ ချေးငွေအဖြစ်လည်းကောင်း၊ နောက်ထပ်အမေရိကန်ဒေါ်လာသန်း ၃၀၀ သို့မဟုတ် ထိုထက် ပိုများသောငွေများကို ကူးသန်းရောင်းဝယ်ရေးချေးငွေအဖြစ်ထပ်မံပံ့ပိုးပေးရန်ဟုပါရှိပါတယ်။

နောက်ဆုံးစုစုပေါင်းချေးငွေအမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၀၅၈ သန်းနှင့် ပိုဟန်မြို့အနီးမှာ တစ်နှစ်ထုတ်လုပ်မှုစွမ်းအား သံမဏိ ၁,၀၃၀,၀၀၀ တန်ထုတ်လုပ်မယ့်သံမဏိစက်ရုံကို ပိုဟန်သံနှင့်သံမဏိကုမ္ပဏီ (Pohang Iron & Steel Company POSCO) မှ တာဝန်ယူပြီးဆောင်ရွက်ခွင့်ရရှိခဲ့ရာ ၁၉၇၀ ပြည့်နှစ်မှာစပြီး ၁၉၇၃ ခုနှစ်မှာပြီးမြောက်ခဲ့ပါတော့တယ်။

စီမံကိန်းလျာထားချက်ထက်စောပြီးခြင်း၊ လျာထားသတ်မှတ်ချက်ပမာဏထက် ပိုမိုထုတ်နိုင်ခြင်းစတဲ့ အောင်မြင်မှုများကြောင့် တစ်နှစ်ထက်တစ်နှစ်ထုတ်လုပ်မှုတိုးပွားခဲ့ရာ ၁၉၈၁ ခုနှစ်ရောက်တော့ တစ်နှစ်တန်ချိန် ၈ ဒသမ ၅သန်းအထိ ထုတ်လုပ်နိုင်ခဲ့တာမို့ ကမ္ဘာ့သံမဏိထုတ်လုပ်တဲ့စက်ရုံများထဲ ပဉ္စမနေရာအဆင့်ထိရောက်ရှိခဲ့ကြောင်းသိရှိရပါတယ်။

ဒီနေရာမှာ MEC ထံကလွှဲပြောင်းလက်ခံရယူခဲ့တဲ့ မြင်းခြံနှင့် ပင်းပက်သံမဏိစက်ရုံတွေ အောင်မြင်ဖို့အတွက်ကတော့ စိန်ခေါ်မှုတွေ တစ်ပြုံတစ်ခေါင်းကြီးပါပဲ။ ထုတ်လုပ်မှုပမာဏ ဒီထက်ထပ်တိုးဖို့ကလည်း ပင်းပက်ကထွက်မယ့် သံရိုင်းပမာဏနှင့် တည်နေရာအနေအထားများကြောင့် မဖြစ်နိုင်ပါ၊ လက်ရှိအနေအထားမှာ ပင်းပက်စက်ရုံကစတင်စမ်းသပ်လည်ပတ်မှုကလည်း မလုပ်နိုင်သေးတော့ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာမသေချာသေးပါဘူး။ ပင်းပက်မအောင်မြင်ရင် မြင်းခြံလည်း မအောင်မြင်နိုင်ပါဘူး။ မြင်းခြံစက်ရုံ အဆင့်(၁)မှအဆင့်(၃) အထိစုစုပေါင်းနိုင်ငံခြားငွေ ယူရိုသန်း ၁၂၄၅ ဒသမ ၅၀၊ ပင်းပက်စက်ရုံမှ ယူရို ၁၃၇ ဒသမ ၅ သန်းနှင့် စုစုပေါင်းယူရို ၁၃၈၃ သန်းကျခံသုံးစွဲပြီးပါပြီ၊ ဒါတောင် ဒီကုန်ကျငွေတွေထဲမှာ ပြည်တွင်းမှာသုံးစွဲတဲ့ ကုန်ကျငွေတွေ မပါရှိသေးပါဘူး။ ဒီစီမံကိန်းတွေဟာ အီတလီနဲ့ရုရှားနိုင်ငံက နည်းပညာတွေနဲ့ ဆောင်ရွက်ပေမယ့် လိုအပ်တဲ့ငွေကြေးကိုတော့တရုတ်နိုင်ငံ ဖွံ့ဖြိုးရေးဘဏ် (China Development Bank-CDB) က အတိုးနဲ့ချေးယူခဲ့ရပါတယ်။ ချေးငွေတွေ ပြန်ဆပ်ဖို့အရေးလည်း လုပ်ငန်းမအောင်မြင်ရင် အခက်ပါ။

ဒီနေ့ကမ္ဘာ့သံမဏိလောကမှာ တရုတ်နိုင်ငံရဲ့ သံမဏိထုတ်လုပ်မှုဟာ လိုအပ်တာထက် များစွာပိုမိုနေတာကြောင့် ကမ္ဘာ့သံမဏိဈေးကွက်ပျက်လာပါတယ်။ ပြဿနာတွေ တက်လာပါတယ်။ အိန္ဒိယနိုင်ငံ TATA ကုမ္ပဏီရဲ့အင်္ဂလန်မှာရှိတဲ့ သံမဏိစက်ရုံတွေ အရှုံးပေါ်လာတာမို့ ရပ်ပစ်ဖို့ စီစဉ်နေရပြီ။ အမေရိကန်နိုင်ငံကတရုတ်သံမဏိတွေကို အကောက်ခွန်တိုးမြှင့်ကောက်ခံမည့်အကြောင်း ပြောလာရတဲ့အထိဖြစ်လာပြီး နောက်ဆုံးယခုဇွန် ၆ ရက်မှာ တရုတ်-အမေရိကန် ကုန်သွယ်မှုအဖွဲ့အတွင်းရေးမှူး ဂျက်လျူ (Jack Law) က တရုတ်နိုင်ငံကိုသွားပြီး ဖိအားပေးနေရတဲ့အထိပါ၊ ဒီလိုဖြစ်ရလောက်အောင်လည်း တရုတ်သံမဏိ ထုတ်ကုန်ပမာဏဟာ ကမ္ဘာ့ဈေးကွက်ရဲ့၅၀ ရာခိုင်နှုန်းကျော်ကိုလွှမ်းမိုးထားတာမို့ ကမ္ဘာ့ထိပ်သီး သံမဏိထုတ်လုပ်သူ ဖြစ်နေလို့ပါပဲ။

ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံရဲ့သံနှင့် သံမဏိလောကရှင်သန်ရပ်တည်ဖို့ မလွယ်ပါဘူး။ မြင်းခြံက ထွက်တဲ့ သံမဏိကုန်ကြမ်းတွေကို MEC ပိုင် စက်ရုံတွေမှာ သံချောင်း၊ သံလုံး၊ သံပြားများ ထုတ်လုပ်မှုကုန်ကျစရိတ်က ပင်ဒေါ်လာ ၅၀၀ ကျော်နေချိန်မှာ တရုတ်ကသံချောင်းတွေ မြန်မာနိုင်ငံအရောက်တစ်တန် ဒေါ်လာ ၄၀၀ခန့်သာ ရှိတာမို့ ဘယ်လိုမှဈေးကွက် မယှဉ်နိုင်တာကတော့ရှင်းနေပါပြီ။ ကိုရီးယားသံမဏိကဏ္ဍ စတင်ထူထောင်စဉ်ကလို ကျားကုတ်ကျားခဲ အမျိုးသားရေးစိတ်ဓာတ်နဲ့ လုပ်ကိုင်ဖို့လိုသလို ထွက်ကုန်တည်နေရာ၊ စက်ရုံတည်နေရာစတဲ့ အခက်အခဲ စိန်ခေါ်မှုပေါင်းများစွာကို ကျော်လွှားနိုင်ဖို့ကလည်း သိပ်မလွယ်တဲ့ လုပ်ငန်းကြီးဖြစ်တာမို့ မြင်းခြံနှင့်ပင်းပက်က မြန်မာ့သံမဏိကဏ္ဍအနာဂတ်ဟာ ရင်လေးစရာသာ ဖြစ်ပါကြောင်း။

# နယုန်လပြည့် မဟာသမယနေ့ အခမ်းအနားကျင်းပ



အလားတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ နယုန်လပြည့်နေ့(မဟာသမယနေ့) အခမ်းအနားကို ဂေါပကအဖွဲ့ဝင်များ၊ အသင်းသားများဖြင့် စေတီတော် ဝတ်အသင်းသူ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သတင်း - ကိုကိုဇော်**

**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

**ရန်ကုန် ဇွန် ၂၀**

နယုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက ကမ္ဘာ့လူသားများအတွက်ပါ ငြိမ်းချမ်းရေးမှတ်တိုင်ကို စိုက်ထူနိုင်သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။ မြတ်စွာဘုရားသည် ထိုနေ့၌ ကပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း မဟာသမယသုတ် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ နယုန်လပြည့်နေ့၌ မဟာသမယအခါတော်နေ့ ကျင်းပရခြင်းဖြစ်သည်။ နယုန်လပြည့်နေ့သည် ရေလုပ်ပွဲကြီး ဆင်နွှဲကြသော တောင်သူလယ်သမားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းဝေး၍ ထူးခြားခြင်း၊ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် စစ်ခင်းတော့မည့် ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရသောနေ့ဖြစ်၍ ထူးခြားခြင်း၊ ဘုရားလက်ထက်တွင် နတ်ပြဟ္မာအသုရာနှင့် ဂဠုန်နဂါးများ၊ ရဟန်းတော်များ ဤတစ်ကြိမ်သာ စုရုံးသော နေ့ဖြစ်၍ ထူးခြားခြင်း၊ မင်းသားငါးရာ သာသနာ့ဘောင်သို့ ဝင်ရောက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊ ရဟန်းတော်ငါးရာလုံး ရဟန္တာချည်း ဖြစ်သောနေ့ဖြစ်၍ ထူးခြားခြင်း၊ နိမ္မိတဘုရားက မေး၍ ပကတိဘုရားက ဖြေဆိုသည်ကို နာရသောကြောင့် ထူးခြားခြင်း၊ မဟာသမယကို အကြောင်းပြု၍ ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း၊ မဟာသမယဆိုင်ရာ သုတ္တန် ခုနစ်မျိုးကို ဟောကြားတော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊ ဘိက္ခုနီသာသနာ့လမ်းစ ပေါ်သောနေ့ဖြစ်၍ ထူးခြားခြင်း စသည့် ထူးခြားချက်များနှင့် ပြည့်ဝသော နေ့ထူးနေ့မြတ် အခါသမယတစ်နေ့ဖြစ်သည်။

နယုန်လပြည့် မဟာသမယ အခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားပုထိုးစေတီ ကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာတရားများကို လုံ့လဥဿဟဖြင့် ဆည်းပူးအားထုတ်လေ့ရှိကြသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နယုန်လပြည့် မဟာသမယ အခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီမှ စတင်၍ စေတီတော် ရင်ပြင်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးတင်ဆက်ကပ်ကြပြီး ရောင်တော်ပွင့်တန်ဆောင်းတွင် သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ နယုန်လပြည့် မဟာသမယနေ့ ရေစက်ချ အခမ်းအနားကို ကျင်းပရာ အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးကျင်အောင်က အဖွင့်မင်္ဂလာစာတမ်း ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ အဘိဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တန်ဆောင်းမှစတင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကျူးသော အခမ်းအနား အဆောင်အယောင်များဖြင့် အုပ်စုနှစ်စုခွဲ၍ စေတီတော်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး **(ယာပုံ)** ရာဟုထောင့်ချမ်းသာကြီးတန်ဆောင်းတွင် မဟာသမယအခါတော်နေ့ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့သည်။

## နိုင်ငံတော်အစိုးရက ကျွန်မတို့နယ်စပ်ဒေသက တိုင်းရင်းသားတွေကို အလေးထားဂရုစိုက်တယ်ဆိုတာ သိရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိတယ်

**ပလောင်တိုင်းရင်းသူ ဒီဒီနိုင်နိုင်ကျော်**

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)ကာလ စီမံချက်ကို လုပ်ငန်းစဉ် ၉ ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းစဉ်များအနက် ဆဋ္ဌမလုပ်ငန်းစဉ်သည် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့များကို ဖိတ်ကြားခေါ်ယူ၍ နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ရက်(၁၀၀)ကာလ စီမံချက်ကို အခြားဌာနတွေနည်းတူ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ နယ်စပ်ဒေသက တိုင်းရင်းသားပြည်သူတွေ ပိုမိုပူးပေါင်းပါဝင်လာနိုင်ဖို့ ဒီလိုလေ့လာရေးခရီးစဉ်တွေ ဖိတ်ကြားခေါ်ယူရခြင်းဖြစ်ပါတယ်။ ဒီလိုလေ့လာရေးခရီးစဉ်ရဲ့ အကျိုးကျေးဇူးအဖြစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်လိုတဲ့စိတ်တွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အဲဒီလိုစိတ်တွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပေါင်းစပ်လိုက်မယ်၊ ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးဟာ အချိန်တိုကာလအတွင်းမှာ ပိုမိုအောင်မြင်လာမှာ ဖြစ်ပါတယ်"ဟု နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်က ပြောသည်။



**နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလေ့လာရေးအဖွဲ့များ ဖိတ်ကြားခေါ်ယူသည့် လေ့လာရေး ပထမအကြိမ်ခရီးစဉ်အဖြစ် ဓနု၊ ပလောင်၊ ကရင် တိုင်းရင်းသား စုစုပေါင်း ၇၀ သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)ရှိ မျိုးစေ့ဘဏ်၊ အော်ဂဲနစ်စိုက်ခင်းနှင့် ရေဆင်းဆည်တို့ကို ကြည့်ရှုလေ့လာကြပြီး လွှတ်တော်အဆောက်အအုံများနှင့် နေပြည်တော် ရေပန်းဥယျာဉ်တို့ကို လေ့လာကြသည်။

ကရင်ပြည်နယ် ဆုံဆည်းမြိုင်ဒေသမှ မန်းထွန်းမြင့်အောင်က "နယ်စပ်ဒေသက တိုင်းရင်းသားပြည်သူတွေကို ညီအစ်ကိုစိတ်ဓာတ်နဲ့ လေ့လာရေးဖိတ်ကြားလို့ ဝမ်းသာတယ်။ နေပြည်တော်ရောက်တော့ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ ယဉ်ကျေးမှုတွေဖလှယ်ရတာဟာ အလွန်စိတ်ကြည်နူးစရာကောင်းပါတယ်။ ခေတ်မီစိုက်ပျိုးစနစ်တွေ လေ့လာရတာဟာ ကျွန်တော့်အတွက် အလွန်ဝမ်းသာရပါတယ်။ လွှတ်တော်ကို လေ့လာရတာဟာလည်း ကျွန်တော့်အတွက် အလွန်ကျေနပ်စရာပါပဲ။ နောင်မျိုးဆက်သစ်တွေကို ဒီလိုနေရာတွေမှာ လေ့လာနိုင်အောင် ဆောင်ရွက်သွားပါမယ်"ဟု ၎င်းက ဆိုသည်။

"နေပြည်တော်ရောက်ရောက်ချင်း ဥပ္ပါတသန္တိစေတီတော်ကြီးကို ဖူးမြော်ရတာဟာ ကျွန်မကြည်နူးရပါတယ်။ နိုင်ငံတော်အစိုးရက ကျွန်မတို့နယ်စပ်ဒေသက တိုင်းရင်းသားတွေကို အလေးထားဂရုစိုက်တယ်ဆိုတာ သိရတဲ့အတွက် ဂုဏ်ယူဝမ်းသာမိတယ်၊ လွှတ်တော်ဟာ ပြည်သူတွေရဲ့အသံတွေကို အလေးအနက်နားထောင်နေတယ်ဆိုတာ သိရတဲ့အတွက်လည်း အလွန်ကျေနပ်မိပါတယ်"ဟု ပလောင်တိုင်းရင်းသူ ဒီဒီနိုင်နိုင်ကျော်က ပြောသည်။

အဆိုပါ လေ့လာရေးခရီးစဉ်သည် ဇွန် ၂၃ ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်ပြီး တပ်မတော်စစ်သမိုင်းပြတိုက်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဗုဒ္ဓဂယာ၊ တိုင်းရင်းသားကျေးရွာ၊ မြဝတီရုပ်မြင်သံကြား၊ အမျိုးသားပြတိုက်နှင့် နေပြည်တော်ပတ်ဝန်းကျင်ရှိ ထင်ရှားသည့်နေရာဒေသများသို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

**ဓာတ်ပုံ - သစ္စာမေတ္တာ**

## နေပြည်တော် တပ်ကုန်း သပြေချောင်းအလက(ခွဲ) ကျောင်းဟောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေရ



**တပ်ကုန်း ဇွန် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား ကျောင်းသူတချို့မှာ ပျက်စီးနေသော စာသင်ကျောင်းဆောင် တစ်ဆောင်အတွင်း စာသင်နေသည့် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရသဖြင့် စိုးရိမ်စိတ်များဖြစ်ပွားခဲ့မိသည်။

ထိုမြင်ကွင်းကို ရုတ်တရက်မြင်လိုက်သည်နှင့် ကျောင်းဆောင်အတွင်းသို့ ဝင်ရောက်ကြည့်မိရာ ကျောင်းမှာ သက်တမ်းကုန်ကာ ပျက်စီးနေပြီး နံရံတစ်ဖက်မှာ အတွင်းဘက်သို့ ကိုင်းညွတ်၍ ပြိုကျလုနီးပါးဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

"အရင်ကလည်း ကျောင်းနံရံအသေးစား နှစ်ကြိမ်ပြိုကျပြီးသွားပြီ။ ကလေးတွေတော့ ဘာမှမဖြစ်ခဲ့ဘူး။ အခုတစ်ကြိမ်ထပ်ပြိုမှာကို စိုးရိမ်မိတယ်။ ဒီကျောင်းဆောင်ကို ဖျက်ပေးပြီး ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်ပေးဖို့ မြို့နယ်တာဝန်ရှိသူတွေကို တင်ပြထားတာ လေး ငါးနှစ်လောက်ရှိပြီ။ အခုထိ ဘာမှ မထူးခြားတဲ့အတွက် ဒီလိုပဲဆက်ပြီး သင်ကြားနေရတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းကြည်က ပြောသည်။

အဆိုပါကျောင်းဆောင်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၀ ဝန်းကျင်ရှိပြီဖြစ်ကြောင်း၊ ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ မလုံလောက်သဖြင့် အန္တရာယ်များကြားမှ ထိုသို့ သင်ကြားနေခြင်းဖြစ်ကြောင်း၊ မိုးရာသီ လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရုတ်တရက် ပြိုကျမည်ကို စိုးရိမ်ရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ပေးရန်လိုအပ်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

**မောင်လွင်(တပ်ကုန်း)**

# အဝေးပြေးကုန်ကားဂိတ်ဝင်း မြေနေရာအတွက် ကုန်ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများဆွေးနွေးညှိနှိုင်း

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြို့တွင်း ကြုံတွေ့နေရဆဲဖြစ်သော ယာဉ်ပိတ်ဆို့မှုအတွက် အထောက်အကူပြုစေရန် အဝေးပြေးကုန်ကားဂိတ်ဝင်းတစ်ခု ဖွင့်လှစ်နိုင်ရေး မြေနေရာနှင့်ပတ်သက်၍ ဇွန်လ တတိယပတ်အတွင်းက ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများနှင့် ယင်းကားဂိတ် လုပ်ငန်း NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေ ပြီး သဘောထားနှင့် စစ်တမ်းများရယူမှု ရှိနေသည်။

ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း အဝေးပြေးကုန်ကားဂိတ် ၃၀၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင်း ယာဉ်အသွားအလာများပြားသော အလုံ၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဗိုလ်တထောင်စသည့် မြို့နယ်များအတွင်းရှိ ကားလမ်းဘေးများနှင့် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်အတွင်းတို့၌ အဝေးပြေးကုန်ကားဂိတ်လုပ်ငန်းများလုပ်ကိုင်နေဆဲဖြစ်သည်။ ရန်ကုန်မြို့တွင်းကားလမ်းအများစု လမ်းအရေအတွက် ၁၀၀ ကျော်တွင် ယာဉ်မရပ်ရသတိပေးလမ်းညွှန်များ စိုက်ထူထားသော်လည်း ကုန်တင်၊ ကုန်ချလုပ်ငန်းများ လုပ်ကိုင်သည်ကို မြင်တွေ့နေရသည်။

မေလနောက်ဆုံးပတ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများထံ ကုန်ကားဂိတ် NGO အဖွဲ့မှ ပုဂ္ဂိုလ်များ တွေ့ဆုံရှင်းလင်းတင်ပြမှုနှစ်ကြိမ်ရှိခဲ့ပြီး ယင်းတွေ့ဆုံမှုများမှ အမှတ်(၄)အဝေးပြေးကားလမ်းအနီး မြေဧက ၁၆၀ ရှိသော ဝါးတရာဆိပ်ကမ်း (ရွှေပြည်သာ)ရှိ မြေနေရာနှင့် မြေဧက ၁၂၀ ခန့်ရှိ စိတ်ကျန်းမာရေးဆေးရုံနှင့် အမှတ်(၂)အဝေးပြေးလမ်းမကြီးအနီးရှိ မြေနေရာတို့ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုရွေးချယ်ရန် ဆန္ဒပြုလိုသော မြေနေရာများသည် ပြုပြင်ထားခြင်းမရှိသေးသည့် မြေပြင်သက်သက်သာဖြစ်သည်။ အကွက်ရိုက်၊ လမ်းနှင့်လျှပ်စစ်မီးတိုင်များပါ လုပ်ဆောင်ထားသော လှိုင်သာယာ ဒဂုံ-ဗရာအဝေးပြေး ခရီးသည်တင်ယာဉ် ကားဝင်းဘေး ပွဲရုံဝင်းအသစ်ရှိ မြေကွက်အချို့ကို ၂၀၁၅ ခုနှစ်အတွင်း မြို့တော်စည်ပင်က ရောင်းချခဲ့သည်။ တစ်ကွက်လျှင် ငွေကျပ်သိန်း ၈၀၀ ဝန်းကျင်ဖြင့် အနည်းငယ်သာရောင်းချရ၍ မရောင်းရသေးသော အကွက်များကို အရစ်ကျငွေသွင်းစနစ်ဖြင့် ရောင်းချနေဆဲဖြစ်သည်ဟု သိရသည်။

သို့ဖြစ်၍ အဆိုပါပွဲရုံဝင်းအသစ်အတွင်း ဝယ်ယူထားသူများ အဆောက်အအုံ ဆောက်လုပ်ခြင်းမရှိသေးသည်ကို မြင်တွေ့ရသည်။ ယင်းပွဲရုံဝင်း၌ ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအသစ်တစ်ခုကိုပါ ယှဉ်တွဲမြင်တွေ့ရသည်။

ယခုရက်ပိုင်း မြင်တွေ့နေရသော မြေနေရာအတွက် ကုန်ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအပေါ် အိမ်ခြံမြေဈေးကွက် အနေအထား စောင့်ကြည့်လေ့လာနေသူများက မေးမြန်းလေ့လာမှုများ ရှိနေသည်ဟု ရိုးကြီးချောင်းပတ်လမ်းရှိ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဝေးပြေးကုန်ကားဂိတ်ဝင်း အကောင်အထည်ပေါ်လာလျှင် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျလာမည်ဖြစ်ပြီး အထူးသဖြင့် ဘုရင့်နောင်ပွဲရုံနှင့် ဆက်စပ်နယ်မြေများတွင် အကျိုးသက်ရောက်မှုများလာမည်ဟု ယင်းနယ်မြေနှင့်ဆက်စပ်လုပ်ကိုင်နေသူများက ပြောသည်။

**ခင်ဆိုင်**

# မန္တလေး၌ အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကျင်းပ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးကကြီးမှူး၍ ဒုတိယအကြိမ်မြောက် နိုင်ငံတကာယောဂနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁၉ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်နိုင်ငံတကာ အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးမြို့ အခြေစိုက်အိန္ဒိယကောင်စစ်ဝန်ချုပ် ဒေါက်တာ နန္ဒကုမာက နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာတစ်ဝန်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အစီအစဉ်ကို ဗီဒီယိုဖြင့်ပြသပြီး ယောဂပညာရှင်ဆရာ ဦးလှညွန့်နှင့်အဖွဲ့က ယောဂကျင့်စဉ် လက်တွေ့သရုပ်ပြကာ စုပေါင်းလက်တွေ့ပြုလုပ်ခဲ့သည်။

ယင်းနောက် ယောဂနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် အက်ဆေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူများ၊ ယောဂကျင့်စဉ်တွင် ပါဝင်ခဲ့သူများ၊ ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး အိန္ဒိယကောင်စစ်ဝန် Shri Vipin Sharma က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၀

**၂၀၁၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။**

**ဝတ္ထုတို** ပြိုင်ပွဲတွင် ဒေါ်မြမြစန်း(နန်းဧရာ) ၏ "ဖေဖေ မြန်မြန်ပြန်လာပါ" ဝတ္ထုတိုက ပထမ၊ ကိုစန်းလွင်(ထန်းတပင် စန်းလွင်) ၏ " စီးပွားကျန်းမာ လူမှုဘဝ မူးယစ်ရှောင်မှ လွန်လုပ" ဝတ္ထုတိုက ဒုတိယ၊ မအိဖြူစံ (ပန်းအိဖြူဖြူ) ၏ "ကြယ်ကြွေညရဲ့ အလင်းတစ်စ" ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်မြင့်မြင့်သန်း (မေကျော်-ပြန်/ဆက်) ၏ "မူးယစ်အန္တရာယ်ကာကွယ်ဖို့ တွဲလက်တွေမြဲမြံစို့"၊ ဦးအေးကြူ(မောင်ငြိမ်းမွန်-ချောင်းဦး)၏ "စွန်းထင်းသွားသော"၊ ဦးဇင်ပိုင်ဖြိုး(ကံမ)၏ "မူးယစ်အန္တရာယ် တားဆီးကာကွယ်"ဝတ္ထုတိုတို့က ဆုများအသီးသီးရရှိကြသည်။

**ဆောင်းပါး** ပြိုင်ပွဲတွင် ဦးအောင်သန်း (အောင်ခန့်ဖြိုးဝေ-တောင်ငူ) ၏ "မူးယစ်ကင်းစင်ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့" ဆောင်းပါးက ပထမ၊ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) ၏ "မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့" ဆောင်းပါးက ဒုတိယ၊ မလှိုင်းဇာလီသိမ့် (ပုသိမ်သူ)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့" ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်အုန်းမြင့် (နန္ဒာခင်-သက္ကလမြေ)၏ "တိုင်းပြည်တိုးတက် သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့"၊ ဦးဇော်လင်း (လင်းထက်-အင်းတော်ကြီး)၏ " လူ့ဘောင်လောကလှပဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့"၊ ဒေါ်လွင်လွင်သန်း (ပန်းသစ္စာ-ဥဿာမြေ)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့" ဆောင်းပါးတို့က ဆုများ အသီးသီးရရှိကြသည်။

**ကဗျာ** ပြိုင်ပွဲတွင် ဦးတင်မြင့် (ပုဏ္ဏဝတီတင့်နှောင်း)၏ "မူးယစ်ကင်းမှ လူ့လောကအလှဝေမည်သာ" ကဗျာက ပထမ၊ ဦးသိန်းမြင့် (မောင်သီတာ-အသုတ်)၏ "တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့" ကဗျာက ဒုတိယ၊ ဦးဖုန်းကျော် (မောင်ဘုန်းကြွယ်-အေးရွာ) ၏ "စီးပွားကျန်းမာ လူမှုဘဝမူးယစ်ရှောင်မှ အလွန်လှပ" ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမူမူအေး (အေးမြင့်အေး -တပ်ကုန်း) ၏ "ထုဆစ်ပုံဖော်ပဝင်းဖို့ မူးယစ်ဆန့်ကျင်ကြပါစို့"၊ ဦးစောလွင် (မဟူရာစောလွင်- ပခုက္ကူ)၏ " မြဲအစဉ် လွှဲကြဉ်မနှေး မူးယစ်ဆေးဝေးကြစေ"၊ ဦးမြင့်ငွေ (ကြိုင်ပျံ့ဦး-မောမြေမြင့်)၏ "လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း" ကဗျာတို့က ဆုများ အသီးသီးရရှိကြသည်။

**တေးသီချင်း** ပြိုင်ပွဲတွင် ဗိုလ်ကြီး ဉာဏ်ပိုင်စိုး(စစ်သူ)၏ "ကိုယ်တိုင်ရှောင်ကြဉ်ကာကွယ် မူးယစ်ဆေးအန္တရာယ်" တေးသီချင်းက ပထမ၊ ဦးသန်းကိုကိုထွန်း (ဂစ်တာကိုငယ်) ၏ "မူးယစ်အန္တရာယ်တို့ရန်စွယ် မျိုးချစ်စိတ်နဲ့ချေမှုန်းမယ်" တေးသီချင်းက ဒုတိယ၊ ဒေါ်ခင်မိုးထွေး (မိုးသူ-သုခမ) ၏ "အမိမြေ မူးယစ်ကင်းစင်စေ" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်ခင်စန္ဒီစိမ့် (အလင်္ကာမေ) ၏ "လူဖြစ်ကျိုးနပ်ဖို့ မူးယစ်ဆေးကို တားဆီးစို့"၊ ဦးထွန်းထွန်းလတ် (ဘခက်)၏ "ပန်းများပွင့်စေသား" နှင့် မမြင့်မြင့်စိုး (စိုးစိုး-မြန်မာစာ)၏ "တိုက်ဖျက်ကာကွယ် မူးယစ်အန္တရာယ်" တို့က ဆုများအသီးသီးရရှိကြသည်။

**ခာတ်ပုံ** ပြိုင်ပွဲတွင် ပြည်စိုးထွန်း(ပန်းချီ)က ပထမ၊ မင်းဇာနည်ဇော်က ဒုတိယ၊ အောင်ဆန်း (တောင်ကြီး)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် အေးလွင်ဦး(ရွှေပန်းချီ-ရမည်းသင်း)၊ ယမင်းဝင်းလှိုင်နှင့် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း) တို့က ဆုများအသီးသီး ရရှိကြသည်။

**ကွန်ပျူတာပိုစတာအလွတ်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ဝေယံ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဦးမောင်မောင်ကျော်ဝင်း ရန်ကုန်တိုင်းဒေသကြီးက ဒုတိယနှင့် မောင်ပိုင်စိုးထွန်း မန္တလေးတိုင်းဒေသကြီးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ဟိန်း ရန်ကုန်တိုင်းဒေသကြီး၊ မောင်အောင်နိုင်ဦး တနင်္သာရီတိုင်းဒေသကြီးနှင့် မနန်းဇူလိုင်ထွန်း ရှမ်းပြည်နယ် (ကျိုင်းတုံ)တို့က ဆုများအသီးသီးရရှိကြသည်။

**( ဆက်လက်ဖော်ပြပါမည်)**

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

**ရန်ကုန် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒသည် သက်တော် (၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါအရ ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၄ ရက်(၁၉-၆-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ဦးစီးပဓာနနာယက(အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တကဝိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ခေါသန္တိကျေးရွာ ခမည်းတော် ဦးဘိုးခ-မယ်တော် ဒေါ်ဖွားထယ်တို့မှ ၁၂၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၂ ခုနှစ်တွင် ပုလဲမြို့နယ် ခေါသန္တိကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၅ ခုနှစ်တွင် ခေါသန္တိကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဆင်ရှင်ရွာ ဆင်ရှင်ကျောင်းဆရာတော်ဘဒ္ဒန္တဣန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် ဦးထွန်းစိန်-ဒေါ်ဒေါ်တိုးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပုလဲမြို့နယ် ခေါသန္တိကျေးရွာ ခေါသန္တိကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ စံကျောင်းဆရာတော်၊ အောင်မြေရွှေဘုံဆရာတော်၊ ဘုရားကြီးတိုက်၊ ဘဒ္ဒန္တအရိယ၊ ဘဒ္ဒန္တသီလဝန္တ၊ ဘဒ္ဒန္တမေဓိယ၊ ရွှေရေးဆောင်ဆရာတော်၊ ဘဒ္ဒန္တပဏ္ဍဝစသော ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ခြင်း၊ စာချတန်း၊ ပါရာဇိကဏ်ဖြေဆိုပုံ နည်းပေးကျမ်းကိုရေးသားပြုစုခဲ့ခြင်း၊ မုံရွာမြို့ သံဃနာယကဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် လည်းကောင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တကဝိန္ဒသည် ၁၃၆၆ (၂၀၀၅) ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ အရ ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၄ ရက် (၁၉-၆-၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**ပြည် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန်လဒုတိယပတ်က ပြည်မြို့နယ် သမဝါယမအသင်းစုလီမိတက်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လှနှင့် ပြည်မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးသောင်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အခြေခံကျေးရွာသမဝါယမအသင်းတို့၏ ချေးငွေပေးဆပ်ခြင်းများကို သိန်း ၁၀၀ အထက် ပထမ၊ ဒုတိယ၊ တတိယနှင့် သိန်း ၁၀၀ အောက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အသင်းကိုယ်စားလှယ်များအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# နဂါးနီသတင်းစာစောင်များ

## မြင့်ဆွေဦး

နဂါးနီစာအုပ်အသင်းကြီးကို ပြည်သူလူထုအတွင်း ပျံ့နှံ့လူသိများစေရန် ကြော်ငြာ စာအုပ်ကလေးတစ်အုပ်ကို ရိုက်နှိပ်၍ ဝေငှခဲ့သည်။ ထိုစာအုပ်မှာ မင်နီဖြင့် တစ်အုပ်လုံးရိုက်နှိပ်ထားပြီး စာမျက်နှာ ၁၀ မျက်နှာ ပါရှိလေသည်။ 'တစ်လလျှင် ၁၀ တန်သော့နှင့် ကမ္ဘာ့ဘဏ်တိုက်ကြီးကို ဖွင့်လော့'ဟု ကြွေးကြော်ခဲ့သည်။ ထိုစာအုပ်ကလေးတွင် နဂါးနီစာအုပ်အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လစဉ်စာအုပ်များ ထုတ်ဝေမည့်အကြောင်းကို ဖော်ပြထားသည်။ ထိုသို့ လစဉ်စာအုပ်များထုတ်ဝေမည့်အပြင် 'နဂါးနီသတင်း' စာစောင်ကိုလည်း လစဉ်ထုတ်ဝေမည်ဟု ဖော်ပြထားသည်။

"နဂါးနီသတင်းကို လစဉ်ထုတ်ဝေမည်။ ၎င်းသတင်းတွင် ယခုအခါ အလွန်ခေတ်စားလျက်ရှိသော ဆိုရှယ်လစ်ဝါဒ၊ ဖက်ဆစ်ဝါဒ စသည့် ဝါဒများကို ဖော်ပြသော အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ စာအုပ်စာတမ်းများ၏ အမည်နှင့် ၎င်းတို့ ဝေဖန်ချက်များ၊ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာပေါ်ရှိ လူငယ်များ၏ ထကြွလုပ်ကိုင်ပုံများအပြင် မစ္စတာ မောင်မှိုင်း အမည်ခံ ဆရာကြီးဦးလွန်း၊ ဦးဘချို၊ ပီမိုးနင်း၊ ဦးဘခိုင်၊ မြို့မ ဆရာဟိန်၊ တက်ဘုန်းကြီး ကိုသိန်းဖေ၊ ကိုနု၊ တက္ကသိုလ်သမဂ္ဂအသင်းဥက္ကဋ္ဌ ကိုဘဂျမ်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း အစရှိသောပုဂ္ဂိုလ်များ၏ ဆောင်းပါးများလည်း ပါရှိမည့်အကြောင်း" ဟူ၍ နဂါးနီသတင်းကို ထုတ်ဝေမည် ကြေညာလေသည်။ မထုတ်ဝေရသေးသော 'နဂါးနီသတင်း'စာစောင်ကို နယ်ချဲ့အစိုးရက အာမခံငွေ ၅၀၀ တောင်းလေသည်။ မထုတ်ဝေရသေးသော 'နဂါးနီသတင်း'ကို ကြိုတင်၍ အာမခံငွေတောင်းသည့်အခါ ဒီးဒုတ်ဦးဘချို ပါဝင်သော 'မြန်မာပြည်လုံး ဆိုင်ရာ ပုံနှိပ်တိုက်အဖွဲ့'က မခံနိုင်ကန့်ကွက်သဖြင့် ထိုအမိန့်ကို နယ်ချဲ့အစိုးရက ရုပ်သိမ်းပေးရလေသည်။

'နဂါးနီသတင်း' စာစောင်ထုတ်ဝေခဲ့ရာ စုစုပေါင်း ကိုးစောင် ရှိသည်။ စာစောင်အမှတ် ၁ ကို ၁၉၃၈ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည်။ 'နဂါးနီသတင်း' စာစောင်ကို ဦးထွန်းအေးက အယ်ဒီတာအဖြစ် တည်းဖြတ်ထုတ်ဝေခဲ့သည်။

နဂါးနီသတင်း မျက်နှာဖုံးတွင် 'နဂါးနီသတင်းတစ်အုပ်သည် နိုင်ငံရေး စာအုပ်ဖြစ်၏'ဟု ထိပ်စီးတွင် ဖော်ပြသည်။ 'နဂါးနီသတင်း' နဂါးနီစာအုပ်အသင်းကြီးမှ ထုတ်ဝေသည်ဟုဖော်ပြပြီး 'ပါဝင်သည့် အခန်းများ' ဟူ၍ ထိုစာစောင်တွင် ပါရှိသော သတင်းများ၊ ဆောင်းပါးများ မာတိကာစဉ်၍ မျက်နှာပြည့် ဖော်ပြလေသည်။

နဂါးနီသတင်း အမှတ် ၁ စာစောင်တွင် 'ကျွန်ုပ်တို့၏ ရည်မှန်းချက်' ဟူ၍ နဂါးနီစာအုပ်အသင်းကြီး တည်ထောင်ရခြင်းအကြောင်းကို ဖော်ပြထားသည်။ နယ်ချဲ့စနစ်ကို တိုက်ခိုက်ရာတွင် ဝါဒကောင်း ရှိရမည်၊ ခေါင်းဆောင်ကောင်းရှိရမည်ဟု ကြွေးကြော်ခဲ့သည်။

'နယ်ချဲ့စနစ်တိုက်ခိုက်ရာတွင်


၁။ ဝါဒစစ် ဝါဒမှန်ကို သဘောပေါက်ပြီး စနစ်ကျစေရန်အတွက် အစီအစဉ်ရှိစေရန်။

၂။ လက်ရွေးစင် နိုင်ငံရေး ဗိုလ်မှူးစစ်ကဲများ ပေါ်ပေါက်စေရန်။

၃။ နယ်ချဲ့စနစ်ကို အခြားတစ်ဖက်မှ တိုက်နေရသူတို့၏ ခြေလှမ်းအင်အား စသည်တို့ကို ချင့်ချိန်နိုင်ရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် နဂါးနီစာအုပ်အသင်းကြီးကို တည်ထောင်ပြီးစီးပါကြောင်း။

'နဂါးနီစာအုပ်အသင်းသည် လက်ရှိနိုင်ငံရေးစစ်မြေပြင်တွင် နယ်ချဲ့စနစ်ကို တိုက်ခိုက်နေသူတို့အား အရန်တပ်သားအဖြစ် ကူညီနေခြင်းဖြစ်ကြောင်း၊

**နဂါးနီသတင်းစာစောင်ပါ ခေါင်းကြီးများ၊ ဆောင်းပါးများ၊ ဝတ္ထုများကို ပြန်လည်စုစည်း၍ ထုတ်ဝေရန် ကြိုးပမ်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာစုများသည် အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးတိုက်ပွဲအတွက် လှုံ့ဆော်ပေးသည့် စာများဖြစ်သောကြောင့် ဖြစ်သည်။ ယင်းစာစုများသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် တန်ဖိုးကြီးမား**



နဂါးနီသတင်းတစ်အုပ်သည်၊ နိုင်ငံရေးစာအုပ်တစ်အုပ်ဖြစ်၏

ပဌမတွဲ-အမှတ် ၂ အယ်ဒီတာ၊ ထွန်းအေး

နဂါးနီသတင်း

နဂါးနီစာအုပ်အသင်းကြီးမှထုတ်ဝေသည်

ပါဝင်သည့်အခန်းများ

| | |
|---|---|
| မြန်မာပြည်မှ တရားစီရင်ထုံးများ | [illegible] |
| နဂါးနီမှ ထုတ်ဝေမည့် စာအုပ်များ | [illegible] |
| နောက်ထပ် ထုတ်ဝေမည့် စာအုပ်များ | ၆ |
| ဖ-လခရီး | ၆ |
| နဂါးနီအဘယ် ကြောင့်အောင်မြင်သနည်း | ၈ |
| နဂါးနီ ကြေငြာချက်များ | ၁၀ |
| အလုပ်သမားနှင့်လယ်သမားများ၊ သာတိုင်းပြည်၏အရှင်သခင် | ၁၁ |
| ရန်ကုန်မြေအရေးသည်-ကမ္ဘာ့အရေး | ၁၂ |
| မြန်မာပြည်နိုင်ငံရေးရာဇဝင် | ၂၁ |
| [illegible] | ၂၂ |
| လူမျိုးရေးတရား | ၂၄ |
| သပိတ်မှောက်ကျောင်းသား | ၂၅ |
| ဓါက်တာဂျိုဆေရီဇော်၏အတ္ထုပ္ပတ္တိ | ၃၁ |
| အာဇာနည်ရီဇော်ရေးသွားသောကဗျာ ၆ ပုဒ် | ၃၃ |
| အယ်ဒီတာမှတ်တမ်း | ၃၄ |

အသင်းသားများအတွက်အခမဲ့ထုတ်ဝေသည် [illegible]

ကျွန်ုပ်တို့ နဂါးနီစာအုပ်အသင်းသည် နယ်ချဲ့စနစ်ကို တိုက်ခိုက်ရန် ဝါဒဖြန့်ဖြူးရေးအတွက် ပေါ်ထွက်လာခြင်းဖြစ်ရာ ဗမာပြည်ရှိ နယ်ချဲ့စနစ်ကို မလိုလားသူတိုင်း၏ အကူအညီကို ရလိမ့်မည်ဟု မျှော်လင့်ကြောင်း' ဟု ဖော်ပြခဲ့သည်။ နဂါးနီ၏ ကြေညာချက်များတွင် ရှေ့ဆက်၍လုပ်ဆောင်မည့်အကြောင်းများကို တင်ပြထားသည်။ နဂါးနီစာစောင် အမှတ် ၁ တွင် ထိုစဉ်က နိုင်ငံရေးခေါင်းဆောင် များ၏ ဆောင်းပါးများကို ဖော်ပြထားသည်။ ယင်းတို့မှာ ဒီးဒုတ်ဦးဘချို၏ 'ဒိုမီ နီယန်အဖြေ'၊ မောင်စိုး (သခင်စိုး)၏ 'တရုတ်ပြည်မြောက်ပိုင်းအရေးတော်ပုံ'၊ ဦးဘခိုင်၏ 'နှစ်အပိုင်းအခြားနှင့် စီမံကိန်းများ'၊ မောင်နု (သခင်နု)၏ 'ဘယ်လို လွတ်လပ်ရေးမျိုးလဲ'၊ သခင်ကိုယ်တော်မှိုင်း၏ 'သခင်ကိုယ်တော်မှိုင်းနှင့် စစ်ကိုင်းသူတို့ မေတ္တာလက်ဆောင်' တို့ ပါဝင်သည်။ စာအုပ်ဝေဖန်ချက်ကဏ္ဍ တွင် သိန်းဖေ (သိန်းဖေမြင့်) ၏ 'ဆရာလွန်း အတ္ထုပ္ပတ္တိ' ဝေဖန်ချက်ကို ဖော်ပြထားသည်။

နဂါးနီသတင်း အမှတ် ၂ ကို ၁၉၃၈ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သည်။ နဂါးနီမှ ထုတ်ဝေမည့် စာအုပ်များ၊ နောက်ထပ် ထုတ်ဝေမည့် စာအုပ်များ၊ နဂါးနီ အဘယ်ကြောင့် အောင်မြင်သနည်း စသည်တို့ကို ဖော်ပြထားသည်။ ထိုစာစောင်တွင် သိန်းဖေ (သိန်းဖေမြင့်)၏ 'သပိတ်မှောက် ကျောင်းသား'ဝတ္ထုကို သခင်နုက ဝေဖန်ချက်ရေးသားခဲ့သည်။ ရေးသူ အုံးမြင့်၏ ရန်ကုန်မြေအရေးသည် ကမ္ဘာ့အရေး၊ သခင်လေးမောင်၏ အလုပ်သမားနှင့် လယ်သမားများသာ တိုင်းပြည် အရှင်သခင် စသည့်ဆောင်းပါးများကို တွေ့ရသည်။

ဖိလစ်ပိုင် မျိုးချစ်ခေါင်းဆောင် ဂျိုဆေရီဇော်အတ္ထုပ္ပတ္တိကို မိုးကြိုးရေးသားပြုစုပြီး နဂါးနီစာအုပ်အသင်းထုတ်ဝေမည့်စာအုပ် ဝေဖန်ချက်ကို ဖော်ပြထားပြီး ထိုစာစောင်မှာပင် ဂျိုဆေရီဇော်အား သေနတ်ဖြင့် ပစ်သတ်ခံရခါနီးဆဲဆဲတွင် ကိုယ်တိုင်ရေးသားသွားသော ကဗျာ ၆ ပုဒ်ကို မြန်မာပြန်ဆို ဖော်ပြထားသည်။

နဂါးနီသတင်း အမှတ် ၃ တွင်မူ စာစောင်၏ ခေါင်းကြီးကို စတင်ဖော်ပြသည်။ ထိုခေါင်းကြီးမှာ 'ဆိုရှယ်လစ်ဝါဒနှင့် ဗမာပြည်' ဖြစ်သည်။ ထိုခေါင်းကြီးတွင်-

ဗမာပြည်၌ ရှေးအခါက 'အမျိုးဘာသာ၊ သာသနာ' ဆိုသော စကားများ ခေတ်စား၏။ စင်စစ်အားဖြင့် 'အမျိုးဘာသာ၊ သာသနာ' ဆိုသော စကားသည် တိုင်းသူပြည်သားလူအများအား လှည့်စားသော စကားများသာ ဖြစ်၏'ဟူ၍ တင်ပြထားလေသည်။

ကိုလှဖေ (ကာလကတ္တား)၏ 'ကြမ်းကြုတ်ရက်စက်သည့် ဂျာမနီမှ ဖက်ဆစ်အစိုးရ'၊ မောင်စိုး (သခင်စိုး)၏ 'ရေနံမြေအရေးတော်ပုံ'၊ မောင်ကွန်း၏ 'ဆင်းရဲသား အလုပ်သမားများနှင့် ဓနရှင်စနစ်'၊ အုံးမြင့်၏ 'စပိန်ပြည်အရေးနှင့် ဗမာ့လွတ်လပ်ရေး' ဆောင်းပါးများ ဖော်ပြထားသည်။ အယ်ဒီတာမှတ်ချက်တွင် ထိုစဉ်က မြန်မာနိုင်ငံရေးလှုပ်ရှားမှုအကြောင်းများကို ဖော်ပြထားသည်။

နဂါးနီသတင်း အမှတ် ၄ တွင် ခေါင်းကြီးအဖြစ် 'ဗမာ့အရေး' ဟူ၍ ရေးသားထားသည်။ ထိုခေါင်းကြီးမှာ နဂါးနီမှထုတ်ဝေမည့် 'ဗမာ့အရေး' စာအုပ်ကို မိတ်ဆက်ပေးထားခြင်း ဖြစ်သည်။

'နဂါးနီပညာအသင်း'ဟူ၍ ဖွဲ့စည်းတည်ထောင်ပြီး စာဖတ်ခန်း တစ်နည်းအားဖြင့် စာကြည့်တိုက်တစ်ခု တည်ထောင်၍ နဂါးနီစာအုပ်အသင်းဝင်များ လေ့လာဖတ်ရှုဆွေးနွေးနိုင်ရန် ဖြစ်သည်။

ဆောင်းပါးများအဖြစ် မောင်ဗိုလ် (ညောင်တုံး)၏ 'လူတိုင်း ချမ်းသာရေး ဝါဒ'၊ ဘကလေး၏ 'ဘုံဝါဒနှင့် တို့ဗမာဝါဒ'၊ သန်းထွန်း (သခင်သန်းထွန်း)၏ 'ဗမာ့နှင့်ကမ္ဘာ ဆက်သွယ်ရေး'၊ တင်အေး (ညောင်ရွှေ)၏ 'ကမ္ဘာ့နောင်ရေး'၊ မောင်နု (သခင်နု)၏ 'ဘာကြောင့် လွတ်လပ်ရေးကို လိုချင်သလဲ'၊ သခင်ကိုယ်တော်မှိုင်း၏ 'ခေတ်ကာလပြုပြင်ပြောင်းလဲရေး'တို့ ထည့်သွင်းဖော်ပြထားသည်။ 'ဗမာ့အရေး' စာအုပ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ခုပြုလုပ်ရန် 'ဗမာ့အရေး' စာအုပ်၌ ပါဝင်သော ဆောင်းပါးများကို အကျဉ်းချုပ်ဖော်ပြထားသည်။ ထို့အပြင် 'ဗမာ့အရေး' စာအုပ်ဝေဖန်ချက်ကိုလည်း ထည့်သွင်းထားသည်။

နဂါးနီသတင်း အမှတ် ၅ တွင် 'အဓိကရုဏ်း'ဟူ၍ ခေါင်းကြီးသဖွယ် ရေးသားထားသည်။ မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော တရုတ်၊ ကုလား အဓိကရုဏ်းများအကြောင်း ဝေဖန်ရေးသားချက် ဖြစ်သည်။ ခေါင်းကြီးအဖြစ် 'ပြည်သူ့အာဏာ' အကြောင်းကို တင်ပြထားသည်။

မောင်ကွန်း၏ 'နိုင်ငံချဲ့စစ်ပွဲများနှင့် ဆင်းရဲသား'၊ ဘဟိန်း (သခင်ဘဟိန်း)၏ 'အလုပ်သမား' (ဝတ္ထုတို )၊ မောင်နု (သခင်နု)၏ 'ကျွန်တော် ဘုံသမား'၊ ဦးသန့် (ပန်းတနော်)၏ 'လက်ဝဲဂိုဏ်းများ၏ ဝါဒ'၊ မောင်လှဖေ၏ 'ငြိမ်းချမ်းရေးနှင့် ဗြိတိသျှ ခြေလှမ်း' စသည်တို့ ပါဝင်သည်။

မြန်မာသတင်းစာဂျာနယ် မဂ္ဂဇင်းများမှ ကိုယ်စားလှယ်များစုဝေး၍ အစည်းအဝေးတစ်ရပ်ကို ၁၉၃၈ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပပြီး သတင်းစာတိုက်များ အစိုးရအား အာဏာဖီဆန်ရန် ကန့်ကွက်ရန် ဆုံးဖြတ်ခဲ့ကြသည့်အကြောင်းကို 'သတင်းစာတိုက်များ အာဏာဖီဆန်ရန်' ဟူ၍ ရေးသားတင်ပြထားသည်။

နဂါးနီစာစောင် အမှတ် ၆ တွင် မျက်နှာဖုံး၌ ခါတိုင်းလို မာတိကာကို မဖော်ပြဘဲ ဦးဘချို၏ ဦးဝိစာရအကြောင်းကို ထည့်သွင်းထားသည်။ အင်းစိန်အကျဉ်းထောင်အတွင်း ရက်ပေါင်း ၁၆၆ ရက်တိုင် အစာငတ်ခံ၊ အာဟာရကို ဖြတ်ခြင်းဖြင့် နယ်ချဲ့အစိုးရကို ဆန့်ကျင်တော်လှန်ခဲ့သည့် အာဇာနည် အရှင်ဦးဝိစာရအကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။

ခေါင်းကြီးပိုင်းအနေဖြင့် 'သတင်းစာများ ဖိနှိပ်မှု'ကို ခေါင်းကြီးအမှတ် ၁ အနေဖြင့် ဖော်ပြပြီး ခေါင်းကြီးအမှတ် ၂ အဖြစ် အဓိကရုဏ်းကို ဖော်ပြလေသည်။ ခေါင်းကြီး အမှတ် ၃ အဖြစ် 'ဦးဝိစာရနေ့'ဟူ၍ ဆက်၍ ဖော်ပြထားသည်။ ဘကိုး၏ 'သတင်းစာ ဖိနှိပ်မှု'၊ မောင်ကွန်း၏ 'ဆင်းရဲသားနှင့် ဓနရှင်လွှန်ပွဲ'၊ ဘဟိန်း (သခင်ဘဟိန်း)၏ 'ကျွန်တော့်အဖြေ'၊ ဘကလေး၏ 'ကြီးပွားရေးသို့ လမ်းနှစ်လမ်း' ဆောင်းပါးများကို ဖော်ပြထားသည်။

အာဇာနည် အရှင်ဦးဝိစာရ ထောင်တွင်း၌ ပျံလွန်တော်မူသည့်အကြောင်းကို 'ငါတို့ ပူဇော်ကြကုန်အံ့'ဟူ၍ ဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်ထားသည်။

နဂါးနီသတင်းစာအမှတ် ၇ တွင် စာစောင်မျက်နှာဖုံး၌ 'ဗမာကောက်ရိုးမီးကို ရှားမီးလုပ်ဖြစ်မည့် စာအုပ်ကလေးများ ၁၀၀,၀၀၀'ဟူ၍ သိန်းဖေရေး ကုလား-ဗမာ တိုက်ပွဲစာအုပ်အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။ ထိုစာအုပ်ကလေးမှာ မြန်မာစာအုပ်ထုတ်ဝေရေးလောကတွင် အချိန်တိုတိုအတွင်း အုပ်ရေသိန်းကျော် ထုတ်ဝေခဲ့ရလေသည်။

'ကုလား-ဗမာတိုက်ပွဲ' စာအုပ်ကလေး အဘယ်ကြောင့် ယခုလို အောင်မြင်ရတာလဲဟု တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းအားမေးရာ-

'ရေးပုံကိုက ဗမာစာဖြင့် ဗမာပြည်မှာ မပေါ်ဖူးသေးပဲဟာကိုး၊ ရေးကရေးကြတာက အမျိုးဘာသာ သာသနာလို့ အဓိပ္ပာယ်မပေါ်လွင်ဘဲ ရေးကြတယ်၊ ခု ကိုသိန်းဖေကတော့ ဖြစ်ရပုံအကြောင်း၊ ဖြစ်ရတဲ့ သရုပ်၊ ဖြစ်ရတဲ့ အကျိုးစသည်များကို စာရင်းနဲ့အင်းနဲ့ ကျကျနန မျက်မြင်ပြထားတယ်။ (First Scientific Analysis of events)'ဟု ပြောခဲ့သည်။

နဂါးနီသတင်းခေါင်းကြီးအနေဖြင့် 'ပုဒ်မအားကိုးခေတ်'ဟူ၍ အစိုးရက ပုဒ်မအမျိုးမျိုးဖြင့် တို့ဗမာအစည်းအရုံးဝင် သခင်များ၊ ကျောင်းသားများကို ဖမ်းဆီးချုပ်ချယ်ပုံများကို ရေးသားထားသည်။

မောင်ကွန်း၏ 'ငွေမရှိခြင်းသည် ဆင်းရဲခြင်းလော'၊ သိန်းဖေ၏ 'သီချင်းဆို၍ ငိုရသည်'၊ ဘကလေး၏ 'သက်ဦးဆံပိုင်ခေတ်'၊ နေဝင်း၏ 'ဓနရှင်ခေတ်နှင့် ကိုယ်ကျင့်တရား'၊ သန်းထွန်း (သခင်သန်းထွန်း) ၏ 'ဆိုရှယ်လစ်ဝါဒနှင့် ဗမာရာဇဝင်' စသည့် ဆောင်းပါးများ ပါလေသည်။

နဂါးနီသတင်း အမှတ် ၈ တွင် မျက်နှာဖုံးတွင် 'လူမွဲတို့၏ ကျေးဇူးရှင် မဖြစ်ချင်ဘူးလား'ဟူ၍ မောင်နု (သခင်နု) ၏ 'လူမွဲတို့၏ ထွက်ရပ်လမ်း' စာအုပ်ကို မိတ်ဆက်ရေးသားထားသည်။ ခေါင်းကြီးအဖြစ် 'နဂါးနီစာအုပ်အသင်း၏ ခြေလှမ်း' ဟူ၍ ရေးသားရာတွင် နဂါးနီစာအုပ်အသင်းမှနေ၍ နဂါးနီစာအုပ်များကို ထုတ်ဝေသူဖြန့်ချိသူ ဦးထွန်းအေးမှာ အခြားနာမည်တစ်ခုဖြင့် သီးခြားခွဲ၍ လုပ်ကိုင်မည့်အကြောင်းကို ဖော်ပြထားသည်။ လက်ရှိ နဂါးနီစာအုပ်တိုက်၏ လုပ်ငန်းများ ဆောင်ရွက်ရပုံကိုလည်း တင်ပြထားသည်။

မောင်ဘဟိန်း (သခင်ဘဟိန်း) ၏ 'ကမ္ဘာကို ချောက်ချားတုန်လှုပ်စေခဲ့သော နိုင်ငံရေးပါတီတစ်ခု'၊ မိုးကြိုး၏ 'ဦးလေးကြီး'၊ နုနုရီနှင့် သာဂေါင်တို့၊ မောင်ဘဆွေ (ဦးဘဆွေ) ၏ 'လောကနိဗ္ဗာန်တည်ဆောက်သူ စတာလင်'၊ အမာ (လူထုဒေါ်အမာ)၏ 'ပျို့ကျေးရွာ'၊ မိုးကြိုး၏ 'ငွေဝင်များ၍ မိတ်ဆွေပေါ်နည်း' စသည့်ဆောင်းပါးများ ပါဝင်လေသည်။

နဂါးနီ သတင်းအမှတ် ၉ တွင် ဘာလုပ်ကြမလဲ ဆောင်းပါးဖြင့် မျက်နှာဖုံးတွင် ဖော်ပြထားသည်။ အောင်ဒင်ရေး 'နောက်ဆုံး သင်ခန်းစာ' ဝတ္ထုတိုကို ဖော်ပြသည်။ မောင်တက်တိုး၏ 'ဘဝပုံတောင်း'၊ ဘဆွေ (ဦးဘဆွေ)၏ 'ထီးတင်ပွဲကြုံတော့မည်' ဘိုးရှာရှေ၏ 'ဘာလဲဟဲ့ အမျိုးသားအောင်ပွဲနေ့'၊ အသင်းဝင်တစ်ဦး၏ 'ဗမာ့အရေးနှင့် ကျောင်းဆရာများ' ဆောင်းပါးများကို ဖော်ပြထားသည်။

နဂါးနီသတင်းစာစောင်ပါ ခေါင်းကြီးများ၊ ဆောင်းပါးများ၊ ဝတ္ထုများကို ပြန်လည်စုစည်း၍ထုတ်ဝေရန် ကြိုးပမ်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစာစုများသည် အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးတိုက်ပွဲအတွက် လှုံ့ဆော်ပေးသည့် စာများဖြစ်သောကြောင့်ဖြစ်သည်။ ယင်းစာစုများသည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် တန်ဖိုးကြီးမားလှသောကြောင့် ဖြစ်သည်။

## ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ် စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးဆွေးနွေး

ပဲခူး ဇွန် ၂၀

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ် Pneumococcal Conjugate Vaccine (PCV) စတင်ထည့်သွင်းထိုးနှံခြင်း အသိပေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုဦးက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသီဟက ပြင်းထန် အဆုတ်ရောင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းအကြောင်း အသေးစိတ်ရှင်းလင်းသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကာကွယ်ဆေးအား ကလေးအသက် နှစ်လအရွယ်မှစတင်ထိုးနှံနိုင်ပြီး ကာကွယ်ဆေးထိုးခြင်းဖြင့် ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ သွေးတွင် ဗက်တီးရီးယား အဆိပ်တက်ခြင်းစသည့် ပြင်းထန်အဆုတ်ရောင်ရောဂါများနှင့် နားအလယ်ခန်း ရောင်ခြင်း၊ နှာခေါင်းလေအိတ်ရောင်ခြင်း၊ လေပြွန်ရောင်ခြင်း စသည့်ရောဂါများကို ကာကွယ်နိုင်မည်ဖြစ်ကာ ဇူလိုင် ၁ ရက်မှစ၍ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# အာဖဂန်မြို့တော် ကဘူးလ်တွင်ကားဗုံးပေါက်ကွဲ လူ ၁၄ ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**ကဘူးလ် ဇွန် ၂၀**

တာလီဘန်အသေခံဗုံးခွဲသမားတစ်ဦးသည် တနင်္လာနေ့အစောပိုင်းက အာဖဂန်မြို့တော် ကဘူးလ်တွင် နီပေါငြိမ်းချမ်းရေး ကန်ထရိုက်တာတစ်ဦးကို သယ်ဆောင်လာသော မီနီဘတ်စ်ကားတစ်စီးကို တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောသည်။

ရိုက်တာမျက်မြင်သက်သေတစ်ဦးက ရဲကားများနှင့် အရေးပေါ်ကားများ အခင်းဖြစ်ပွားရာနေရာတွင် ဝိုင်းရံထားစဉ် သေဆုံးနေသူများနှင့် အနည်းဆုံး ဒဏ်ရာရသူနှစ်ဦးအား အဝါရောင်ဘတ်စ်ကားထဲမှထုတ်လာသည်ကို တွေ့ခဲ့ကြောင်း ပြောခဲ့သည်။

အကြမ်းဖက်မှုများ ဆက်လက်ကျန်ရှိနေသော်လည်း အမေရိကန်ကဲ့သို့သော အနောက်နိုင်ငံများကလည်း အာဖဂန်တွင်ကျန်ရှိနေသော တပ်ဖွဲ့များကို တဖြည်းဖြည်းပြန်လည်ဆုတ်ခွာမှုပြုနေချိန် ကဘူးလ်ရှိ အာဖဂန်အစိုးရအနေဖြင့်လည်း မြင့်တက်လာသောအကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။ မကြာသေးမီက မြင့်တက်လာသောအကြမ်းဖက်မှုများအနက် ယခုအကြမ်းဖက်မှုသည် အာဖဂန်အစိုးရအတွက် နောက်ဆုံးအကြမ်းဖက်မှုတစ်ခုဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆာဒစ် ဆာဒစ်ကီက ယခုဖြစ်ပွားသောအကြမ်းဖက်မှုတွင် ၁၄ ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများကို သိရှိနိုင်ရန် ရဲများကကြိုးစား ဆောင်ရွက်နေကြောင်း တွစ်တာတွင် ပြောသည်။ သေဆုံးသူများထဲတွင် အာဖဂန်နှင့် နီပေါကန်ထရိုက်တာများ ပါဝင်နိုင်ကြောင်း ကဘူးလ်ရဲချုပ်အက်ဘ်ဒယ် ရာမန် ရာဟီနီက ပြောသည်။ အိုင်အက်စ်အုပ်စုပြောရေးဆိုခွင့်ရှိသူက အဆိုပါတိုက်ခိုက် မှုသည် တာလီဘန်များ၏ လက်ချက်ဖြစ်ကြောင်းတွစ်တာတွင် ဖော်ပြထားသည်။

**(ရိုက်တာ)**



# မက္ကဆီကိုတွင် ဆရာများနှင့် ရဲများအဓိကရုဏ်းဖြစ်ပွား၊ လူခြောက်ဦးသေဆုံး

**အော့စကာ ဇွန် ၂၀**

မက္ကဆီကိုတွင် ဆရာများနှင့် ရဲများကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးပြီး ရဲအရာရှိများအပါအဝင် လူ ၅၀ ဒဏ်ရာရရှိသွားခဲ့ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းအဖြစ်အပျက်သည် မက္ကဆီကိုနိုင်ငံ အော့စကာပြည်နယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြည်နယ်တွင်း ကျော်ကြားသော ခေါင်းဆောင်နှစ်ဦးကို လွှန်ခဲ့သောအပတ်က လာဘ်စားမှုစွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။ စီအင်န်တီအီးသမဂ္ဂ တော်လှန်ရေးသမားအဖွဲ့ဝင်များသည် ၎င်းတို့ခေါင်းဆောင်ကို ဖမ်းဆီးထားချိန်မှစကာ တောင်ပိုင်းမက္ကဆီကိုလမ်းများကို ပိတ်ထားခဲ့ကြသည်။

စီအင်န်တီအီးသမဂ္ဂသည် ၂၀၁၃ခုနှစ်တွင် သမ္မတ အန်းရစ်ပီနာနီတိုပြဋ္ဌာန်းခဲ့သော ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ခဲ့သည်။ ပြုပြင်ပြောင်းလဲမှုတွင် ဆရာများ၏ အရည်အသွေးကို ချင့်တွက်မှုများ ပါဝင်သည်။ သမဂ္ဂအဖွဲ့ဝင်များက ၎င်းတို့ခေါင်းဆောင်ကို ဖမ်းဆီးထားခြင်းသည် နိုင်ငံရေးလှုပ်ရှားမှုကြောင့်ဖြစ်သည်ဟု ဆိုသည်။

ရဲများက လမ်းများကို ရှင်းလင်းရန် ကြိုးပမ်းနေစဉ် ဆန္ဒပြသူများနှင့် ရဲများကြား သေနတ်သမားများ ရုတ်တရက်ထွက်ပေါ်လာပြီး နှစ်ဖက်စလုံးကို ဝင်ရောက်ပစ်ခတ်သွားကြောင်း အာဏာပိုင်များက ပြောသည်။

Nochixtlam မြို့အနီး ဆန္ဒပြပွဲများတွင် ထိန်းသိမ်းနေရသော ရဲများမှာ သေနတ်ကိုင်ဆောင်ခွင့်မရှိကြောင်း မက္ကဆီကို အမျိုးသားလုံခြုံရေးကော်မရှင်က ကြေညာချက်ထုတ်ပြန်သည်။ နိုင်ငံပိုင် ပီးမက်စ်ရေနံကုမ္ပဏီက ယခုဖြစ်ရပ်ကြောင့် အိုဆာကမှ မက္ကဆီကိုမြို့တော်သို့သွားရာလမ်းများ ပိတ်ဆို့ခံရခြင်းဖြင့် အဆိုပါနေရာအနီးတစ်ဝိုက်ရှိ ရေနံချက်စက်ရုံများကိုပါ ပိတ်သိမ်းလာစေရန် လုပ်ဆောင်နေခြင်းဖြစ်နိုင်ကြောင်း သတိပေးခဲ့သည်။

**(ဘီဘီစီ)**




# ကမ္ဘာ့ပထမဦးဆုံး လူတင်ဆောင်နိုင်သည့် ဒရုန်းယာဉ် နီဗားဒါးတွင် စမ်းသပ်ပျံသန်းမည်

**လော့အိန်ဂျလိစ် ဇွန် ၂၀**

ကမ္ဘာ့ပထမဦးဆုံးသော လူတင်ဆောင်နိုင်သည့် ဒရုန်းယာဉ်ကို ယခုနှစ်နှောင်းပိုင်းတွင် စမ်းသပ်ပျံသန်းမည်ဟု အမေရိကန်ပြည်ထောင်စုရှိ တရုတ်လေကြောင်း နည်းပညာကုမ္ပဏီဖြစ်သည့် Ehang Holdings လီမိတက်က တနင်္ဂနွေနေ့၌ ဆင်ဟွာသို့ ပြောသည်။

နီဗားဒါးပြည်နယ်နှင့် ကွမ်တုံပြည်နယ်တို့တွင် အခြေစိုက်သော တရုတ်ကုမ္ပဏီသည် Ehang 184 ယာဉ်ကို စမ်းသပ် ပြီး ပထမဦးဆုံးလူတင်ဆောင်သည့်ဒရုန်းကို ဖန်တီးနိုင်ရေး ကြိုးပမ်းခြင်းဖြစ်သည်။ တရုတ်ကုမ္ပဏီသည် ဒရုန်းယာဉ်ကို စမ်းသပ်မှုပြုလုပ်ရန် ပြည်နယ်မှ အဖွဲ့အစည်းကလည်း ခွင့်ပြုပေးထားပြီဖြစ်သည်။

FAA၏ပုံမှန် လုပ်ဆောင်ချက် အဆင့်ဆင့်အတိုင်း Ehangကို ပြင်ဆင်ထား၍ စိတ်ချလုံခြုံစွာပျံသန်းနိုင်ရေးအထောက်အကူဖြစ်မည်ဟု လေကြောင်းနှင့်ကာကွယ်ရေးလုပ်ငန်းမှကျွမ်းကျင်သူတစ်ဦးဖြစ်သူ Tom Wilczek က ပြောသည်။ နီဗားဒါးရှိ FAA စမ်းသပ်ရေးကွင်း၌ စမ်းသပ်ပျံသန်းမှုကို ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

လျှပ်စစ်စွမ်းအားသုံး Ehang 184 ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလက လာ့စ်ဗေးဂတ်မြို့၌ ပြပွဲတစ်ခုတွင် ပြသခဲ့ပြီး ၁၀၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ခရီးသည်တစ်ဦးကို သယ်ဆောင်ပြီး ၁နာရီလျှင် ၁၀၀ ကီလိုမီတာနှုန်းဖြင့် ၂၃ မိနစ်ကြာပျံသန်းနိုင်ကြောင်း ကုမ္ပဏီက ပြောသည်။

လူသယ်ဆောင်နိုင်သော ဒရုန်းယာဉ်သည် ကမ္ဘာတွင် မည်သို့ အသုံးဝင်မည်နည်းဟူသော မေးခွန်းများလည်း ပေါ်ထွက်လျက်ရှိရာ နီဗားဒါးလေပိုင်နက်တွင် စမ်းသပ်ပျံသန်းမှုက အဖြေပေးသွားမည်ဟုလည်း ယူဆရသည်။

**(ဆင်ဟွာ)**

# နှစ်ပေါင်း ၄၀ သက်တမ်းရှိ ဓာတ်ပေါင်းဖိုများ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိ

**တိုကျို ဇွန် ၂၀**

နျူကလီးယား စည်းကမ်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့အစည်းက ဂျပန်ပင်လယ်ပြင်ရှိ ကမ်းရိုးတန်းများမှ နျူကလီးယား ဓာတ်ပေါင်းဖိုများ၏ သက်တမ်းကို စစ်ဆေးတွက်ချက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ဓာတ်ပေါင်းဖိုများလည်ပတ်ရာ၌ သတိပြုမိလောက်ဖွယ် ဆိုးရွားလာ၍ ဖြစ်သည်။

ဖူကူစီရင်စုရှိ တာကာဟာမာစက်ရုံမှ ဓာတ်ပေါင်းဖို (၁) နှင့် (၂) မှာ လည်ပတ်မှုသက်တမ်း နှစ်ပေါင်း ၄၀ ရှိလာသည့် ဂျပန်နိုင်ငံ၏ ပထမ ဦးဆုံး ဓာတ်ပေါင်းဖိုများဖြစ်လာမည်ဖြစ်သည်။

နျူကလီးယား စစ်ဆေးရေးအဖွဲ့မှ အာဏာပိုင်များက ဓာတ်ပေါင်းဖိုများ၏ လည်ပတ်နိုင်စွမ်းကို အကဲဖြတ်ရင်း ဆက်လက်လည်ပတ်ရန် ခွင့်ပြုသင့်မသင့်ကို တနင်္လာနေ့၌ ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်သည်။ အကယ်၍ ဓာတ်ပေါင်းဖိုများ၌ ပျက်စီးဆုံးရှုံးမှုမရှိပါက နှစ်ပေါင်း ၂၀ တိုးချဲ့လုပ်ကိုင်ခွင့်ကို အာဏာပိုင်များက ခွင့်ပြုမည်ဖြစ်သည်။

တိုးချဲ့လုပ်ကိုင်ရန် ခွင့်ပြုချက်ကို ဇူလိုင် ၇ ရက်တွင် အတည်ပြုမည်ဖြစ်သည်။သို့သော် ဓာတ်ပေါင်းဖိုများအား ငလျင်ဒဏ်ခံနိုင်ရေးစမ်းသပ်ချက်များကိုမူ သတ်မှတ်ထားသည့် နောက်ဆုံးရက်မတိုင်မီ ဆောင်ရွက်နိုင်မည်မဟုတ်သေးပေ။ ပြင်ဆင်မှုလုပ်ငန်းများအားလုံး ပြီးဆုံးမှသာ စမ်းသပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဟု နျူကလီးယားစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က သဘောတူထားသည်။

ဝါဆေးဒါ တက္ကသိုလ်မှပါမောက္ခ ဆူတိုက ယခုဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သံသယဝင်မိကြောင်း ပြောသည်။ ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော မတော်တဆမှုအပြီး နျူကလီးယားနှင့်ပတ်သက်သော အာဏာပိုင်များသည် ပြည်သူလူထုထံမှ နားလည်မှုများစွာရရှိရန် တာဝန်ရှိလာသည်။ နျူကလီးယား စည်းကမ်းထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့ကလည်း ယုံကြည်ရသော ဖြေရှင်းမှုများ ပေးရမည်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**



# ၂၀၁၆ ရွေးကောက်ပွဲနှင့် အာဖရိကနိုင်ငံ၏ ဒီမိုကရေစီပန်းတိုင်

**ကလျာမိုးမြင့်**

**စစ်အေးတိုက်ပွဲတွေ အဆုံးသတ်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်များအတွင်းမှာ အောင်ပွဲရအနောက်အုပ်စုအစိုးရများရဲ့လှည့်ဖြားမှုနဲ့အတူ ယှဉ်တွဲရောက်ရှိလာတဲ့ လစ်ဘရယ် ဒီမိုကရေစီစနစ်ဟာ အာဖရိကနိုင်ငံများစွာကို နိုင်ငံရေးပါတီများစွာပါဝင်တဲ့ နိုင်ငံရေးစနစ်ကို ပြန်လည်အသက်သွင်းဖို့ ရှေ့ဆောင်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲတွေကိုလည်း ထုံးစံတစ်ခုလို ကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေးစည်းမျဉ်းစည်းကမ်းတွေနဲ့မညီတဲ့အစိုးရရဲ့အပြောင်းအလဲမှန်သမျှကိုတားမြစ်ကာ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။**



၂၀၀၅ ခုနှစ်က ကျင်းပခဲ့သည့် တန်ဇန်နီးယားရွေးကောက်ပွဲတွင် ပြည်သူများ မဲထည့်ရန် စောင့်ဆိုင်းခဲ့ပုံကို တွေ့မြင်ရစဉ်။

၁၉၆၀ မှစတင်ကာ ကိုလိုနီစနစ်ပျောက်ကွယ်သွားပြီး ဒီမိုကရေစီစနစ်ဟာ မူလနေရာမှန်ကို ပြန်လည်ရောက်ရှိဖို့ ဖြစ်လာခဲ့ပါတယ်။ လေးနှစ် သို့မဟုတ် ငါးနှစ်တစ်ကြိမ်ဆိုသလို အာဖရိကနိုင်ငံတွေဟာ နိုင်ငံရေးပါတီများစွာပါဝင်တဲ့ ရွေးကောက်ပွဲတွေ ဆင်နွှဲနေကြပါပြီ။ ၂၀၁၆ ခုနှစ်အတွက် လူထုဆန္ဒခံယူပွဲ ၁၅ ခု ပြုလုပ်ဖို့ စီစဉ်ထားပြီဖြစ်ပါတယ်။

ပထမနှစ်ဝက်မှာ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ နိုင်ငံတွေကတော့ ဘီနင်၊ အာဖရိကအလယ်ပိုင်း၊ ချဒ်၊ ကိုမိုရိုစ်၊ ကွန်ဂို၊ ဂျီဘူတီ၊ နိုင်ဂျာနဲ့ ယူဂန်ဒါနိုင်ငံတို့ဖြစ်ပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC)၊ အီကွေတိုရီယယ်၊ ဂီနီ၊ ဂမ်ဘီယာ၊ ဂါနာ၊ ဆာအိုတိုမီ နဲ့ ပရင်စီပီ၊ တောင်အာဖရိကနဲ့ ဇမ်ဘီယာနိုင်ငံတွေမှာလည်း အမည်စာရင်း တင်သွင်းမှုပြုလုပ်ထားပြီဖြစ်ပါတယ်။

ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဖြစ်စဉ်များ နဲ့ သတ်မှတ်ကာလတွေကို လေးစားလိုက်နာမှုရှိကြပါရဲ့လား။ လက်ရှိတာဝန်ရှိသူတွေကကော နိုင်ငံအတွက် လိုအပ်တဲ့ အောင်မြင်ရေးနည်းလမ်းတွေကို အသေအချာဆုပ်ကိုင်ထားဖို့ ကြိုးပမ်းနိုင်ခဲ့ပြီလား။

**နှောင့်နှေးကြန့်ကြာမှု၊ ပြန်လည်ယှဉ်ပြိုင်မှုနှင့် သပိတ်မှောက်ဆန့်ကျင်မှုများ**

အတိတ်ကာလ လူထုဆန္ဒသဘောထားကောက်ခံမှုတွေမှာ ဆိုးရွားတဲ့အခြေအနေတွေ ရှိခဲ့ရာကနေ တိုးတက်မှုရရှိလာပေမယ့် ကံမကောင်းစွာနဲ့ဘဲ အာဖရိကရွေးကောက်ပွဲတွေဟာ စစ်ဘက်နှင့်အခြားအင်အားစုများရဲ့ ပြောင်ပြောင်တင်းတင်း အာဏာသိမ်းယူမှု၊ အစိုးရရဲ့ နိုင်ငံရေးစည်းမျဉ်းစည်းကမ်းများနဲ့မကိုက်ညီတဲ့ပြောင်းလဲမှု၊ ဖွဲ့စည်းပုံနဲ့အညီ အချိန်ကာလ သတ်မှတ်ခြင်းမရှိမှုနဲ့ အဆက်မပြတ်ဖြစ်ပွားနေတဲ့ ဆူပူအုံကြွမှုတွေကြောင့် ယနေ့အချိန်ထိ နှောင့်နှေးကြန့်ကြာနေခဲ့ရခြင်းဖြစ်ပါတယ်။ မဲပေးစနစ် စတင်လိုက်ပြီဆိုတာနဲ့ မဲအရေအတွက် မှားယွင်းဆုံးဖြတ်ခြင်း၊ ဆန့်ကျင်သပိတ်မှောက်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာတွေနဲ့ တရားရုံးစိန်ခေါ်မှုတွေက အဟန့်အတား

> **အာဖရိကနိုင်ငံသားများနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေ မဖြစ်မနေလုပ်ဆောင်ရမှာကတော့ ၄င်းတို့နဲ့ထိုက်တန်တဲ့ အုပ်ချုပ်မှုစနစ်ကိုရရှိဖို့အတွက် ဒီထက်ပိုပြီးတော့ ဆန္ဒသဘောထားတွေကို ဆက်လက်ဖော်ပြသွားပြီး မဲအရေအတွက် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။**

ဖြစ်လာပြီး ရွေးကောက် ပွဲတွေကို လွဲချော်နှောင့်နှေးစေခဲ့ပါတယ်။

**အနာဂတ်သို့ မျှော်မှန်းကြည့်ခြင်း**

၂၀၁၆ ခုနှစ်ရဲ့ ကျန်ရှိနေတဲ့ ကာလအပိုင်းအခြားဟာ စိတ်ဓာတ်ကျဖွယ်ရာပုံရိပ်ကို ပြောင်းလဲစေမှာလား။ အီကွေတိုရီယယ်၊ ဂီနီ၊ ဆာအိုတိုမီနဲ့ ပရင်စီပီ၊ ဂမ်ဘီယာတို့မှာ ပြည်တွင်းအဖွဲ့အစည်းတွေ၊ အတိုက်အခံပါတီတွေနဲ့ ပြင်းပြင်းထန်ထန်စည်းကမ်းတင်းကျပ်ခံထားရတဲ့ မီဒီယာတွေအတွက် လွတ်လပ်ခွင့်နဲ့အတူ နှစ်ရှည်တာဝန်ထမ်းဆောင်လာရတဲ့အကြီးအကဲတွေအတွက် ရွေးကောက်ပွဲပြန်လည် ကျင်းပနိုင်တော့မယ့် အလားအလာကောင်းတွေကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ ရွေးကောက်ပွဲဥပဒေသစ်ကို ဆန့်ကျင်ဆန္ဒပြကြရာကနေ လူ ၃၀ မက သေဆုံးခဲ့ရပါတယ်။

၂၀၁၆ ရွေးကောက်ပွဲကြီးဟာ အဆင်သင့်မဖြစ်သေးလို့၊ ရန်ပုံငွေမရှိလို့၊ သန်းခေါင်စာရင်းမရှိလို့စတဲ့ ဆင်ခြေဆင်လက်စောဒကတက်မှုတွေနဲ့ မဲဆန္ဒရှင်တွေရဲ့ ဝိရောဓိဖြစ်မှုတွေကြောင့် နောက်ထပ်နှစ်တွေများစွာကြာအောင် နှောင့်နှေးကြန့်ကြာသွားမှာကို ပြည်သူတစ်ရပ်လုံးက စိုးရိမ်သောကရောက်နေကြရပါတယ်။ ပြီးတော့ ဒီရွေးကောက်ပွဲဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတဂျိုးဆက်ကာဘီလာရဲ့တိုတောင်းတဲ့ အုပ်ချုပ်မှုကာလကို ဆွဲဆန့်ဖို့ ပရိယာယ်တစ်ခုများဖြစ်လေမလား။

အာဖရိကနိုင်ငံသားများနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေ မဖြစ်မနေလုပ်ဆောင်ရမှာကတော့ ၄င်းတို့နဲ့ထိုက်တန်တဲ့ အုပ်ချုပ်မှုစနစ်ကိုရရှိဖို့အတွက် ဒီထက်ပိုပြီးတော့ ဆန္ဒသဘောထားတွေကို ဆက်လက်ဖော်ပြသွားပြီး မဲအရေအတွက်ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီမိုကရေစီ ဘက်တော်သား ရဲဘော်ရဲဘက်များကတော့ မျှော်လင့်ချက်တွေ မပျက်ယွင်းသေးပါဘူး။ ဩဂုတ်လမှာပြုလုပ်ခဲ့တဲ့ တောင်အာဖရိကနိုင်ငံရဲ့ ဒေသတွင်းရွေးကောက်ပွဲများနဲ့ ဒီဇင်ဘာလက ဂါနာမှာ ပြုလုပ်ခဲ့တဲ့ သမ္မတရွေးကောက်ပွဲတွေကို ပြန်ပြောင်းကြည့်လိုက်ရင် နှစ်ခုလုံးဟာလွတ်လပ်ပြီး တရားမျှတတဲ့၊ ငြိမ်းချမ်းစွာယှဉ်ပြိုင်ခဲ့တဲ့ ရွေးကောက်ပွဲတွေလို့ ဆိုရမှာပါ။

ဇမ်ဘီယာနိုင်ငံမှာ သမ္မတနှစ်ဆက် ကွယ်လွန်ခဲ့ပြီး ၂၀၀၈ ခုနှစ်ကစတင်ကာ နိုင်ငံရဲ့ပဥ္စမမြောက် ခေါင်းဆောင်ကို ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ခက်ခဲတင်းကျပ်မှုတွေရှိပေမယ့် တည်ငြိမ်တဲ့ ရွေးကောက်ယှဉ်ပြိုင်မှုဖြစ်ခဲ့ပါတယ်။

ဧပြီလ ၁၉ ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဟာ အာဖရိက ခေါင်းဆောင်တွေကို အုပ်ချုပ်မှုကာလသက်တမ်းကုန်ဆုံးသွားပြီဖြစ်တဲ့အတွက် ရုံးတော်ကနေထွက်ခွာဖို့ တိုက်တွန်းခဲ့ပါတယ်။ အဲဒီအချိန်မှာ ပုန်ကန်ထကြွမှုတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ အကြမ်းဖက်ဆူပူမှုတွေကြောင့် အာဖရိကနိုင်ငံမှာရှိတဲ့ လေ့လာစောင့်ကြည့်ရေးမစ်ရှင်အဖွဲ့ဟာ ရွေးကောက်ပွဲဆိုင်ရာ မညီညွတ်မှုများစွာကိုပြေပျောက်စေလိုတဲ့ ဆန္ဒများပေါ်ပေါက်ကာ ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်လာခဲ့ပါတယ်။

သို့ပေမယ့် ဒါဟာ တရားမျှတစွာ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကအုပ်စိုးမယ့် တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ကို ထူထောင်ဖို့အကူအညီဖြစ်စေခြင်းငှာ မတတ်စွမ်းနိုင်သေးပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ဆိုတာဟာ ရွေးကောက်ပွဲဆိုင်ရာ ပရိယာယ်များနဲ့ မသက်ဆိုင်ပါဘူး။

**ကိုးကား-World Affairs Journal (14-6-2016)**



ဒီမိုကရက်တစ်မဟာမိတ်ခေါင်းဆောင် ဟီလန်ဇီလီနှင့် အာဖရိကအမျိုးသားကွန်ဂရက်လွှတ်တော် အထွေထွေအတွင်းရေးမှူးချုပ် ဂွာဒီမန်တာရှီတိုကို မေ ၈ ရက်က လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏ ရလဒ်ထုတ်ပြန်ရေးဌာနတွင် တွေ့ရစဉ်။

---

## ဒုတိယကမ္ဘာစစ်မှစကာ ဒုက္ခသည်စီးဝင်မှုအမြင့်ဆုံးဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီ အကြီးအကဲပြော

**ဂျီနီဗာ ဇွန် ၂၀**

ပဋိပက္ခများကြောင့် အိုးပစ်အိမ်ပစ်ထွက်ပြေးလာရသူများသည် မကြုံစဖူးအမြင့်ဆုံးအဆင့်သို့ရောက်ရှိလာကြောင်း ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီကပြောသည်။ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများနှင့် ပြည်တွင်းရွှေ့ပြောင်းသူများသည် ၂၀၁၅ခုနှစ်အကုန်တွင် ၆၅ ဒသမ ၃သန်းအထိတက်လာကြောင်း၊ တစ်နှစ်လျှင် ၄သန်းတိုးလာကြောင်း ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီကခန့်မှန်းထားသည်။ ကုလသမဂ္ဂဒုက္ခသည် အေဂျင်စီအကြီးအကဲက ရွှေ့ပြောင်းဒုက္ခသည်အကျပ်အတည်းမြင့်မားလာသောကြောင့် နိုင်ငံခြားသားကြောက်လန့်ခြင်း (သူစိမ်းကြောက်ခြင်း-Xenophobia) အခြေအနေသည် ဥရောပသို့ဝင်ရောက်လာပြီဖြစ်ကြောင်း ပြောခဲ့သည်။ ဒုတိယကမ္ဘာစစ်မှစကာ လူများစီးဝင်လာမှုသည် ယခုအချိန်အခါတွင် အများဆုံးဖြစ်ကြောင်း၊ ထိုသို့လူများစီးဝင်လာမှုသည် လက်ယာယိမ်း အစွန်းရောက်အုပ်စုများ (အကောင်းမြင်ဝါဒီ)များကို ထောက်ခံမှုများဖြစ်လာစေကာ လူဝင်မှုကြီးကြပ်ရေးဆန့်ကျင်မှုနှင့်ပတ်သက်သော မူဝါဒများအပေါ် အငြင်းပွားမှုများဖြစ်ပွားနေကြောင်းသိရသည်။ ပဋိပက္ခများကြောင့် အိုးပစ်အိမ်ပစ်ထွက်ပြေးလာရသူများသည် စစ်ပွဲဒဏ်ခံဆီးရီးယား၊ အာဖဂန်နစ္စတန်နှင့် ဆိုမာလီယာနိုင်ငံတို့မှအများဆုံးဖြစ်ကြောင်း သိရသည်။

**(ဘီဘီစီ)**

# တောင်တက်စက်ဘီးပြိုင်ပွဲ သံဖြူဇရပ်မြို့တွင်ကျင်းပ

**သံဖြူဇရပ် ဇွန် ၂၀**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန သံဖြူဇရပ်မြို့နယ် စက်ဘီးဆပ်ကော်မတီနှင့် GTM စက်ဘီးရောင်းဝယ်ရေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် သံဖြူဇရပ်မြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို ဇွန် ၁၉ ရက်က သံဖြူဇရပ်မြို့၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် နေပြည်တော်၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်းမှ စက်ဘီးသမား ၈၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး သံဖြူဇရပ်မြို့မဈေးအရှေ့မှ စတင် တာလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယခုကျင်းပသည့် ခရီးကြမ်းစက်ဘီးပြိုင်ပွဲကို အသက် ၄၀ အထက်နှင့် အသက် ၄၀ အောက်အုပ်စု သတ်မှတ်ယှဉ်ပြိုင်စေပြီး မုဒုံမြို့နယ် ကွမ်လှာကျေးရွာအရှေ့ဘက်တောလမ်းမှ ဝင်ရောက်ကာ အမြင့်ပေ ၆၀၀ ခန့်ရှိ တောင်ကြောနှင့် စမ်းချောင်းများကို ဖြတ်သန်းစီးနင်းစေ၍ မြို့မဈေးအရှေ့သို့ ပြန်လည်ဝင်ရောက်စေခဲ့ရာ ၄၀နှင့်အောက်အုပ်စုတွင် ချစ်ကိုကို (GTM Club) က ပထမနှင့် ၄၀ နှင့်အထက် အုပ်စုတွင် ဦးလွန်းသိန်း(သံဖြူဇရပ်)တို့က ပထမပန်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**




# ရေးမြို့နယ်တွင် ကွမ်းသီးများဈေးနှုန်းကျ

**ရေး ဇွန် ၂၀**

မွန်ပြည်နယ် ရေးမြို့နယ်၏ အဓိကဒေသထွက်ကုန်ဖြစ်သော ကွမ်းသီးများမှာ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ကွမ်းသီးရောင်းဝယ်ရေးလုပ်ကိုင်နေသူများထံမှ သိရသည်။

သကြံန်လွန်ကာလကွမ်းသီးဈေးကွက်မှာမူ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ မှ ၄၇၀၀ အထိရရှိကြပြီး ယခုလက်ရှိပေါက်ဈေး ၁ ပိဿာလျှင် ၄၃၀၀ သာဖြစ်၍ ၁ ပိဿာကို ၄၀၀ အထိကျဆင်းလာကာ နယ်စပ်ဂိတ်သို့ တင်ပို့ရာတွင်လည်း လမ်းခရီးတွင် မြစ်ရေကြီးခြင်း၊တံတားပျက်စီးခြင်းကြောင့် အိန္ဒိယနိုင်ငံမှကုန်သည်များကပါ အဝယ်နည်းပါးကျဆင်းလာနေကြောင်း သိရသည်။

အဆိုပါကွမ်းသီးဈေးကွက်တွင် အရောင်းအဝယ်ပါကျဆင်းလာသည်နှင့်အမျှ ခြံရှင်စိုက်ပျိုးတောင်သူများလည်း ထိုက်သင့်သည့်ဈေးနှုန်းများမရသဖြင့် ဝင်ငွေထိခိုက်လာကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ကြီးကြပ်နိုင်ရေးအလုပ်ရုံဆွေးနွေး

**ပေါင် ဇွန် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကျောင်းများတွင် ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ကြီးကြပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက်က အထက ပေါင်မြို့ရွှေရတုခန်းမ၌ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပေါင်မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက မြို့နယ်အတွင်းရှိ ပညာရေးဌာန၏ရက် ၁၀၀ စီမံချက်အရ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်ငါးရပ်ဖြစ်သော ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေး၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ကျောင်းကျန်းမာရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရေးနှင့် ကျောင်းများ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ် ကြိုတင်ကာကွယ်ရေးများ လုပ်ဆောင်နိုင်ရန် ဆက်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ဇွန် ၂၀ ရက်မှ ၂၆ ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဆွေးနွေးပြီး ပေါင်မြို့နယ် ဒုတိယပညာရေးမှူး ဦးဝင်းလှိုင်က ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးမည့် သတ်မှတ်စံနှုန်းများကိုအသေးစိတ် ရှင်းလင်းတင်ပြသွားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လိုင်စင်မဲ့အရက်ဆိုင်များကို ဇူလိုင်လဆန်းပိုင်းမှစတင်အရေးယူမည်

**သထုံ ဇွန် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အရက်၊ ဘီယာနှင့်ပတ်သက်၍ ဥပဒေခွင့်ပြုချက်အရသာ ရောင်းချသောက်သုံးစေခြင်းဖြင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တရားမဝင်လိုင်စင်မဲ့ ယစ်မျိုးအရက်ဆိုင်များနှင့် သတ်မှတ်လိုင်စင်စည်းကမ်းများကို ကျော်လွန်ကာရောင်းချနေသည့် အရက်၊ ဘီယာဆိုင်များကို ဇူလိုင်လဆန်းပိုင်းမှ စတင်ကာ ထိရောက်စွာဖမ်းဆီးပြီး ဥပဒေအရ အရေးယူသွားတော့မည်ဖြစ်ကြောင်း သိရသည်။

"လိုင်စင်ထုတ်ပေးတဲ့ ဧပြီလလောက်ကစပြီး တောက်လျှောက် တရားမဝင်ဆိုင် တွေကိုပိတ်ဖို့ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာတွေအလိုက် ပညာပေးဆွေးနွေးတာမျိုးတွေ လုပ်လာခဲ့တယ်။ ဒီအခြေအနေကမှထပ်ပြီး ကျူးလွန်တာမျိုးကိုတော့ စီမံခန့်ခွဲရေးနည်းလမ်းနဲ့ အရေးယူခဲ့တာလည်းရှိပါတယ်။ လာမယ့် ဇူလိုင်လ ဆန်းပိုင်းကနေစပြီးတော့ ဒီလိုလိုင်စင်မရှိတာရော ကျော်လွန်ရောင်းနေတာတွေကိုပါ ဖမ်းဆီးပြီးတော့ ယစ်မျိုးဥပဒေအရ ထိရောက်စွာ အရေးယူသွားမယ်"ဟု သထုံမြို့နယ် တရားမဝင်ယစ်မျိုးအရက်ဆိုင်များ တားဆီးနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

ထိုသို့ အရေးယူနိုင်ရန်အတွက် သတင်းဖော်ထုတ်ရေးအဖွဲ့နှင့် တားဆီးနှိမ်နင်းရေးအဖွဲ့ တို့ကို ဖွဲ့စည်းထားပြီး သတင်းဖော်ထုတ်ရေးအဖွဲ့က ဒေသတွင်းရှိ လိုင်စင်မဲ့အရက်ဆိုင်များနှင့် သတ်မှတ်လိုင်စင်စည်းကမ်းများကို ကျော်လွန်ရောင်းချနေသည့်အရက်၊ ဘီယာဆိုင်များကို လိုက်လံစုံစမ်းကာ တားဆီးနှိမ်နင်းရေးအဖွဲ့က ရှောင်တခင်ဝင်ရောက်ဖမ်းဆီးပြီး ယစ်မျိုးဥပဒေအတိုင်း အရေးယူဆောင်ရွက်ရေးလုပ်ငန်းများကို အလျဉ်းသင့်သလို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သထုံမြို့နယ်အတွင်းတရားဝင်လိုင်စင်ဖြင့် အရက်၊ ဘီယာရောင်းချနေသည့်ဆိုင် ၁၃၇ ဆိုင်ရှိပြီး ယခုနှစ် ဧပြီလမှစတင်သည့် ပညာပေးကာလအတွင်း လိုင်စင်မဲ့ အရက်ဆိုင် ကိုးဆိုင်ကို အရက်ဘီယာများအား ပိုင်ရှင်ကိုယ်တိုင်ဖျက်ဆီးစေခြင်းဖြင့် စီမံခန့်ခွဲရေးနည်းလမ်းအတိုင်း အရေးယူခဲ့ရကာ လာမည့်ကာလများတွင် ၂၀၁၅ခုနှစ်၌ အသစ်ပြင်ဆင်ထားသည့် ယစ်မျိုးဥပဒေဖြင့် အရေးယူသွားတော့မည်ဖြစ်ကြောင်း သထုံမြို့နယ် ယစ်မျိုးလုပ်ငန်း စိစစ်ရေးအဖွဲ့မှ သိရသည်။

**သက်ဦး(သထုံ)**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်

**ပုလဲ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် နှောကန်ကျေးရွာ ပုလဲ-ဂန့်ဂေါ ကားလမ်းဘေး၌ ဒေါ်အောင်ဆန်းစုကြည်၏ ၇၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၉ ရက်က ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သစ်ပင်မျိုးစုံ ၆၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး( ဧယျာမြေ )**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) မအူပင်တက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် မအူပင်တက္ကသိုလ် ငွေစာရင်းဌာနတွင် အိတ်ဖွင့်ဈေးနှုန်းလွှာပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို သတ်မှတ်ကျသင့်ငွေများပေးသွင်း၍ ၂၀-၆-၂၀၁၆ ရက်(တနင်္လာနေ့)မှ စတင်ဝယ်ယူနိုင်ပါသည်-

- ၁။ စက်ပစ္စည်းများ
- ၂။ ပရိဘောဂပစ္စည်းများ
- ၃။ လက်တွေ့ခန်းသုံးပစ္စည်း (Apparatus)
- ၄။ လက်တွေ့ခန်းသုံးပစ္စည်း (Chemical)
- ၅။ Educational Books

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)(၁၆း၀၀)နာရီဖြစ်ပြီး မအူပင်တက္ကသိုလ် အိတ်ဖွင့်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့သို့ နမူနာပစ္စည်း(သို့မဟုတ်) ပုံပြစာရွက်စာတမ်းများနှင့်အတူ အရောက်ပေးပို့တင်သွင်းရပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မအူပင်တက္ကသိုလ် ဖုန်း-၀၄၅-၃၀၁၄၁၊ ၀၄၅-၃၀၁၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**မအူပင်တက္ကသိုလ်**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၅၅၉၊ ဧရိယာ ၂၅၂၀ စတုရန်းပေရှိ နှစ်၆၀ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို ဂရန်အမည်ပေါက် ဦးထွန်းဖေထံမှ Special Power လွှဲအပ်ယူပြီး ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးစိုးသက် ၁၂/ရကန(နိုင်)၀၄၇၂၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမူ ၁၂/လသန(နိုင်)၀၁၀၀၂၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး LL.B, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၇၈၂)**
**အမှတ် ၁၁၂၈၊ သရဖီ ၇ လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စိုက်ပျိုးရေး(၁)လမ်း၊ အမှတ် ၁၇ ဟုခေါ်တွင်သော အလျား ၁၈ပေ×အနံ ၁၃၅ပေအကျယ်အဝန်းရှိ နေအိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးအောင်ကိုလတ် ၁၂/ခရန(နိုင်)၀၁၀၅၁၆၊ ဒေါ်သီသီနိုင် ၁၂/မဂဒ(နိုင်)၀၉၉၂၉၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသင်းခိုင် ၁၂/အစန(နိုင်)၀၀၂၇၉၂မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၅ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟကျော် (၃၄၈၆၀) အထက်တန်းရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊ အင်းစိန်မြို့နယ်**



## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဥ-၄၀၃၈)၊ ဧရိယာ ၀ ဒသမ ၃၃၀ ဧက ဗိုလ်မှူးချုပ်မိုးအောင် အမည်ပေါက်နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒေါ်အေးခိုင်ညွန့် ၁၂/ဗဟန(နိုင်)၀၀၈၆၄၇(ဘ)ဦးအောင်ညွန့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**



## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
## ကျိုင်းတုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျိုင်းတုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (၁) | Lab Equipment | (၃၈) မျိုး |
| (၂) | စက်ပစ္စည်း | (၁) မျိုး |
| (၃) | ရုံးသုံးစက်ပစ္စည်း | (၁) မျိုး |
| (၄) | ပရိဘောဂပစ္စည်း | (၃) မျိုး |
| (၅) | Educational Books | 1. Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၈၄-၂၁၆၈၁၊ ၀၈၄-၂၂၅၅၀၊ ၀၈၄-၂၂၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ကျိုင်းတုံတက္ကသိုလ်**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ(၂)လမ်း၊ အမှတ် ၂၁၅/ခ၊ ခြေရင်းခြမ်း ပေ(၂၀×၆၀)မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးမြတ်မင်းနှင့် ဦးအေးမင်းထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်ဖြစ်ပြီး ယခုလက်ရှိအချိန်တွင် စာချုပ်အဆက်အစပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်လင်းထွေး ၁၂/သဃက(နိုင်)၁၅၇၂၈၈ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယင်းအိမ်မြေနှင့်ပတ်သက်သည့် ခိုင်လုံသော စာချုပ်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်ဝင်း ၁၄/မအန(နိုင်)၁၁၁၀၁၀**
**အမှတ် ၃ (ခ)၊ လေးလွှာ (A)၊ သမာဓိ ၂ လမ်း၊ ဆ/က ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၂၆၇၇၇**



## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ချောင်းသာ(၂)လမ်း၊ အမှတ် (၉၇၇/ခ)၊ (၂၀' ×၆၀') မြေကွက် မူလအမည်ပေါက် ဦးသောင်းမြင့် (ဘ) ဦးထွန်းတင် ထံမှ ၁၉၉၅-ခုနှစ်၊ မေလ (၂၁)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ထွေး (ဘ) ဦးဘဆင့် (၁၂/ဗဟန(နိုင်)၀၂၂၂၆၇) မှ စာရွက်စာတမ်းမူရင်းပျောက်ဆုံးသွားပါသဖြင့် မြို့မြေစာရင်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေး) ကော်မတီရုံးတွင် အသစ်ပြန်လည်ထုတ်ယူ၍ အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သွဲ့သွဲ့ငလး (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၁၂၈၇၅)
စီးပွားရေးနှင့် ဥပဒေရေးရာအတိုင်ပင်ခံ
တိုက် (၁၈)၊ အခန်း (၅)၊ စစ်ကိုင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၁-၅၁၈၂၈၆၊ ၀၉-၃၁၁၅၁၁၄၁၊ ၀၉-၂၆၁၁၁၅၀၆

# ငွေပေး၍ လူသတ်အလောင်းဖျောက်ဖျက်ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ကျောက်ပန်းတောင်း ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦးလမ်းအထွက် ညောင်ကန်ဒေါင့်ကျေးရွာအနီး၌ လွန်ခဲ့သော သုံးရက်ခန့်က လူသတ်ပြီး အလောင်းဖျောက် စွန့်ပစ်ထားသည့်အမှုအား မြို့နယ်ရဲတပ်ဖွဲ့မှ စဉ်ဆက်မပြတ် စုံစမ်းထောက်လှမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူနှင့် အပေါင်းအပါ ခြောက်ဦးတို့အား ဇွန် ၁၉ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က ဦးအောင်ကျော်မြင့်သည် ကန်သာယာကျေးရွာသို့ ပြန်လာစဉ် ညောင်ကန်ဒေါင့်ကွင်း ယာခင်းအစပ်၌ အမည်မသိ အမျိုးသားတစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် လဲကျသေဆုံးနေကြောင်း သတင်းပေးပို့မှုအရ ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခန္ဓာကိုယ်တွင် စုစုပေါင်း ထိုးသွင်းဒဏ်ရာရှစ်ချက်ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပြီး အလောင်းအား ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ တပ်ဖွဲ့ဝင်များက မြို့တွင်း၊ မြို့ပြင်တစ်ပြိုင်နက် ဖြန့်ခွဲစုံစမ်းခဲ့ရာ ဇွန် ၁၇ ရက်တွင် သေဆုံးသူမှာ မင်းဇော်ဦး(၄၀ နှစ်) အောင်ဇေယျ (ကြားဖြတ်)ဂိတ်မှူး မီးသွေးရောင်းဝယ်ရေး စံပြရပ်ကွက် ကျောက်ပန်းတောင်းမြို့နေသူဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ၎င်း၏ဇနီးသည် မအေးအေးချိုအား သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံနှင့် ဆိုင်ကယ်ဓာတ်ပုံများကိုပြသရာ ၎င်း၏ခင်ပွန်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ သေဆုံးသူနှင့် ဇနီးဖြစ်သူတို့မှာ အိမ်ထောင်ရေး အဆင်မပြေမှုများ ရှိကြောင်း၊ မအေးအေးချိုသည် လွန်ခဲ့သော တစ်ပတ်ခန့်ကပင် နေအိမ်ရှိ မီးသွေးလုပ်ငန်းအကြောင်းပြကာ မကွေးတိုင်းဒေသကြီးဘက်မှ လူစိမ်းအမျိုးသား သုံးဦးအား ခေါ်ဆောင်ထားကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းနေအိမ်မှ မအေးအေးချို၊ မခင်စိန်၊ မခင်အိ၊ အောင်အောင်(ခ)အောင်သူချစ်၊ ကိုထက်(ခ)ထက်ရှားနှင့် ဖြိုးဝေ(ခ)ပိုလ်အိစိတို့ ခြောက်ဦးအား မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

အထက်ပါ ခြောက်ဦးအနက် အောင်အောင်(ခ)အောင်သူချစ်၊ ကိုထက်(ခ)ထက်ရှားနှင့် ဖြိုးဝေ(ခ)ပိုလ်အိစိတို့ သုံးဦးက အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့ကြကြောင်း ဝန်ခံထွက်ဆိုခဲ့ကြသည်။ ၎င်းတို့ထွက်ဆိုချက်အရ သေဆုံးသူ၏ဇနီးဖြစ်သူက ၎င်း၏ခင်ပွန်းကို သတ်ပေးရန်နှင့် လုပ်ငန်းကိစ္စပြီးပါက အောင်အောင်(ခ)အောင်သူချစ်အား ငွေကျပ် သုံးသိန်း၊ ကိုထက်(ခ)ထက်ရှားနှင့် ဖြိုးဝေ(ခ)ပိုလ်အိစိတို့နှစ်ဦးအား ငွေကျပ် ငါးသောင်းစီ ပေးမည်ဟု စေခိုင်းခဲ့ကြောင်း သိရသည်။ ၎င်းနောက် အောင်အောင်(ခ)အောင်သူချစ်ပါ သုံးဦးသည် မင်းဇော်ဦးအားနေအိမ်တွင် အိပ်ပျော်နေစဉ် သတ်၍ လမ်းဘေး၌ စွန့်ပစ်ထားခဲ့ကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် မအေးအေးချို၊ မခင်စိန်၊ မခင်အိနှင့် ၎င်းတို့အမျိုးသားသုံးဦးအတူ ပါဝင်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အဆိုပါ ထွက်ဆိုချက်အရ မအေးအေးချို(ခ)မချို(၄၀ နှစ်)၊ မခင်စိန်(၄၈ နှစ်)၊ မခင်အိ(၄၁ နှစ်)၊ အောင်အောင်(ခ) အောင်သူချစ်(၂၄ နှစ်)၊ ကိုထက်(ခ)ထက်ရှား(၁၉ နှစ်)နှင့် ဖြိုးဝေ(ခ)ပိုလ်အိစိ(၁၈ နှစ်) တို့ကို ဇွန် ၁၉ ရက်က ဖမ်းဆီးရမိခဲ့၍ အမှုနှင့်ပတ်သက်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



ပြစ်မှုကျူးလွန်သူများ အလောင်းစွန့်ပစ်သည့်နေရာကို ပြသစဉ်

# သီပေါမြို့နယ်အတွင်း ပြင်ဦးလွင်-လားရှိုး အဆန်ကုန်တင်ရထား တွဲချော်

**သီပေါ ဇွန် ၂၀**

ပြင်ဦးလွင်မှ လားရှိုးသို့ ထွက်ခွာလာသည့် အမှတ်(၂၅၉) အဆန် ကုန်တင်ရထား (စက်ခေါင်းအမှတ် DF 2060)သည် သီပေါမြို့နယ် တာပုလဲဘူတာနှင့် စဉ့်အင်ဘူတာ မိုင်တိုင်အမှတ်(၅၂၆/၈-၁၀)ကြား အရောက် ဇွန် ၁၉ ရက် မွန်းလွဲ ၁၂နာရီ ၂၅မိနစ်တွင် တွဲ(၃)တွဲ လမ်းချော်မှုဖြစ်ပွားခဲ့သည်။

အဆိုပါတွဲချော်နေသည့် မီးရထားအား မြန်မာ့မီးရထား(သီပေါ) မှ အငယ်တန်းအင်ဂျင်နီယာ ဦးသက်ပိုင်မှူးကျော် ဦးစီးသည့် ဝန်ထမ်းငါးဦးတို့က သွားရောက်ပြုပြင်လျက်ရှိပြီး ယနေ့ ညနေ ၃ နာရီခွဲအထိ ပြင်ဆင်မှုမပြီးသေးသောကြောင့် သီပေါဘူတာတွင် လားရှိုးသွားရန် စောင့်ဆိုင်းနေသည့် ခရီးသည်များ ရှိနေသည်ကို တွေ့ရသည်။ အဆိုပါ မီးရထားတွဲချော်မှု ပြုပြင်ပြီးစီးချိန်ကို ခန့်မှန်း၍မရနိုင်သေးကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မန္တလေးတွင် လိုင်စင်မဲ့ယာဉ် ၃၆ စီး ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့ ချမ်းမြသာစည်(တောင်)ရပ်ကွက် အကွက် (၉၀၂) စစ်ကိုင်းလမ်းခွဲအနီး အောင်မြေရွှေဘုံကျောင်းတိုက် သာသနာ့ဗိမာန်ကျောင်းဝင်းအတွင်း၌ ဇွန် ၂၀ရက် နံနက် ၈ နာရီခွဲက ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့မော်တော်ယာဉ် ၂၇ စီး တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် လေယာဉ်ကွင်းဟောင်းအနီးရှိ သာသနာ့ရံသီ အတုလကာရီကျောင်းတိုက်အတွင်းမှ ယာဉ်ကိုးစီးကို ထပ်မံဖမ်းဆီးရမိသည်။

"ရက် ၁၀၀ စီမံချက်လည်း လုပ်နေတယ်။ ကျောင်းဝင်းထဲမှာ ကားတွေအများကြီး ရှိတယ်ဆိုတာသိရပြီး ပူးပေါင်းအဖွဲ့နဲ့ ဝင်ရောက်စစ်ဆေးခဲ့ရာမှာ လိုင်စင်မဲ့ကားတွေ ဆိုတာသိရလို့ ရှာဖွေပုံစံနဲ့ သိမ်းဆည်းခဲ့တယ်။ စစ်ဆေးမှုတွေ ဆက်လုပ်နေပါတယ်" ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် သံဃနာယကဆရာတော်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ်(၁၁) နယ်မြေခံရဲတပ်ဖွဲ့ အပါအဝင် ၂၅ ဦး၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်စစ်ဆေးရာမှာ လိုင်စင်မဲ့ယာဉ်များကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

"လိုင်စင်မဲ့ဆိုတာကို ကားရဲ့ချက်စီနံပါတ်နဲ့ ကညနမှတ်တမ်းက ကွန်ပျူတာမှာ စစ်ဆေးတယ်။ မှတ်ပုံတင်လုပ်မထားဘူးဆိုတာ ကညနက တရားဝင်အကြောင်းပြန်တယ်။ လိုင်စင်မဲ့ဆိုရင်တော့ ဥပဒေကြောင်းအရ သက်ဆိုင်ရာ နယ်မြေရဲစခန်းမှာ အမှုဖွင့်တယ်"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးတစ်ဦးက ပြောသည်။

တရားမဝင်တင်သွင်းလာသည့် လိုင်စင်မဲ့ယာဉ်များနှင့်အတူ ကိုနိုင်(ခ)ကိုအောင်နိုင်ဦးနှင့် ကိုရဲမင်းထက်တို့ကို တွေ့ရှိရပြီး လိုင်စင်မဲ့မော်တော်ယာဉ်များအား ခရိုင်ရဲရုံးနှင့် မြို့နယ်ရဲစခန်းတို့တွင် သယ်ယူသိမ်းဆည်းခဲ့ကြောင်း သိရသည်။

လိုင်စင်မဲ့ ကားဈေးကွက်တွင် အမြင့်ဆုံး ငွေကျပ် သိန်း ၁၀၀ မှ အနိမ့်ဆုံး ငွေကျပ် ၂၅ သိန်းဝန်းကျင်ရှိပြီး နယ်ဒေသများက လာရောက်ဝယ်ယူမှုများကြောင့် ယင်းလိုင်စင်မဲ့ကားဈေးကွက်ရှိနေဆဲဖြစ်ကြောင်း ကားပွဲစားတစ်ဦးက သုံးသပ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကသာမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကသာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ် တွင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅၀ ကို ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့သည်။ ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် နံနက် ၆ နာရီခန့်က ခရိုင်မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ဒုရဲမှူး ရန်နိုင်ထွန်းသည် ရက် ၁၀၀ စီမံချက်အရ တပ်ကြပ်ကြီး ဇော်မျိုးဦး၊ တပ်ကြပ်ကြီး အောင်ဇော်လတ်၊ ခရိုင်မှုခင်းနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ်၌ စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ အောင်ဆန်းဦးဆိုသူ ရှေ့မှစီးနင်း၍ ၎င်းနောက်မှ မခေါ်န်တောင်လိုက်ပါလာသော ၁၂၅ ဆိုင်ကယ်ကိုမသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားထဲမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅၀ ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် အောင်ဆန်းဦး(ခ)မုတ်ဆိတ် စင်းဖုတ်ကျေးရွာ ရွှေကူမြို့နယ်နေသူနှင့် မခေါ်န်တောင် မိုင်းနောင်ကျေးရွာ မိုးညှင်းမြို့နယ်နေသူတို့အား ကသာမြို့မရဲစခန်းက ဥပဒေအရအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9074 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၇၆၃၈၅ Shuying 125, M/Cယာဉ်အမည်ပေါက်သူ ဦးဇွဲထက်အောင် ၉/မဟမ (နိုင်)၀၃၂၄၀၀က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၇၇၅၇ Hibird 100, M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘိုနီကာ ၉/မနမ(နိုင်) ၀၉၇၀၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**


## JES Driver Academy

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်ပြီး ကျွမ်းကျင်စွာ ယာဉ်မောင်းတတ်လိုသူများအတွက်၊(က.ည.န) အငြိမ်းစားများ ဦးစီးသော JES Driver Academy သင်တန်း အမှတ်စဉ် (၆/၁၆) ဖွင့်ပါပြီ။ ဇူလိုင်လ (၄) ရက်နေ့ (၄ - ၇ - ၂၀၁၆) တနင်္လာနေ့ တွင်သင်တန်းစတင်ပါမည်။ အောက်ပါနေရာနှင့်တယ်လီဖုန်းနံပါတ်များတွင် စုံစမ်းစာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။
အမှတ်(၆)၊ပထမထပ်၊(၁၂)လမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
09 8581144, 09 32173735, 09 263145979, 09 797815723, 09 263464993, 09 32250319
www.facebook.com/jesdriveracademy

## JES Driver Agency အတွက်

ယာဉ်မောင်းသင်တန်းတက်လိုသူများသင်တန်းကြေး - ၃၀၀၀၀/- ကျပ် ဖြင့်တက်ရောက်နိုင်ပါသည်။ (၄ - ၇ -၂၀၁၆) ရက်နေ့တွင်ဖွင့်ပါမည်။ (ခ) ယာဉ်မောင်းလိုင်စင်ရသည်အထိဆောင်ရွက်ပေးပါသည်။ အမျိုးသမီးများပါတက်ရောက်နိုင်ပါသည်။
အောက်ပါတယ်လီဖုန်းများတွင်စုံစမ်းနိုင်ပါသည်။
09-8581144, 09-32173735, 09-263145979, 09-797815723, 09-32250319, 09-263464993


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/1942 Land Rover P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်စိုး ၁၂/ပဘတ(နိုင်)၀၂၈၅၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ် (၁၆၃-စီ)၊ စီးပွားဇုန်လွန်ကန်အကွက်၊ ဦးပိုင်အမှတ်(၃၆)၊ ရေယာ ၀ဒသမ၈၂၈ကေရှိ မြေအား ဦးသက်နိုင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၂၄၈၂ Kenbo 125 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဝင်း ၅/ခဥတ(နိုင်)၀၆၁၃၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဦး ၉/မထလ(နိုင်)၀၁၂၉၅၀ အမှတ် ၄၉၆၊ ရွှေပြည်သာလမ်း၊ အမှတ်(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ လူနေရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ် ၄၉၆ ၏ တောင်ဘက်အခြမ်း၊ မြေကွက်အကျယ်(၂၀×၆၀)(မခွဲမစိတ်ရသေးသော)မြေအမျိုးအစား နှစ်ပေါင်း၆၀ ဂရန်မြေနှင့် ထိုမြေပေါ်ရှိ အမှတ် ၄၉၆၊ ရွှေပြည်သာလမ်း၊ အမှတ်(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ၊ ထိုမြေနှင့် အဆောက်အအုံတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက မူလအမည်ပေါက်ပိုင်ရှင် ဦးသန်းတင်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူထံမှ အရပ်ကတိစာချုပ်ဖြင့် တန်ဖိုးငွေအပြည့်အဝ ပေးချေဝယ်ယူပြီး လက်ရှိထားကာ အဆိုပါဥပစာတွင် နေထိုင်လျက်ရှိပါသည်။

အဆိုပါဥပစာအား ကျွန်ုပ်၏မိတ်ဆွေက သူတစ်ပါးထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ ငှားရမ်းထားခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း အလျှင်းမရှိပါ။ သို့ပါ၍ အဆိုပါဥပစာကို ကျွန်ုပ်၏မိတ်ဆွေကိုယ်တိုင် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သည့်လွှဲပြောင်းမှုတစ်စုံတစ်ရာကိုမျှ မပြုလုပ်ရန် တားမြစ်ကန့်ကွက်အပ်ပါသည်။ ကန့်ကွက်ချက်ကိုဆန့်ကျင်၍ လွှဲပြောင်းမှုတစ်စုံတစ်ရာကို ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးတင်ဦး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ညွှန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၃၂)**
**အမှတ် ၁၅၆/၁၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၈၁၇၅၅၊ ၀၉-၅၁၇၅၁၃၁**

## စာမူများဖိတ်ခေါ်ခြင်း

မုံရွာမြို့၊ အမှတ်(၂) အလယ်တန်းကျောင်း(ပြာသာဒ်ကျောင်း)၊ ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၁)ကြိမ်မြောက် **နှစ်(၅၀) ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ**ကို လာမည့် ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိပါသည်။

အဆိုပါ နှစ်(၅၀)ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဂုဏ်ပြုသောအားဖြင့် အလက(၂) **မုံရွာမြို့ ရွှေရတုမဂ္ဂဇင်း**ကို ထုတ်ဝေလိုပါ၍ အလက (၂) (ပြာသာဒ်ကျောင်း)၊ မုံရွာမြို့နှင့်ပတ်သက်သော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်ပုဂ္ဂိုလ်များထံမှ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ မှတ်တမ်းဓာတ်ပုံ စသည့်စာမူများကို ၃၁-၈- ၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ပေးပို့ရန်**

| | | |
|---|---|---|
| (၁) | ဦးရဲအောင်<br>ကျင်းပရေးကော်မတီဥက္ကဋ္ဌ | ဖုန်း-၀၉-၂၁၃၀၅၃၀ |
| (၂) | ဦးမြတ်ဇော်<br>မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ | ဖုန်း-၀၉-၆၈၁၈၅၉၄ |
| (၃) | ဦးဖေသန်း ဥက္ကဋ္ဌ၊<br>မုံရွာမြို့နယ်စာရေးဆရာအသင်း | ဖုန်း-၀၉-၂၂၂၈၂၄၇ |
| (၄) | ဦးမျိုးညွှန့်<br>မျိုးညွှန့်ပုံနှိပ်တိုက်၊ မုံရွာမြို့ | ဖုန်း-၀၇၁-၂၁၃၈၃ |
| (၅) | ဦးစိုးတင့်<br>စွယ်စုံဗီဒီယို၊ မုံရွာမြို့ | ဖုန်း-၀၉-၉၆၀၃၉၄၄၄၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၃၃၆၅၃ Luojia 110,M/Cယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၃/လရန(နိုင်)၀၃၁၅၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၀၈၂၂ New Zhimers, MCယာဉ်လက်ဝယ်ရှိသူ FAMILY MOTOR MYANMARက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# လက်ဖက်ပင်များကြား လိမ္မော်သီးညှပ်စိုက်ပျိုး

**သီပေါ ဇွန် ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်သူများအား စိုက်ပျိုးရေးနည်းပညာဆွေးနွေးခြင်း၊ နှစ်ရှည်သီးနှံပျိုးပင်များ ဖြန့်ဖြူးခြင်းနှင့်စိုက်စနစ်လက်တွေ့ပြသခြင်းကို ဇွန်လ ဒုတိယပတ်က နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာ ဇယ်လုံခန်းမ၌ ကျင်းပရာ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူတောင်သူ ၂၅၀ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမ့်ဆန်ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က အမှာစကားပြောကြားပြီး ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့်နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစိုင်းတိုးတိုးတို့က စိုက်ပျိုးနည်းပညာဆိုင်ရာများ ဟောပြောကြပြီး နှစ်ရှည်သီးနှံစိုက်ပျိုးနည်းများကို လက်တွေ့ပြသ၍ လိမ္မော်သီးနှံပျိုးပင် ၃၀၀၀၊ ထောပတ်သီးနှံ ပျိုးပင် ၁၀၀၀၊ စပါးမျိုးနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့များအား(အခမဲ့) ဖြန့်ဖြူးပေးအပ်ခဲ့သည်။

လက်ဖက်ပင်များကြားတွင် လိမ္မော်သီးနှံပင်သီးညှပ်စိုက်ပျိုးရခြင်း၏ အဓိကရည်မှန်းချက်မှာ ဧကပြည့်အပင်ဦးရေပြည့်မီသည့်အတွက် အပင်ပြုစုမှုလွယ်ကူခြင်း၊ လက်ဖက်ကိုင်းဖြတ်ပြုပြင်ခြင်းမှ ထွက်ရှိလာသည့် သစ်ရွက်ဆွေးနှင့် ပေါင်းမြက်တို့မှသဘာဝမြေဩဇာရရှိကာ လိမ္မော်ပင်မြေတွင် ပြုလုပ်နိုင်ခြင်း၊ လက်ဖက်ပင် လိုအပ်သည့် ၃၀ ရာခိုင်နှုန်းသော အရိပ်ကို လိမ္မော်ပင်မှ ပေးစွမ်းနိုင်ခြင်း၊ လိမ္မော်ပင်တွင် ကျရောက်နိုင်သည့် ပိုးမွှားရောဂါများ လက်ဖက်ပင်မှထွက်ရှိသည့် သဘာဝသတ္တုရည်အနံ့ကြောင့် ပိုးမွှားများ မျိုးဥမချနိုင်ခြင်း၊ မတွယ်ကပ်နိုင်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ပြီးသား ဖြစ်နေခြင်းများကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း နမ့်ဆန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မြို့နယ်သတင်းများ

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆားဗစ်ကြိုးများ ပြုပြင်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ သစ်ပင်များနှင့် မလွတ်ကင်းသော လျှပ်စစ်ဓာတ်ကြိုးများ၊ ဟောင်းနွမ်းဆားဗစ်ကြိုးများ ပြုပြင်တပ်ဆင်ခြင်းကို တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင်(၂) ဦးရန်လင်း၊ အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးခိုင်ဇော်ငြိမ်းနှင့် အင်ဂျင်နီယာ ဦးမျိုးဝင်း ခေါင်းဆောင်သော အဖွဲ့ဖြစ်သည့် အနောက်ပိုင်းခရိုင်အတွင်းရှိ လျှပ်စစ်မန်နေဂျာအဖွဲ့နှင့် လိုင်းဝန်ထမ်းများ (၁၂)မြို့နယ် စုစုပေါင်း ၁၃၁ ဦးဖြင့် ဇွန် ၁၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဤသို့ပြုလုပ်ရခြင်းမှာ လျှပ်စစ်အန္တရာယ်မှ ပြည်သူများကင်းဝေးစေရန် ပေါက်ပြဲ လျှပ်စစ်ကြိုးများ၊ သစ်ပင်သစ်ကိုင်းများနှင့် မလွတ်ကင်းခြင်းများကို သစ်ပင်များ ခုတ်ထွင်ခြင်း၊ ရှုပ်ထွေး၊ ပေါက်ပြဲသော ဆားဗစ်ကြိုးများပြုပြင်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မီးသုံးစွဲသူများအိမ်သို့ ဓာတ်အားဖြန့်ဖြူးပေးထားသော 230V Service ကြိုးများရှိ GI လိုင်းနှင့်တိုင်များတွင် Straining Insulator များ ထည့်သွင်းတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ လျှပ်စစ်ဌာနမှ သိရသည်။

**ရွှေတိုင်လွင်**

## မိုးနဲမြို့နမ့်ခုံး ရှမ်းများပရဟိတအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

**မိုးနဲ ဇွန် ၂၀**

ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်ခုံး ရှမ်းများ ပရဟိတအသင်းသို့ နမ့်စန်မြို့ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့စစ်( ဌာနေ )အဖွဲ့မှအလှူရှင် ဦးစိုင်းကျော်လေး-ဇနီး ဒေါ်နန်းမီးငယ်မိသားစုနှင့် တပ်ဖွဲ့ဝင်များက လူနာတင်ယာဉ်နှင့်အသင်းသုံးမော်တော်ယာဉ် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန်လ တတိယပတ်က မိုးနဲမြို့လွိုင်မြေရပ်ကွက် ဝိဇ္ဇာရိယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ လှူဒါန်းပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလုထွင်က အမှာစကားပြောကြားပြီး အလှူရှင် ဦးစိုင်းကျော်လေးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး လူနာတင်ယာဉ်နှင့်အသင်းသုံး မော်တော်ယာဉ်အား အလှူရှင်က ပေးအပ်လှူဒါန်းရာ မိုးနဲမြို့ နမ့်ခုံး ရှမ်းများပရဟိတအသင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းလုက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

## တောင်ငူ အ.ထ.က(၂)၌ ဓမ္မစကူးဖွင့်ပွဲကျင်းပ

**တောင်ငူ ဇွန် ၂၀**

တောင်ငူမြို့အ.ထ.က(၂) ဓမ္မစကူးကော်မတီမှကြီးမှူး၍ မိုဘိုင်းဓမ္မစကူးဆရာတော် ဦးဆောင်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဓမ္မစကူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက တောင်ငူ အ.ထ.က(၂) ဆရာကွန်းခန်းမ၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မရမ်းကျောင်းဆရာတော်နှင့် သိမ်ဥူးကျောင်း ဆရာတော်တို့က ဩဝါဒကထာချီးမြှင့်တော်မူကြပြီး မိုဘိုင်းဓမ္မစကူး ဆရာတော် ဦးကုမုဒက ဓမ္မစကူးဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို မိန့်ကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးတို့က မုဒိတာစကားပြောကြားသည်။

အဆိုပါ အ.ထ.က (၂) ဓမ္မစကူးကို အပတ်စဉ် တနင်္ဂနွေနေ့များတွင် ခေတ်မီနည်းစနစ်ဖြစ်သည့် ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) ဖြင့် တစ်နှစ်ပတ်လုံး သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**(၁၁၅)**

## တပ်ကုန်းမြို့နယ် သမဝါယမအသင်းစုအရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တပ်ကုန်း ဇွန် ၂၀**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက အသင်းစုရုံးခန်းမ၌ ကျင်းပရာ နေပြည်တော်သမဝါယမဦးစီးဌာန ဒု-ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်တင်တို့က အမှာစကားပြောကြားသည်။ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးရှင်းတမ်းအမြတ်ခွဲဝေစာရင်းများ ဖတ်ကြားအတည်ပြုချက်ရယူပြီး Exin Bank အသေးစားရင်းနှီးငွေအခြေခံအသင်း ၁၂၉ သင်းသို့ ထုတ်ချေးရာတွင် အစောဆုံး အကျေပေးဆပ်သည့် အသင်းများသို့ စွမ်းဆောင်ရည်ဆုအဖြစ် ငွေကျပ် ၄၂၀၀၀ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပရာဥက္ကဋ္ဌ ဦးခင်မောင်မြင့်ပါဝင်သည့် ဒါရိုက်တာအဖွဲ့ဝင် ငါးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အခြေခံအသင်းများသို့ အစုပေါ်အကျိုးငွေ ၇၉၁၇၃၅ ကျပ် ထုတ်ပေးခဲ့ကြောင်း သိရသည်။



**မောင်လွင်(တပ်ကုန်း)**
**ဓာတ်ပုံ-တင်စိုးလွင်**

## ပျောက်ကွယ်နေသည့်သာသနာ့မြေအားပြန်လည် ဖော်ထုတ်နိုင်ခဲ့

**တနသ်ာရီ ဇွန် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအုပ်စု ဇဝဲကျေးရွာတွင် မည်သူမှတိတိကျကျမသိကြဘဲ ပျောက်ကွယ်နေသည့် သာသနာ့မြေရေိယာ ၁ဒသမ၀၆ ဧကအား ဇွန် ၁၇ ရက် နံနက် ၁၁ နာရီက ပြန်လည်တိုင်းထွာရာမှ ယခုကဲ့သို့ သာသနာ့ မြေနေရာမှန်း သိရခြင်း ဖြစ်သည်။

ကွင်းအမှတ်(၄၂၀)၊ ကွင်းအမည်-ဇဝဲကွင်း၊ မြေကွက်အမှတ်(၉၃)တွင် မြိတ်မြို့ အောင်မြင့်မိုရ် နာရေးကူညီမှုအသင်း၏ အဖွဲ့(၅)ဇဝဲကျေးရွာအုပ်စု ပုညဂဝေသီ နာရေးကူညီမှုအသင်း နာရေးကူညီမှုကားသုံးစီးနှင့် ကယ်ဆယ်ရေးပစ္စည်းများထားရှိရန် ဆောက်လုပ်မည့်ဓမ္မာရုံမြေ(၈၀×၇၅)ပေနေရာအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကိုကိုဇော်၊ ဦးဇော်အောင်နှင့်ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးမြဦးတို့က လာရောက်တိုင်းထွာပေးရာမှ ယင်းမြေနေရာသည် ၁၉၆၀-၁၉၆၁ ကတည်းက သာသနာ့မြေအဖြစ် ကျပြီးသားဖြစ်ကြောင်း အခိုင်အမာသိရှိရသဖြင့် နာရေးကူညီမှုအဖွဲ့ဝင်များ၊ ဒေသခံများက များစွာဝမ်းသာနေသည့်အပြင် တာဝန်ရှိသူများအား အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

**လွိုင်လင် ဇွန် ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက်က အထက (၁) ကျောင်းခန်းမ၌ ကျင်းပကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## စံညီစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြော

**ကော့ကရိတ် ဇွန် ၂၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူများအားအသိ ပညာဗဟုသုတတိုးပွားစေရေးအတွက် ဇွန် ၁၇ ရက်က ကော့ကရိတ်မြို့ လောင်းကိုင်ကျေးရွာနှင့် သမိန်ဒွတ်ကျေးရွာတို့ရှိ စံညီစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ကျေးရွာဘုန်းတော်ကြီး ကျောင်းတွင် ကျင်းပခဲ့သည်။ ထို့နောက် စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်တည့်တံ့ရေး၊ ပုံမှန်လည်ပတ်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်သူများက နံရံကပ်စာစောင်၊ လူပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**

## လှိုင်သာယာမီးခွက်ဈေးအမှိုက်ကန် အနံ့အသက်ဆိုးများ ကင်းစင်၍ ရပ်ကွက်ပြည်သူများဝမ်းသာ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၏ လူစည်ကားရာဈေးတစ်ခုဖြစ်သော မီးခွက်ဈေး (ပိတောက်မြိုင်ဈေး)နံဘေးတွင်ရှိသည့် အမှိုက်ကန်မှာစွန့်ပစ်သူနှင့် အမှိုက်ကန်မမျှတမှုကြောင့် အမှိုက်များကန်နံဘေးသို့လျှံကျခဲ့ရာမှ ရက်ကြာလာသောအခါပြီးစလွယ်အမှိုက်ပစ်သူတို့ကြောင့် အမှိုက်မြေစာပုံကြီးဖြစ်နေသည့်အတွက် မိုးရာသီတွင် ရပ်ကွက်ပြည်သူများဆိုးရွားသော အနံ့အသက်တို့ကို ရှူရှိုက်နေရလျက်ရှိသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူးနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ စနေနေ့အထူးသန့်ရှင်းရေးအဖြစ် အမှိုက်ကန်နံဘေးမှ မြေစာပုံရှိအမှိုက်များနှင့် ပိတ်ဆို့နေသော ရေမြောင်းအတွင်းမှ စွန့်ပစ်အမှိုက်များကို စက်ယန္တရားဖြင့် ဇွန် ၁၈ ရက် နံနက်ပိုင်းက ရှင်းလင်းဆောင်ရွက်ခဲ့သည့်အတွက် ရပ်ကွက်ပြည်သူနှင့်




ဈေးသွားဈေးလာများအနီးရှိ စာသင်ကျောင်းမှကျောင်းသား ကျောင်းသူများ မြေစာအမှိုက်ပုံမှထွက်ပေါ်လျက်ရှိသော အနံ့အသက်ဆိုးများ ကင်းဝေးသွားပြီဖြစ်၍ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

မောင်သာ(ရှေးဟောင်းသုတေသန)
ဓာတ်ပုံ-ဟသာ်ဝေ

# အံတော်နှင့် ထုက္ကန်



မြောက်ဦးသည် ရခိုင်မင်းနေပြည်တော်ဖြစ်ခဲ့ပြီး မြို့တော်အကျယ်အဝန်းသည် ငါးစတုရန်းမိုင်နီးပါးဖြစ်သည်။မြောက်ဦးသည် ၁၇ ရာစုတွင် ပေါ်တူဂီ၊ ဒတ်ချ်၊ အိန္ဒိယနှင့် ပါရှားတို့အပြင် အင်းဝ၊ ပဲခူးတို့နှင့် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်ခဲ့ကာ စည်ပင်ဖွံ့ဖြိုးခဲ့သည်။ မြောက်ဦးဒေသသည် စစ်ဘေးစစ်ဒဏ်ကျရောက်မှုနည်းပါးကာ စီးပွားရေးကောင်းမွန်ခဲ့သဖြင့် ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်မှ ၁၆၃၀ ပြည့်နှစ်အတွင်း အဖွံ့ဖြိုးဆုံးဖြစ်ခဲ့ကာ ထိုအချိန်ကာလများကို မြောက်ဦး၏ရွှေခေတ်ဟု တင်စားခေါ်ဆိုခဲ့ကြသည်။

ရခိုင်ယဉ်ကျေးမှုမြို့တော်မြောက်ဦးသို့ ရောက်ရှိလာကြသူတိုင်း လွန်ခဲ့သောနှစ် ၆၀၀ နီးပါးက တည်ထားခဲ့သည့် သမိုင်းဝင်စေတီပုထိုးများကို မြင်တွေ့ကြရမြဲဖြစ်သည်။ ရခိုင်ဘုရင်မင်းစောမွန်သည် မြောက်ဦးကို ထူထောင်ခဲ့ပြီးနောက် ခေတ်အဆက်ဆက်ဘုရင်များနှင့် ပြည်သူများက မြောက်ဦးတွင် စေတီပုထိုးများစွာကို တည်ထားခဲ့ကြသည်။ မြောက်ဦးတွင် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများက အများဆုံးစုစည်းနေသကဲ့သို့ အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံအချို့ကိုလည်း မြင်တွေ့နိုင်သည်။မင်းစောမွန် လက်ထက်မှစတင်၍မြောက်ဦးတွင်မင်း ၁၂ ပါးအုပ်ချုပ်ခဲ့ပြီး မင်းခေါင်ရာဇာလက်ထက်တွင် မြောက်ဦးသည် တိုးတက်စည်ပင်လာခဲ့သည်။ မင်းခေါင်ရာဇာ၏ သားဖြစ်သူမင်းဗာကြီးသည် ခရစ်နှစ် ၁၅၃၁ ခုနှစ်တွင် နန်းတက်ခဲ့ကာ မြောက်ဦးကို ကြီးကျယ်ခမ်းနားစွာ ဆက်လက်ထူထောင်ခဲ့သည်။

လောင်းကြက်ခေတ် နောက်ဆုံးမင်းဆက်ဖြစ်သော မင်းစောမွန်သည် မြန်မာသက္ကရာဇ် ၇၉၂ ခုနှစ် တော်သလင်းလဆန်း ၁ ရက်(ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်)တွင် မြောက်ဦးကို တည်ထောင်ခဲ့သည်။မင်းစောမွန်နောက်ပိုင်းတွင် မင်းစောမွန်ကိုဆက်ခံခဲ့သော ညီတော်နရနုမင်းနှင့် သားတော်ဘစောဖြူမင်းတို့က မြောက်ဦးကို ဆက်လက်တိုးချဲ့တည်ထောင်ခဲ့ကြသည်။ မင်းစောမွန် လက်ထက်က အုတ်ဖြင့်တည်ဆောက်ခဲ့သည့် မြောက်ဦးနန်းတော်ကို မင်းဗာကြီးလက်ထက်တွင် ကျောက်များဖြင့် တိုးချဲ့တည်ဆောက်ခဲ့ကာ စောမွန်ပြုပြင်၊ မင်းဗာတည်ကော၊ ရွှေမြောက်ဦးဟု အဆိုရှိခဲ့သည်။ မင်းဗာကြီးနောက်တွင် စိုးစံခဲ့သည့် မင်းဖလောင်း၊ မင်းရာဇာကြီး၊ မင်းခမောင်၊ မင်းဟရီတို့သည် မြောက်ဦးကို ဆက်လက်တည်ထောင်တိုးချဲ့ခဲ့ကြသဖြင့် မြောက်ဦးသည်မူလထက် များစွာ ကျယ်ပြန့်လာခဲ့သည်။

ခရစ်နှစ် ၁၄၃၀ ပြည့်နှစ်မှ ၁၇၈၄ ခုနှစ်အထိဘုရင် ၄၈ ပါး စိုးစံခဲ့သည့် ရခိုင်နေပြည်တော်မြောက်ဦးတွင် စေတီ၊ ပုထိုး၊ ဘုရား၊ ပိဋကတ်တိုက်၊ သိမ်အစရှိသည့် ရှေးဟောင်းအဆောက်အအုံ ၃၇၅ ခုတည်ရှိသည်။ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းစေတီပုထိုးများစွာရှိသည့်အနက် သျှစ်သောင်းပုထိုးတော်၊ ကိုးသောင်း ပုထိုးတော်၊ ထုက္ကန်သိမ်ပုထိုးတော်၊ အံတော်သိမ်ပုထိုးတော်တို့သည် အထူးထင်ရှားပြီး ရခိုင်ယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသည့် ဘာသာရေးအဆောက်အအုံများဖြစ်ကြသည်။ မြောက်ဦးပုထိုးတော်များအနက် သိမ်ပုထိုးတော်ဟု အမည်တွင်သည့် အံတော်သိမ်နှင့် ထုက္ကန်သိမ်ပုထိုးတော်ကြီးနှစ်ဆူကို မြင်တွေ့နိုင်သည်။

မြန်မာအဘိဓာန်တွင် သိမ်ကိုရဟန်းတော်တို့ ကံဆောင်ရာနေရာအပိုင်းအခြားဟုလည်းကောင်း၊ ပုထိုးကိုအုတ်ကျောက်တို့ဖြင့် တည်ထားသောဘုရားစေတီဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားရာ သိမ်ပုထိုးကိုရဟန်းတော်များကံဆောင်သည့် သိမ်အဖြစ်အသုံးပြုသောဘုရားစေတီဟုဆိုနိုင်ပေသည်။

**အံတော်သိမ်ပုထိုးတော်ကြီး**

အံတော်သိမ်ပုထိုးသည် မြောက်ဦးမြို့ နန်းတော်ကုန်း၏ မြောက်ဘက်ရှိ သျှစ်သောင်းပုထိုးနှင့်ကပ်လျက် သျှစ်သောင်းပုထိုးတော်ကြီး၏ အနောက်မြောက်ထောင့်အနီးတွင်တည်ရှိသည်။ အံတော်သိမ်နှင့် ထုက္ကန်သိမ်တို့၏ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၉ မိနစ်ဖြစ်ပြီးဖိုးခေါင်တောင်တန်း၏အဆုံး မြောက်ဘက်နေရာဖြစ်သည်။ အံတော်သိမ်ပုထိုးတော်ကြီးကို မင်းစောလှုခေါ် မင်းလှုရာဇာစောမွန်(ခရစ်နှစ် ၁၅၁၅-၁၅၂၁)က ခရစ်နှစ် ၁၅၂၁ ခုနှစ်တွင် ဦးစွာတည်ထားခဲ့သည်။ ခရစ်နှစ် ၁၅၃၁ ခုနှစ်တွင် မြောက်ဦးဘုရင်မင်းဗာကြီးကသံတွဲရှိအံတော်ကို မြောက်ဦးနန်းတော်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ ယင်းအံတော်သည် မင်းဗာကြီး ဒွါရဝတီသံတွဲစားဖြစ်ခဲ့စဉ်က သီဟိုဠ်မှ ပင့်ဆောင်ခဲ့သောဓာတ်တော်ဖြစ်ပြီး သံတွဲပါသုရတောင်တွင် အံတော်ကိုဌာပနာကာ စေတီတည်ထားကိုးကွယ်ခဲ့သည်။ ခရစ်နှစ် ၁၅၉၈ ခုနှစ်တွင် မင်းရာဇာကြီးသည် နန်းတော်တွင်ပူဇော်ထားရှိသည့် အံတော်ကို မင်းလှုရာဇာစောမွန်တည်ခဲ့သည့် ပုထိုးတော်ကြီးတွင် ဌာပနာကာ ပုထိုးတော်ကြီးကို ထပ်မံတည်ထားခဲ့သည်။ ထိုအချိန်မှစ၍ယင်းပုထိုးတော်ကြီးအား ဗုဒ္ဓဘုရားရှင်၏ အံတော်ကိန်းဝပ်ရာ ပုထိုးတော်အဖြစ် အံတော်သိမ်ဟု ခေါ်ဆိုခဲ့ကြသည်။

အံတော်သိမ်ကို သဲကျောက်များဖြင့် တည်ဆောက်ထားကာ အလျား ၂၂၈ ပေ၊ အနံ၁၄၅ ပေရှိသည်။စေတီတော်၏အောက်ခြေ ဖိနပ်တော်မှ ထိပ်ဖျားအထိဉာဏ်တော် ၄၂ ပေမြင့်သည်။ အလယ်တွင် ဂန္ဓကုဋိတိုက်ပါရှိသော လိုဏ်ပတ်လမ်းနှစ်ထပ်ရှိသည်။ စေတီတော်သည် ရှစ်မြောင့်ပုံဖြစ်ပြီး အမိုးပေါ်တွင် ပင်မစေတီတော်ကြီးကိုတည်ထားပြီး အရံစေတီရှစ်ဆူခြံရံထားသည်။ အံတော်သိမ် ဂန္ဓကုဋိတိုက်ကို ပေါင်းကူးစနစ်ဖြင့် တည်ဆောက်ထားသည်။ စေတီတော်တွင်အလယ်မဏ္ဍိုင်ပါရှိပြီး ပတ်လမ်းများကို သပ်စီပေါင်းခုံးမိုးများဖြင့် တည်ဆောက်ထားသဖြင့် အပေါ်မှကျရောက်သည့် ဝန်ဖိအားကိုကောင်းစွာခံနိုင်ရန်စီစဉ်ထားသည်။ ဂန္ဓကုဋိတိုက်နှင့်လိုဏ်ပတ်လမ်းအတွင်းသို့ အလင်းရောင်ကောင်းစွာဝင်နိုင်ရန် အလင်းပေါက်များ ဖောက်ထားပြီး ပုထိုးတော်တစ်ခုလုံးကို စနစ်တကျတွက်ချက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး အံတော်သိမ်ပုထိုးတော်တွင် မြောက်ဦးခေတ်ဗိသုကာပညာကို လေ့လာနိုင်ကြပေသည်။

အထက်မဏ္ဍိုင်ပတ်လည်တွင် ကျောက်ဆစ်ပန်း ရာဇပလ္လင်ရှစ်ခန်းကို အရပ်ရှစ်မျက်နှာတွင် ထားရှိပြီး ဆင်းတုတော် ရှစ်ဆူတင်လှူပူဇော်ထားသည်။ လိုဏ်ပတ်လမ်းအတွင်း၌ နံရံကပ် မုခ်ပေါက်ငယ်များတွင် ဗုဒ္ဓဆင်းတုတော်ရုပ်ပွားများ ထည့်သွင်းပူဇော်ထားသကဲ့သို့ ပုထိုးတော်၏ အရှေ့ဘက်နံရံတွင်မတ်ရပ် ဆင်းတုတော်ခြောက်ဆူရှိသည်။ ယင်းရုပ်ပွားတော်ခြောက်ဆူအနက် ဆင်းတုတော်တစ်ဆူအား သင်္ကန်းကိုရင်ဝယ်စုဖွဲ့ပုံ ထုဆစ်ထားသဖြင့် ရှေးအကျဆုံးလက်ရာဟုယူဆကြသည်။ အံတော်သိမ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ကြီးငယ်ပေါင်း ၁၇၅ ဆူရှိပြီး ယခုအခါတွင် အံတော်သိမ်ပုထိုးတော်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားသည်။



အံတော်သိမ်ပုထိုးတော်ကြီးတွင် အံတော်သိမ်ကို တည်ထားခဲ့သည့်သမိုင်းကို သက္ကရာဇ် ၈၈၃ ခုနှစ် (အေဒီ ၁၅၂၁)တွင် မင်းလှုရာဇာစောမွန်၊ သက္ကရာဇ် ၉၅၃ ခုနှစ် (အေဒီ ၁၅၉၁) တွင် မင်းဖလောင်းနှင့် သက္ကရာဇ် ၉၅၈ ခုနှစ် (အေဒီ ၁၅၉၆) တွင် မင်းရာဇာကြီးတို့တည်သည်ဟု ရေးသားထားသည်ကို တွေ့မြင်ကြရပေသည်။ အံတော်သိမ်အနီးမှာပင် သျှစ်သောင်း၊ ထုက္ကန်သိမ်၊ ရတနာပုံစေတီ၊ လောင်ပွန်းပြောက်၊ အနော်မာဘုရား၊ ပိဋကတ်တိုက်တို့ တည်ရှိနေကြသည်။

**ထုက္ကန်သိမ် ပုထိုးတော်ကြီး**

ထုက္ကန်သိမ်ပုထိုးတော်သည် မြောက်ဦးနန်းတော်ကုန်း၏ မြောက်ဘက်၊ သျှစ်သောင်းပုထိုးတော်ကြီး၏ အနောက်ဘက်တွင် တည်ရှိသည်။ ထုက္ကန်သိမ်ပုထိုးတော်ကို ဘုရင်မင်းဖလောင်းက ခရစ်နှစ် ၁၅၇၁ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့သည်။ မင်းဖလောင်းသည် အိမ်အိုကျားကန်၊ ပြည်အိုထုက္ကန်ဟူသည့် တဘောင်အရ မြောက်ဦးနန်းမြို့၏အရံအတားအဖြစ် ပုထိုးတော်ကြီးကိုတည်ထားခဲ့သောကြောင့် ထုက္ကန်သိမ်ပုထိုးတော်ဟု အမည်တွင်ခဲ့သည်။ အိမ်များအိုမင်း ယိုင်နဲ့လာသည့်အခါ ကျားထောက်ကန်ရသကဲ့သို့ မြို့သက်တမ်းရှည်ကာ အိုမင်းစပြုလာသော မြောက်ဦးကို သက်တမ်းပိုမိုရှည်ကြာစေရန်ကျားကန်သည့်အနေဖြင့်ထုက္ကန်သိမ်ကို တည်ခဲ့သည်ဟုဆိုလိုသည်။ ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ဘုရင်နှစ်ပါးတည်ခဲ့သည်ဟု အဆိုရှိပြီး ဘုရင်မင်းစောလှုက ခရစ်နှစ် ၁၅၅၅ ခုနှစ်မှ ၁၅၆၄ ခုနှစ်အတွင်း ထပ်မံတည်ခဲ့သည်ဟုဆိုကြသည်။

ထုက္ကန်သိမ်ပုထိုးတော်ကြီးသည် သျှစ်သောင်းပုထိုးနှင့် မျက်နှာချင်းဆိုင်ရှိ ပေ ၂၀ မြင့်သည့် တောင်ကုန်းပေါ်တွင် တည်ရှိသည်။ အရှေ့အနောက်အလျား ၁၃၇ ပေရှည်၍တောင်မြောက်အလျားပေ ၁၁၀ ရှိပြီးပုထိုးတော်ကြီး၏ အောက်ခြေမှပင်မစေတီတော်ထိပ်အထိ ၆၄ ပေမြင့်သည်။ပုထိုးတော်ကြီးကို သဲကျောက်တုံးများဖြင့်ခရုပတ်ခွေတည်ဆောက်ထားကာ ကျောက်တုံးကြီးများသည် တန်းလျားရှည်ပုံစံဖြစ်နေသဖြင့် ခံတပ်တစ်ခုနှင့်တူနေသည်။ပုထိုးတော်ကြီးသည်ထုထည်ကြီးမားကာ လိုဏ်ပတ်လမ်းနှစ်ထပ် ပြုလုပ်ထားသည်။ တောင်ကုန်းကိုမြေညှိပြီး တံတိုင်းလေးဘက်ကာရံထားသည့် မြေပြန့်အလယ်တွင် ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ပင်မစေတီတော်ကြီးတစ်ဆူ၊ ထောင့်လေးထောင့်တွင် အရံစေတီတော်တစ်ဆူစီဖြင့် ဖွဲ့စည်းထားသည်။ အရံစေတီတော်လေးဆူကို ထူးခြားစွာ မှိုပွင့်ပုံသဏ္ဍာန်ထီးများတင် ထားသည်။

ထုက္ကန်သိမ်ပုထိုးတော်သည် ရဲတိုက်တစ်ခုနှင့်ဆင်ကာ စင်္ကြံလမ်းများက ကျယ်ဝန်းပြီး လိုဏ်ကခရုပတ်ပုံစံဖြစ်သည်။ လိုဏ်ပတ်လမ်းသည်အဝင်တွင် အနည်းငယ်ကျဉ်းမြောင်းသော်လည်း အတွင်းတွင်ကျယ်ဝန်းပြီး လိုဏ်ပတ်လမ်းနံရံတစ်လျှောက် အလင်းပေါက်များဖောက်ထားသည်။ လိုဏ်ပတ်လမ်းကြမ်းပြင်ကို မူလက စဉ့်ကြမ်းခင်းများခင်းထားခဲ့သည်။ လိုဏ်ပတ်လမ်းနံရံတစ်လျှောက်တွင် မုခ်ပေါက်များပြုလုပ်လျက် ဗုဒ္ဓဆင်းတုတော်များ ထည့်သွင်းပူဇော်ထားသည်။ ဆင်းတုတော်များ၏အနီးတွင် ဘုရင်၊ မင်းမှူးမတ်မိဖုရား၊ မောင်နှံရုပ်ကြွများ ထုလုပ်ထားသည်။ ရုပ်ကြွများကို ထုလုပ်ထားသော အဝတ်အစား အဆင်တန်ဆာများသည် မြောက်ဦးခေတ်လယ် ဝတ်စားဆင်ယင်မှုပုံစံများဖြစ်သည်။ ယင်းရုပ်ကြွများကိုလည်း မူလကစဉ့်ရောင်စုံများဖြင့်မွမ်းမံခြယ်သထားခဲ့သည်။

ခန်းမထဲသို့ သွားသည့်ဝင်ပေါက်တစ်ခုရှိပြီး မုခ်တံကဲ၏ဘေးနှစ်ဖက်တွင် ကြာပွင့်များကိုင်ဆောင်ကာ ဘုရားရှင်ကို ပူဇော်နေသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးရုပ်တုကို တော်ဝင်မိသားစုဝင်နှစ်ဦး၏ ပုံဟုဆိုကြသည်။ ယင်းရုပ်တုများ၏ ဆံပင်ပုံစံ၊ ဦးဆောင်းများ၊ ဝတ်စားဆင်ယင်ထားပုံများသည် မြောက်ဦးခေတ်၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ပြနေကြသည်။

ဗောင်းတော် ၄၀၊စလွယ်တော် ကိုးပါး၊ ခါးကြိုး ငါးရပ်၊ လက်စွပ်၈၁၊ လည်ရစ် ကိုးခွေ၊ နဘေ ကိုးဆင့်၊ ကြယ်ပွင့် ၁၆၊ လက်ကောက်၂၀၊ ပန်းသွယ် ငါးမျိုး၊ ဆံထိုး ရှစ်ခု၊ ပန်းပု ရှစ်ချပ်၊ ခြေစွပ် ခုနစ်ပါး၊ ကိုယ်ပွား ငါးမျိုးနှင့်ဆံထုံး ထုံးနည်း ၆၄ မျိုး ထွင်းထုထားကြောင်း မြောက်ဦးဒေသရှိ ရှေးဟောင်းအဆောက်အအုံများမှတ်တမ်းတွင် ဖော်ပြထားသည်။

လိုဏ်ပတ်လမ်းတစ်လျှောက်တက်သွားလျှင် ခန်းမကြီးတစ်ခုကို တွေ့ရှိရမည်ဖြစ်ပြီး ယင်းခန်းမကြီးသည် မင်းဆရာတော်ကြီးများ ပဝါရဏာပြုသည့် ခန်းမဆောင်ကြီးဖြစ်သည်။ ခန်းမပတ်လည်တွင်ဆီမီးခွက်များတင်သည့် ကျောက်စွန်းများပြုလုပ်ထားသည်။ ခန်းမဆောင်အတွင်း ပင်မစေတီတော်ကြီး၏ အောက်တည့်တည့်နေရာတွင် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူရှိသည်။ ယင်းဆင်းတုတော်ကြီးကို ရတနာကိုးပါးဖြင့်သွန်းလုပ်ခဲ့သည်။

**ကျောက်ဆစ်ပန်းရာဇပလ္လင်ရှစ်ခန်းကို အရပ်ရှစ်မျက်နှာတွင်ထားရှိပြီး ဆင်းတုတော် ရှစ်ဆူ တင်လှူပူဇော်ထားသည်။ လိုဏ်ပတ်လမ်းအတွင်း၌ နံရံကပ် မုခ်ပေါက်ငယ်များတွင် ဗုဒ္ဓဆင်းတုတော်ရုပ်ပွားများ ထည့်သွင်းပူဇော်ထားသကဲ့သို့ ပုထိုးတော်၏ အရှေ့ဘက်နံရံတွင်မတ်ရပ် ဆင်းတုတော်ခြောက်ဆူရှိသည်။ ယင်းရုပ်ပွားတော်ခြောက်ဆူအနက် ဆင်းတုတော်တစ်ဆူအား သင်္ကန်းကို ရင်ဝယ်စုဖွဲ့ပုံ ထုဆစ်ထားသဖြင့် ရှေးအကျဆုံးလက်ရာဟုယူဆ . . .**

ထုက္ကန်သိမ်ပုထိုးတော်ရင်ပြင်သို့ ခြေကျော်အနည်းငယ်မြင့်သော လှေကားထစ်၁၈ ထစ်ကိုကျော်ဖြတ် တက်ရောက်ကြရသည်။ ထုက္ကန်သိမ်လှေကားထစ်များအတိုင်း တက်ရောက်လာစဉ် သျှစ်သောင်းပုထိုးတော်ကြီးကို မြင်တွေ့ရပြီး ထုက္ကန်သိမ်နောက်ဘက်မှကြည့်လျှင် လေးမျက်နှာပုထိုးတော်ကို မြင်ရသည်။ ပုထိုးတော်၏ အနောက်ဘက်တွင် သိင်္ဂနဒီချောင်းသည်ကွေ့ကောက်စီးဆင်းနေပြီး နန်းတော်ကုန်း၏ အနောက်ကျုံးခြေရင်းမှ ဖြတ်ကာမြောက်ဦးမြို့ကိုဖြတ်သန်းစီးဆင်းသွားသည်။ ပုထိုးတော်ကြီး၏ အရှေ့ဘက်လှေကား ဝဲဘက်တွင် ဗျာလ်ရုပ်၊ နတ်ရုပ်များ ထုဆစ်ထားသည့် ကျောက်တုံးရှည်ကြီးတစ်ခုရှိရာ ယင်းကျောက်တုံးကြီးသည် မူလက ထုက္ကန်သိမ်ပုထိုးပေါ်တွင် တပ်ဆင်ထားသော ကျောက်ထုတ်တန်းဟု သိရှိရပေသည်။



ဗျာလ်ရုပ်(Byal)သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သတ္တဝါကိုးမျိုး၏ အစိတ်အပိုင်းများဖြစ်သည့် နဂါးအမောက် သို့မဟုတ် ဆင်နှာမောင်း၊ သမင်မျက်လုံး၊ ကြံ့ချိုတစ်ချောင်း၊ ကြက်တူရွေးလျှာ၊ တိုးကိုယ် သို့မဟုတ် ငါးကြင်းကွက်၊ စာမရီ သို့မဟုတ် ဒေါင်းမြီး၊ ဆင် သို့မဟုတ် မြင်းနားရွက်၊ ခြင်္သေ့လက်၊ ခြေ ခေါင်း၊ လည်ဆံနှင့် ကျားစွယ်တို့ပေါင်းစပ် သရုပ်ဖော်ထားသည့် သတ္တဝါပုံဖြစ်သည်။ ရခိုင်တိုင်းရင်းသားများက ဗျာလ်ရုပ်ကို လာဘ်ရွှင်၊ စီးပွားတိုးစေသော အရုပ်အဖြစ်ယုံကြည်ကြပြီး လျှာထုတ်ကေဟုလည်း ချစ်စနိုးခေါ်လေ့ရှိကြသည်။စစ်တွေမြို့ဗျူးပွိုင့်တွင် ထုလုပ်ပြသထားသောဗျာလ်ရုပ်သည် နှာဖျားမှ အမြီးဖျားထိ ၁၅ ပေ၊ လက်ဖဝါးမှ နှာမောင်းထိပ်အထိအမြင့် ၁၂ ပေမြင့်သည်။

ရခိုင်လူမျိုးများသည် ဗျာလ်ရုပ်များကို သာသနိက အဆောက်အအုံ လိုဏ်နံရံများ၊ မုခ်တံကဲထိပ်များ၊ မုခ်တံကဲတိုင်ဘေး နှစ်ဖက်၊ ရာဇပလ္လင်မုခ်တံကဲများနှင့် ဘုရားပလ္လင်များတွင် ထုလုပ်လေ့ရှိကာ ဘေးအန္တရာယ်ကင်းရှင်းပြီး ငြိမ်းချမ်းသာယာသည့် အကျိုးကျေးဇူးများကိုရရှိစေသည့် နိမိတ်အဖြစ် လက်ခံထားကြသည်။ စစ်တွေမြို့ရှုခင်းသာ အပမ်းဖြေစခန်းတွင် ရခိုင်ဗျာလ်ရုပ်ကို အလယ်တွင် ရေးဆွဲထားကာ ဘေးနှစ်ဖက်တွင် ဗျာလ်ရုပ်အကြောင်းကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်ကြီးကို မြင်နိုင်ကြသည်။

ထုက္ကန်သိမ်ပုထိုးတော်ကြီးသည် ထုထည်ကြီးမားစွာ အခိုင်အခံ့တည်ဆောက်ထားသဖြင့် သျှစ်သောင်းပုထိုးတော်ကြီးကဲ့သို့ စစ်ပွဲများဖြစ်ပွားချိန်များအတွင်း ပြည်သူများခိုလှုံခဲ့ကြသည်ဟုလည်းကောင်း၊ ခံတပ်တစ်ခုနှင့် အသွင်တူသဖြင့် ခံတပ်အဖြစ်အသုံးပြုခဲ့သည်ဟုလည်းကောင်း ယူဆမှုများရှိခဲ့သည်။

ယခုအခါတွင် အံတော်သိမ်ပုထိုးတော်နှင့်ထုက္ကန်သိမ်ပုထိုးတော်အပါအဝင် ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ထားမှု ပြုထားပြီးဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ဦးသည် ရခိုင်ယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာများ ထုံမွှမ်းနေသည့် ဘုရားပုထိုးစေတီများစွာ တည်ရှိနေပြီး ဘာသာသာသနာထွန်းလင်းခဲ့သော ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည်။ ရခိုင်လူမျိုးများ၏ ရှည်လျားသောသမိုင်းတစ်လျှောက် ထွန်းကားခဲ့သည့် ယဉ်ကျေးမှုအနုလက်ရာများ စုစည်းတည်ရှိနေသည့် မြောက်ဦးတွင် စေတီပုထိုးများအပြင် နန်းတော်ကုန်း၊ ပိဋကတ်တိုက်၊ သိမ်၊ မြို့ရိုး၊ တံတိုင်း၊ ကျုံးများသည် ယနေ့တိုင် တည်ရှိနေသဖြင့် ပြည်တွင်းပြည်ပခရီးသွားများနှင့် သုတေသီများ စိတ်ဝင်စားကြသည့် ခရီးသွားနယ်မြေတစ်ခုအဖြစ် ထင်ရှားလာခဲ့သည်။

ရှည်လျားသည့် သမိုင်းတစ်လျှောက် ယဉ်ကျေးမှုအစဉ်အလာမြင့်မားခဲ့သည့် မြန်မာနိုင်ငံတွင် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းအဆောက်အအုံများသည် နိုင်ငံအတွင်းရှိဒေသအသီးသီးတွင် အထင်အရှားကြွင်းကျန်လျက်ရှိနေရာ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုအမွေအနှစ်များအား ရေရှည်တည်တံ့နေစေရန် ပြည်သူတိုင်းက ယဉ်ကျေးမှုအမွေအနှစ်ကို ချစ်မြတ်နိုးသောစိတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။

**ကိုးကား**

**DMHC သင်တန်းပို့ချချက်များ (ဒေါက်တာကျော်ဝင်း)**

**မြောက်ဦးဒေသ ရှေးဟောင်းအဆောက်အအုံများ (ယဉ်ကျေးမှုဝန်ကြီးဌာန)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ပေါ်အမှိုက်သိမ်းစနစ်များကောင်းမွန်ရေး အမှိုက်သိမ်းယာဉ်အစီး ၅၀ ထပ်မံဖြည့်ဆည်းပေးမည်

**မုံရွာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးနယ်မြေများအတွင်း အမှိုက်သိမ်းစနစ်များ ပိုမိုကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့်မုံရွာမြို့ဈေးကော်မတီများပူးပေါင်းပြီး အမှိုက်သိမ်းယာဉ်အစီး ၅၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဖွံ့ဖြိုးတိုးတက်လာသော မြို့များတွင် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးတွင် အဓိကအတားအဆီးဖြစ်သော အမှိုက်များကို အချိန်မီသိမ်းဆည်းရန်အတွက် ယခုလက်ရှိအသုံးပြုလျက်ရှိသောအမှိုက်သိမ်းယာဉ်များနှင့် လုံလောက်မှုမရှိသဖြင့် ထပ်မံဝယ်ယူဖြည့်တင်းခြင်းဖြစ်ကြောင်း သိရသည်။

"စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ ပြည်သူတွေအသုံးပြုပြီး စွန့်ပစ်အမှိုက်တွေကိုလက်ရှိ ယာဉ်တွေနဲ့ သိမ်းဆည်းတဲ့အခါမှာ လုံလောက်မှုမရှိလို့ ထပ်မံဝယ်ယူမှာပါ။ ထူးခြားချက်အနေနဲ့ကမုံရွာမြို့ဈေးကော်မတီကဝယ်တဲ့ အမှိုက်သိမ်းယာဉ်ငါးစီးပါတယ်။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ငါးစီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၃ စီး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေက ၁၇ စီး စုစုပေါင်းအစီး ၅၀ ဝယ်ယူမယ်လို့ စီစဉ်ထားတယ်။ အခုလောလောဆယ် တိုင်းဒေသကြီးစည်ပင်ယာရေးအဖွဲ့ရဲ့ ငါးစီးနဲ့ မုံရွာမြို့ဈေးကော်မတီတွေဝယ်တဲ့ ငါးစီး စုစုပေါင်း ၁၀ စီးရောက်ပြီ။ ရောက်တဲ့အမှိုက်သိမ်းကားတွေကို မုံရွာမြို့ကို ရှစ်စီး၊ ရွှေဘိုမြို့ကို တစ်စီး၊ စစ်ကိုင်းမြို့ကို တစ်စီး ဖြန့်ခွဲပေးထားပါတယ်။ နောက်ထပ်ရောက်လာမယ့် အမှိုက်သိမ်းကားတွေကိုလည်း တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စည်ပင်သာယာရေးနယ်နိမိတ်တွေကို ဖြန့်ခွဲပေးသွားမှာပါ"ဟု တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ၃၇ ခု၊ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ ခုနစ်ခုရှိပြီး ယခုလက်ရှိတွင်အမှိုက်သိမ်းယာဉ် ၁၁၃ စီးရှိပြီး လုံလောက်မှုမရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မုံရွာမြို့ဈေးကော်မတီတို့ ပူးပေါင်းပြီး တစ်စီးလျှင်ငွေကျပ် သိန်း ၁၆၀ တန်ဖိုးရှိ လီဖန်းအမျိုးအစား အမှိုက်သိမ်းယာဉ်အစီး ၅၀ အား စုစုပေါင်းငွေကျပ် ၈၀၀၀ သိန်းဖြင့် ထပ်မံဝယ်ယူဖြည့်တင်းပေးခြင်းဖြစ်သည်။ **မင်းဝေ (မုံရွာ)**

## စာသင်ကြားရန်အခက်အခဲရှိသည့် ကလေးငယ် ၅၁ ဦးအား ကူညီထောက်ပံ့ပေးမည်

**ရန်ကုန် ဇွန် ၂၀**

လှိုင်သာယာမြို့နယ်အတွင်းရှိ ပညာဆက်လက်သင်ယူရန်အတွက် အခက်အခဲဖြစ်နေသည့် ကလေးငယ် ၅၁ ဦးအား လူရည်ချွန်အဖွဲ့မှ ပညာရေးနှင့်ကျန်းမာရေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်သည် လူဦးရေထူထပ်ပြီး နွမ်းပါးသည့် လက်လုပ်လက်စားမိသားစုများ နေထိုင်သည့် မြို့နယ်တစ်ခုဖြစ်ခြင်းကြောင့် ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိစေရန်နှင့် ကလေးများ၏ ကျန်းမာရေးအတွက် လိုအပ်သည့်ကူညီစောင့်ရှောက်မှုများပေးအပ်နိုင်ရန် လူရည်ချွန်အဖွဲ့မှ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့၏ ပညာရေးဆိုင်ရာကူညီမှုအဖြစ် မြို့နယ်အတွင်းရှိ ကလေး ၁၀၀၀ ခန့်အား ကျန်းမာရေးဝန်ဆောင်မှုနှင့် ပညာသင်ကြားလိုမှုစစ်တမ်းများကိုကောက်ယူခဲ့ရာအဆိုပါကလေး ၁၀၀၀ အနက်မှ ၅၁ ဦးကို ရွေးချယ်ကာ ပညာဆက်လက်သင်ကြားနိုင်ရန် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းမကြီးရှိ အောင်ဇေယျမြို့တော် လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းတွင် ဇွန် ၁၈ရက်က ကျင်းပခဲ့ခြင်းဖြစ်ပြီး အသင်းတာဝန်ရှိသူများနှင့် ကလေးငယ်များ မိဘများ တက်ရောက်ခဲ့ကြသည်။ **(၁၆၄)**

## ရေစကြိုတွင် နှမ်းစပါးစိုက်ပျိုးမှုနည်းသော်လည်း အထွက်နှုန်းမြင့်မား

**ရေစကြို ဇွန် ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ယခုနှစ်နှမ်းစပါးစိုက်ရာသီ၌ ယခင်နှစ်များထက် နှမ်းစပါးစိုက်ဧက ၁၀၀၀ ကျော်ခန့် လျော့နည်းခဲ့သော်လည်း ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းနည်းပါးခြင်းမရှိကြောင်း သိရသည်။

ယခင်နှစ်များက ရေစကြိုမြို့နယ်တွင် နှမ်းစပါးစိုက်ဧကများကို ရေရရှိရေး နည်းလမ်းငါးသွယ်ဖြင့် စိုက်ပျိုးကြသော်လည်း ယခုနှစ်တွင်မူ နှမ်းစပါး အောင်ရေရရှိသည်အထိ စိုက်ပျိုးရေပေးရန် ရေမလုံလောက်ခဲ့ကြောင်း စပါးစိုက်ပျိုးသူများထံက သိရသည်။

စပါးထက် ဈေးကွက်ကောင်းမွန်သော ပဲတီစိမ်း၊ CP စပ်မျိုးပြောင်းကို ပြောင်းလဲစိုက်ပျိုးသူများပြားသဖြင့် ယခင်နှစ်များက ရေစကြိုမြို့နယ်အတွင်း နှမ်းစပါးစိုက်ဧက ၃၈၄၂ ဧက ရှိခဲ့ရာမှ ယခုနှစ်တွင် ၂၇၂၁ ဧက သာစိုက်ပျိုးကြခြင်းဖြစ်သော်လည်း စိုက်ပျိုးမှုစုစုပေါင်းမှ ထက်ဝက်ခန့် ရိတ်သိမ်းပြီးစီးရာ စပါးစိုက်ခင်းတစ်ဧကလျှင် ပျမ်းမျှစပါး ၉၉ တင်းခန့် အထွက်နှုန်းရှိသည်ဟု ရေစကြိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိုးနဲ ဇွန် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအတွင်း အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြို ပန်းချီနှင့်စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက်က ကျင်းပသည်။

အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ၁၅ ဦးနှင့် အလယ်တန်းအဆင့်ကျောင်းသား ၁၆ ဦးစုစုပေါင်း ၃၁ ဦးတို့၏ 'မူးယစ်ကင်းစင် ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့' ခေါင်းစဉ်နှင့် ဝင်ရောက်ယှဉ်ပြိုင်နေမှုအား မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းနိုင်နှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်ကျောင်းသားများကို အားပေး ကြည့်ရှုခဲ့ပြီး ဆုရရှိသောကျောင်းသားများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်/ပြန်ဆက်)**

## ကျောက်မဲ၌ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိ

**ကျောက်မဲ ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ဇွန် ၁၈ ရက် မွန်းလွဲ ၂နာရီခွဲက အမျိုးသမီးတစ်ဦးကို မူးယစ်ဆေးဝါးများနှင့်အတူ ခရီးသည်တင်ကားတစ်စီးအပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်မဲမြို့ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ နမ့်ဟူးတောင်းကျေးရွာအုပ်စု ပန်မောင်ကျေးရွာနှင်းတောင်တန်း(၂) ထမင်းဆိုင်တွင် စောင့်ဆိုင်းနေစဉ် ဆိုင်ရှေ့တွင် ရပ်နားထားသော လိုက်ထရပ်ယာဉ်ပေါ်မှ ယာဉ်မောင်းနှင့် ခရီးသည်များ ထမင်းဆင်းစားနေချိန် တစ်ဦးတည်း ကားပေါ်တွင်ထိုင်နေသည့် သီပေါမြို့နယ် ကျင်သီကျေးရွာမှ လိုက်ပါလာသူ မစမ်းယုမော်အား စစ်ဆေးရာ ယာဘက်ပေါင်အောက်၌ ဖိ၍ သိုဝှက်ထားသော စိတ်ကြွရူးသွပ်ဆေးဝါး ၂၀၀ စီပါဝင်သည့် အထုပ်နှစ်ထုပ်နှင့် ၁၉၅ပြားပါ တစ်ထုပ် စုစုပေါင်း ဒေသပေါက်ဈေးတန်ဖိုးကျပ် ၁၁၉၀၀၀၀ ကို ရှာဖွေတွေ့ရှိ၍ သိမ်းဆည်းပြီး လက်ဝယ်တွေ့ရှိသူ မစမ်းယုမော် ၂၅ နှစ် (တောင်သူ) လောင်ခွန်ကျေးရွာ သီပေါမြို့နယ်နေသူအား အရေးယူ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ကျွမ်းကျင်တဲ့စားဖိုမှူးကောင်းအဖြစ် ကြိုးစားသင်ယူနေတဲ့ အီတလီကျောင်းမှ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကျောင်းသားတစ်ဦး

**အင်တာဗျူး-ခင်ရတနာ၊ သူရထွန်း**

ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာမှ အသက် ၂၂အရွယ် မောင်ရဲကိုနိုင်သည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပညာရေး သင်တန်းသားတစ်ဦးဖြစ်ပြီး ယခုအခါ အီတလီမြို့ရှိ ကျောင်း တစ်ကျောင်းတွင် ဟိုတယ် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုကို လာရောက်သင်ကြားခွင့်ရသူဖြစ်သည်။ အီတလီမြန်မာ ချစ်ကြည်ရေး ဂျိုးဆက်မာပယ်လီအသင်းနဲ့ ဒေါ်ခင်ကြည်ဖောင် ဒေးရှင်းတို့ပူးပေါင်းကာ လူငယ်များအတွက် သက်မွေးဝမ်း ကျောင်းမှုဆိုင်ရာကျွမ်းကျင်မှုအဖြစ် ယခုကဲ့သို့ မောင်ရဲကိုနိုင် အား ပညာတော်သင်စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ သူဖြတ်သန်း နေရသည့် အနေအထားနှင့် သင်ကြားခွင့်ရရှိသည့်ပညာရေး အခြေအနေများအကြောင်းကို ဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါ သည်။

မေး။ ကိုရဲကိုနိုင်တက်ရောက်တဲ့ သင်တန်းနဲ့ ရောက်ရှိဖြစ်ပုံကိုပြောပြပေးပါဦး။

ဖြေ။ ကျွန်တော်က ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာကပါ။ ကော့မှူးမြို့နယ်မှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကနေ သက်မွေးမှုဆိုင်ရာကျွမ်းကျင်သင်တန်းတွေကို ဖွင့်ပေး တဲ့အခါ ကျွန်တော်လည်း ဝါသနာပါတဲ့ ဟိုတယ်သင်တန်းကို သွားတက်ဖြစ်ပါတယ်။ အဓိကကတော့ သင်တန်းပြီးရင် လက်တွေ့နှစ်လဆင်းရမယ်ဆိုတော့ စိတ်ဝင်တစားတက်ခဲ့ မိတယ်။ အီတလီကို သင်တန်းတက်ဖို့အတွက်ကတော့ ကျောင်း က ဆရာတွေနဲ့ လူကြီးတွေက အဆင့်ဆင့်ရွေးချယ်တာပါ။ ပထမဆုံး သုံးယောက်စရွေးတယ်။ အင်တာဗျူးပါတယ်။ အဆင့် ဆင့် စစ်ဆေးခဲ့ပြီး ကျွန်တော်ရွေးချယ်ခံရတယ်။ မေ ၂၃ ရက် မနက်မှာ အီတလီကို ရောက်ပါတယ်။ Colorno မြို့မှာပါ။ ဒေသကလည်း အရှေ့နဲ့အနောက်မို့ နည်းနည်းတော့ ကြောက်ပါ တယ်။ တိုင်ပင်ဖော်မရှိတော့ တစ်ခါတလေ အားငယ်မိတယ်။ ကျောင်းက ALMA (La scuola Internazionale di cucina) ဖြစ်ပါတယ်။

မေး။ ကျောင်းတက်ရတဲ့အတွေ့အကြုံနဲ့ ဖောင်ဒေးရှင်းက သင်ကြားပေးလိုက်မှုတွေကရော အထောက်အကူ ဖြစ်ရဲ့လား။

ဖြေ။ ပြည်ပ အတွေ့အကြုံက ပထမဆုံးအကြိမ်လည်းဖြစ်ပြီး မြန်မာလူမျိုးလည်း တစ်ယောက်မှ တိုင်ပင်ဖော် မရှိ တော့ အခက်အခဲတွေက အများကြီးပါပဲ။ ကျွန်တော်တို့လို နယ် က လူတွေအတွက်တော့ မလွယ်ကူပါဘူး။ ဒါပေမယ့် ကျွန်တော့် ကို ယုံယုံကြည်ကြည်နဲ့ လွှတ်လိုက်ပြီး ပညာသင်ယူခွင့်ပေးတဲ့ အဖွဲ့အစည်းကို ကျွန်တော်ကြောင့် မျက်နှာမပျက်စေချင်လို့ ပိုပြီး ကြိုးစားဖြစ်ပါတယ်။ အဓိကကတော့ စည်းကမ်းကို လိုက်နာတတ်ဖို့ကြိုးစားရပါတယ်။ တစ်နေ့တာလှုပ်ရှားမှုတွေက ကျောင်းက သင်တန်းကျောင်းဆိုတော့ အချိန်ပြည့် တက်ရပါ တယ်။ ဆရာမကြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ကျွန်တော့် ဟိုမှာ ဆက်လက်သင်ယူရမယ့် အခြေခံ သင်ခန်းစာတွေ ကြောင့် လက်တွေ့ပိုင်းမှာ အများကြီး အထောက်အကူဖြစ်စေ ပါတယ်။

မေး။ သင်ကြားပြီးလို့ ကိုယ့်နိုင်ငံကို ပြန်ရောက်လာတဲ့အခါ မြန်မာအစားအစာတွေကို နိုင်ငံတကာအဆင့်မီ အောင် ဘယ်လိုချက်ပြုတ်မလဲ၊ တည်ခင်းနိုင်မလဲဆိုတဲ့ အတွေ့အကြုံကောင်းတွေ ရနိုင်မလား။

ဖြေ။ ကျွန်တော်မြင်ရသလောက်က သင်ကြားမှုပိုင်းမှာ ကျွန်တော်တို့ဆီနဲ့အများကြီးကွာခြားပါတယ်။ အဓိက ကတော့ ဆရာနဲ့တပည့်အကြားနားလည်မှု ရရှိဖို့က အလွန် အရေးကြီးပါတယ်။ ကျွန်တော်အဓိက သွားရတဲ့ ရည်ရွယ်ချက် ကိုက ကိုယ့်တိုင်းပြည်ကို ပြန်ရောက်တဲ့အခါ Kitchen Life မှာ အောင်မြင်တဲ့ မြန်မာစားဖိုမှူး တစ်ယောက်ဖြစ်ချင်တာပါ။ အဓိကကြိုးစားချင်တာက မြန်မာအစားအသောက်တွေက အရသာပြည့်စုံပြီးသားတွေပါ။ ဒါတွေကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်နိုင်ဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်ဖို့၊ အပြင်အဆင်က လည်း နိုင်ငံတကာ တည်ခင်းဧည့်ခံနိုင်တဲ့အနေအထားဖြစ်လာ ဖို့ ကျွန်တော့်ရှေ့က မြန်မာစားဖိုမှူးတွေလိုပဲ ကျွန်တော် ကြိုးစားလုပ်ဆောင်သွားမှာပါ။ အခုတက်နေရတဲ့ သင်တန်းက နေ ကျွန်တော့်ရည်ရွယ်ချက်အတွက် သင်ကြားမှု အထောက် အကူတွေအများကြီးရရှိပြီး ကိုယ့်နိုင်ငံပြန်ရောက်တဲ့အခါလည်း ပြန်လည်မျှဝေသွားမှာပါ။ **(မြန်မာ့အလင်း)**



# ရေစကြို-ညောင်စောက်ကျေးရွာချင်းဆက်လမ်းမကြီးအား အများပြည်သူစုပေါင်းငွေဖြင့် ပြုပြင်

**ရေစကြို ဇွန် ၂၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ရေစကြို-ညောင်စောက်ကျေးရွာချင်းဆက် ဂဝံကျောက်ကြီး စီထားသည့်လမ်းမှာ ပျက်စီးယိုယွင်းလျက်ရှိပြီး ယခုကဲ့သို့ မိုးရာသီတွင် လမ်းပေါ်မှသွားလာ၍ မရနိုင်အောင်ရွှံ့ဗွက်များ၊ ချိုင့်ခွက်များက အဆိုပါလမ်းပေါ်တွင် နေရာယူလျက်ရှိခြင်းကြောင့် ညောင်စောက်ကျေးရွာမှ ရွာသူရွာသားများနှင့် အမှတ်(၈)ရပ်ကွက်၊ အောင်မင်္ဂလာရပ်မှရပ်ကွက်သူရပ်ကွက်သားများစုပေါင်းကာ ဇွန် ၁၅ ရက်မှ စတင်ကာ လမ်းသွားလမ်းလာ ပြည်သူများ၏ လှူဒါန်းငွေဖြင့် မြေနီကျောက်စရစ်လမ်း စတင်ခင်းကျင်း နေပြီဖြစ်ကြောင်းသိရသည်။



"ရေစကြို-ညောင်စောက်လမ်းမကြီးက ဦးလေးတို့ ညောင်စောက်ကျေးရွာအုပ်စုက ပြည်သူတွေရော သမန္တပို့ကျေးရွာ၊ နွားထိမ်းကျေးရွာနဲ့ စဥ့်ကိုင်ကျေးရွာတို့ကပြည်သူတွေနဲ့ ကျောင်းသား ကျောင်းသူတွေက နေ့စဉ်နေ့တိုင်း အားကိုးနေရတဲ့ လမ်းမကြီးတစ်ခုဖြစ်ပါတယ်။ ချင်းတွင်း မြစ်ကြောင်းမကောင်းတဲ့အချိန်တွေဆိုရင် ပခန်းငယ်ဆိပ်ကမ်းကနေလာတဲ့ မြစ်တစ်ဖက်ကမ်းက ကျေးရွာ ၂၀လောက်က ပြည်သူတွေလည်း ရေစကြိုကို ကုန်ရောင်းကုန်ဝယ်သွားတဲ့အခါမှာဒီလမ်းကြီးပေါ်က သွားလာကြတာ ဖြစ်ပါတယ်။ လမ်းမကြီးက ရွှံ့ဗွက်တွေနဲ့ ချိုင့်ခွက်တွေနဲ့ဆိုတော့ သွားလာရတာ အဆင်မပြေအောင် ပျက်စီးနေတော့ ပြုပြင်ကြရတာ ဖြစ်ပါတယ်။ ဇွန် ၁၅ ရက် နံနက်ပိုင်းမှာစပြီး အလှူခံပြီးရတဲ့ အလှူငွေနဲ့ မြေနီကျောက် စရစ်ခင်းနေပါတယ်။ အခုလို ကျွန်တော်တို့ အလှူခံပြီးစခင်းတော့ လမ်းသွားလမ်းလာတွေရော ကျွန်တော်တို့ ညောင်စောက်ကျေးရွာ ၊ သမန္တပို့ကျေးရွာ၊ နွားထိမ်းကျေးရွာ၊ စဥ့်ကိုင်ကျေးရွာနဲ့ အောင်မင်္ဂလာရပ်ကွက်က ပြည်သူတွေက လာရောက်လှူဒါန်းကြပါတယ်။ ဇွန် ၁၅ ရက် တစ်နေ့တည်းမှာပဲ ငွေကျပ် ၆၄၅၀၀ ရပါတယ်။ ထော်လာဂျီ ၁၇စီးစာ မြေနီကျောက်စရစ် ၁၇ ကျင်း ခင်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့က လှူမယ့်သူရှိနေသေးတဲ့နေ့အထိဆက်အလှူခံပြီးဆက်ခင်းသွားမှာပါ" ဟု လမ်းခင်းရေးကော်မတီဝင် ဦးဖိုးပုကပြောသည်။

အဆိုပါ ရေစကြို-ညောင်စောက်ကျေးရွာချင်းဆက်လမ်းမကြီးမှာ အင်္ဂလိပ်ခေတ်ကတည်းက ခင်းထားသည့် လမ်းမကြီးတစ်ခုဖြစ်ကာ အဆိုပါ လမ်းကို ၂၀၀၀ခုနှစ်ခန့်က နိုင်ငံတော်အစိုးရမှ အကျယ် ၁၂ ပေရှိ ဂဝံကျောက်ကြီးစီလမ်းအဖြစ် ခင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ သွားလာရေးခက်ခဲလောက်အောင် ပျက်စီးယိုယွင်းလာရခြင်းဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့အခု မြေနီကျောက်စရစ်ခင်းနေတဲ့ လမ်းမကြီးက ရေစကြိုမြို့ဧရိယာအဆုံးကနေ ညောင်စောက်ကျေးရွာအထိ ပေပေါင်း၉၅၀၀ ပေခန့်ရှည်ပါတယ်။ မြေနီကျောက်စရစ် တစ်ကျင်းစာ ထော်လာဂျီတစ်စီးကို ငွေကျပ်တစ်သောင်းနှစ်ထောင် ပေးရပါတယ်။ အလှူငွေနဲ့ လောက်အောင် ခင်းနေရတဲ့အတွက် ရည်မှန်းသလောက်တော့ မလုပ်နိုင်သေးပါဘူး။ လတ်တလော အများပြည်သူသွားလာရေး အဆင်ပြေအောင်ရွှံ့ ဗွက်တွေ ချိုင့်ခွက်တွေ ဖုံးသွားရုံလောက် ပဲခင်းနိုင်ပါတယ်။ အခုလမ်းကိုနှစ်ရှည် ကောင်းမွန်အောင်ခင်းနိုင်ဖို့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို တင်ပြထားပါတယ်" ဟု ညောင်စောက်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**အိမ္ဗွန်ဆွေ (ရေစကြို)**

# နှမ်းစိုက်ခင်းများတွင် ရွက်ပြောက်ရောဂါကျရောက်သဖြင့် စိုက်ပျိုးရေးဌာနမှ ကူညီ

**မလှိုင် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဇွန်လ ဒုတိယပတ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လေထု စိုထိုင်းဆနှင့် မြေဆီလွှာစွတ်စိုမှုများဖြစ်ပေါ်ခဲ့ပြီး မိုးဦးကာလက စိုက်ပျိုးထားခဲ့သည့် နှမ်းစိုက်ခင်းများတွင် Alternia Leaf Blight ရွက်ပြောက်ရောဂါများ ကျရောက်လျက်ရှိခြင်းကြောင့် တောင်သူများအား စိုက်ပျိုးရေးဌာနမှ ပညာပေးနှင့် ကူညီရေးလုပ်ငန်းများ ပြုလုပ်ပေးနေကြောင်းသိရသည်။

အဆိုပါ ရွက်ပြောက်ရောဂါများ ကျရောက်လျက်ရှိသော ကျပ်ဆည်ကျေးရွာအုပ်စု၊ ဆပ်ခင်းကြီးကျေးရွာ ရှိ တောင်သူ ဦးထွန်းသောင်၊ ဦးပိုင်အမှတ် (၈၁/၃)၊ ကွင်းအမှတ် (၄၀၂)၊ ဧရိယာ ၁ ဒသမ ၃၉ ဧကတွင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းအား မိတ္ထီလာခရိုင် မြေအသုံးချရေး တာဝန်ခံဒေါ်မိမိလှိုင်၊ ခရိုင်သီးနှံ ကာကွယ်ရေး တာဝန်ခံ ဒေါ်အေးအေးမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းယုနှင့် ဝန်ထမ်းများက ဇွန် ၁၈ ရက်ကသွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိုးမပြတ်ရွာသွန်းမှုကြောင့် စိုထိုင်းဆများပြီး ရောဂါကျရောက်ခြင်းဖြစ်ကြောင်း၊ ကောပါးပါသောရောဂါသတ်ဆေးများကို အသုံးပြုရေး၊ ဆေးဖျန်းရာတွင်လည်း အပင်အောက်ခြေ အထိ သေချာပက်ဖျန်းပေးရန်လိုအပ်ကြောင်း တောင်သူများအား ပညာပေးဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

"ဒီရောဂါက စိုထိုင်းဆများလို့ ဖြစ်တာပါ ၊မြေဆောင်ရောဂါဆိုတော့ နှိမ်နင်းဖို့ နည်းနည်းခက်ပါတယ်။ ကောပါးပါတဲ့ ရောဂါသတ်ဆေးကို သုံးရမှာပါ။ အပင်အောက်ပိုင်းထိ သေချာဖျန်းပေးဖို့လိုပါတယ်။ အပူချိန်မြင့်တက်လာရင်လည်း ပျောက်သွားတတ်ပါတယ်"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ကပြောပြသည်။

မလှိုင်မြို့နယ် အတွင်းရှိ ဆည်တို ရှေ့တန်းစခန်းနှင့် နှောကန် ရှေ့တန်းစခန်းနယ်မြေတို့တွင်စိုက်ပျိုးထားသော မိုးဦးနှမ်းစိုက်ခင်းများတွင် အများစုဖြစ်ပွားနေပြီး ရောဂါပိုးကျရောက်ရာ နေရာများသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံကာ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**အောင်ငွေး(မလှိုင်)**



# ပန်းတောင်းမြို့နယ်၌ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

**ပန်းတောင်း ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲအား ဇွန် ၁၈ ရက်နံနက်က မြို့နယ်စည်ပင်သာယာရေးခန်းမတွင် ဖွင့်ပွဲကျင်းပပြီး စတင်ယှဉ်ပြိုင်ကြသည်။

မြို့နယ်အားကစားကော်မတီဥက္ကဋ္ဌ၊ ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အထူးရည်ရွယ်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံမှ ပိုက်ကျော်ခြင်း အားကစားသမားများကိုလည်း အားပေးယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင် မီနီမာရသွန် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကိုလည်း ကျင်းပပေးခဲ့ပြီး ဆုရရှိသူများနှင့် မြို့နယ်ဘင်ခရာတီးဝိုင်းနှင့် ပန်းပွားအက ကျောင်းသား ကျောင်းသူများကိုလည်း ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့က ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

နှစ်စဉ်မြို့နယ်အဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ပြီး ယင်းမှာ Township Sports Development Program တစ်ခုဖြစ်ပြီး အားကစားပစ္စည်းများကို အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ မြို့နယ်တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဓနုဖြူမြို့နယ် ရက် ၁၀၀ လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဓနုဖြူ ဇွန် ၂၀**

ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ရက် ၁၀၀ စီမံချက်လုပ်ငန်းများအား ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမောင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ငါးဘတ်အိုင်တံတားပေ (၂၀×၁၆×၁၅) တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပျဉ်ထောင်စုကျေးရွာမြေသားရေကန် ပေ (၁၀၀×၁၀၀×၅)အနက် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန်လဒုတိယပတ်အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခင်သန္တာထွေး (ပြန်/ဆက်)**

## လက်စတာက ပေါင် ၂၅ သန်းနဲ့ ကမ်းလှမ်းတဲ့ ဝက်ဖို့ဒ် အသင်းခေါင်းဆောင်

ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ချန်ပီယံဖြစ်သွားတဲ့ လက်စတာအသင်းက လာမယ့်ရာသီမှာ ပြင်ဆင်မှုတစ်ရပ်အဖြစ် ကစားသမားသစ် ခေါ်ယူဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ဒီအထဲမှာ ဝက်ဖို့ဒ်အသင်း ခေါင်းဆောင် ထရွိုင်းဒီနေးကတော့ နံပါတ်တစ် ပစ်မှတ်ပါပဲ။ ပေါင် ၂၅ သန်းအထိတန်တဲ့ တိုက်စစ်မှူးလို့ ဆိုပါတယ်။ လက်စတာက ခေါ်ယူဖို့ ကမ်းလှမ်းထားပေမယ့် ဝက်ဖို့ဒ်ကတော့ ငြင်းဆိုနေဆဲပါ။ ဝက်ဖို့ဒ်က ပေါင်သန်း ၃၀ အထိ တောင်းဆိုနေပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းအနေနဲ့ ကနဦး ပေါင် ၁၈ သန်းနဲ့ ကမ်းလှမ်းရာမှ ပေါင် ၂၅ သန်းအထိ တိုးပေးပြီး ကမ်းလှမ်းခဲ့တာပါ။ သို့ပေမယ့် ဝက်ဖို့ဒ်ကတော့ ဒီထက် မျှော်လင့် နေဆဲပါ။ ဒီနေးကို မရောင်းဘူးလို့လည်း ဝက်ဖို့ဒ်က ပြောဆိုနေပါတယ်။ လက်စတာအသင်းအနေနဲ့ ဝက်ဖို့ဒ်က မရောင်းဘူးလို့ ပြောဆိုနေသော်လည်း အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ဒီနေးကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။ လက်စတာက အခြားကစားသမားတစ်ဦးဖြစ်တဲ့ နန့်စ်အသင်းမှ မန်ဒီကို ပေါင် ၁၃ သန်းနဲ့ ခေါ်ယူနိုင်ဖို့ မျှော်လင့်ထားပါတယ်။



## မန်စီးတီးက ခေါ်ယူမယ့် စပိန်တိုက်စစ်မှူး နိုလီတို

မန်စီးတီးနည်းပြသစ် ဂွာဒီယိုလာက အသင်းဟောင်း ဘာစီလိုနာနဲ့ အပြိုင် ဆဲလ်တာဗီဂို တိုက်စစ်မှူး နိုလီတိုကို အရခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ သူဟာ ယူရို ၂၀၁၆ မှာ စပိန်အသင်းနဲ့အတူ ခြေစွမ်းပြ ကစားနေတာပါ။ စပိန်အသင်းမှာ ၁၂ ပွဲ ပါဝင်ကစားပြီး ငါးဂိုးသွင်းယူပေးထားပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး နိုလီတိုကို ပေါင် ၁၄ ဒသမ ၁ သန်းနဲ့ မန်စီးတီးက ခေါ်ယူဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဘာစီလိုနာကို ကျော်ပြီး အရခေါ်ယူဖို့ ရှိနေပါတယ်။ သူဟာ ဒီနှစ်နွေရာသီမှာ ဆဲလ်တာဗီဂိုအသင်းကနေ ထွက်ခွာဖို့ ရှိနေပါတယ်။ လက်ရှိ ယူရို ၂၀၁၆ မှာ စပိန်နှင့် တူရကီတို့ ကစားတဲ့ပွဲမှာ တစ်ဂိုးသွင်းယူထားပါတယ်။ စပိန်အသင်းမှာ ဒေးဗစ်ဆေးလ်ဗား၊ အယ်လ်ဗာရိုမိုရာတာတို့နဲ့အတူ တိုက်စစ်အတွက် ကစားနေသူပါ။ နည်းပြသစ် ဂွာဒီယိုလာအနေနဲ့ လာမယ့်ရာသီမှာ မန်စီးတီးရဲ့တိုက်စစ်ကို အကောင်းဆုံး ပြင်ဆင်နေတာပါ။ တိုက်စစ်မှာ အဂူရို၊ ဒေးဗစ်ဆေးလ်ဗာနဲ့ နိုလီတိုတို့ ရဲ့အတွဲကို တည်ဆောက်ဖို့ ကြိုးစားနေတာပါ။ မန်စီးတီးအနေနဲ့ နိုလီတိုကို ခေါ်ယူနိုင်မယ်ဆိုရင်တော့ လာမယ့်ရာသီမှာ အကောင်းဆုံးတိုက်စစ်အတွဲအဖြစ် ပေါ်ထွက်လာဖို့ ရှိနေပါတယ်။





# ခြေစွမ်းပြဦးမယ့် စပိန်၊ နှုတ်ဆက်ရမယ့် တူရကီ

ယူရို ၂၀၁၆ အုပ်စု အဆုံးအဖြတ်ပွဲစဉ်တွေ ဖြစ်လာမယ့် ဇွန် ၂၂ ရက်မှာ ကစားမယ့်ပွဲတွေကတော့ ရင်ခုန် စိတ်လှုပ်ရှားစရာပွဲတွေဖြစ်နေပါတယ်။ ဒီပွဲစဉ်မှာ ချက်နှင့် တူရကီ၊ ခရိုအေးရှားနှင့်စပိန်၊ အိုင်စလန်နှင့် သြစတြီးယား၊ ဟန်ဂေရီနဲ့ ပေါ်တူဂီတို့ ပွဲတွေက အသင်းတိုင်းအတွက် ဂုဏ်သိက္ခာအရရော အောင်ပွဲခံနိုင်ရေးအတွက်ပါ အရေးပါတဲ့ပွဲတွေဖြစ်နေပါတယ်။

### ချက်နှင့် တူရကီ

တူရကီတို့ဟာ နောက်တစ်ဆင့်တက်ရေး အခြေအနေမပေးတော့တဲ့ အနေအထားရောက်ရှိနေပါတယ်။ ပထမပွဲစဉ်မှာ ခရိုအေးရှားက တူရကီကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့သလို စပိန်တို့ကလည်း တူရကီကို သုံးဂိုးပြတ်နဲ့ နိုင်ခဲ့တာမို့ တူရကီတို့ အခြေနေမကောင်းပါဘူး။ ချက်တို့ကလည်း ခရိုအေးရှားကို နှစ်ဂိုးစီသရေပွဲနဲ့ စပိန်ကို တစ်ဂိုး-ဂိုးမရှိ ရှုံးထားတာမို့ နောက်တစ်ဆင့်တက်ရေး ဝေဝါးနေပြီ ဖြစ်ပါတယ်။ နှစ်သင်းစလုံး ဂုဏ်သိက္ခာအတွက် ကြိုးစား ကြမယ့်ပွဲဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းအရ ချက် အသင်းနဲ့ တိုက်စစ်၊ ခံစစ်အားမျှမှုက တူရကီထက်တော့ သာလွန်နေတာအမှန်ပါပဲ။ ချက်တို့ အနိမ့်ဆုံး တစ်မှတ်ရသွားနိုင်တဲ့ပွဲပါပဲ။

### ခရိုအေးရှားနှင့် စပိန်

စပိန်တို့ အခြေအနေကောင်းနေပြီး ချက်ကို အနိုင်ရထားသလို တူရကီကိုလည်း သုံးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ ခရိုအေးရှားတို့ကတော့ တူရကီကို ကပ်ပြီး အနိုင်ရထားသလို ချက်အသင်းနဲ့လည်း နှစ်ဂိုးစီသရေပွဲဖြစ်ထားခဲ့ပါတယ်။ ဒီပွဲမှာ စပိန်တို့က တိုက်စစ်ရော ခံစစ်ပါ အမှားအယွင်း အနည်းဆုံး ကစားနေပြီး ဂိုးသွင်းအားလည်း ကောင်းနေပါတယ်။ ယူရိုဖလားကို ရယူဖို့ ပြင်ဆင်လာတဲ့ စပိန်တို့က အခုပွဲကို သေသေချာချာ ပြင်ဆင်ပြီး ကစားမှာဖြစ်သလို ကွင်းလယ်တိုက်စစ်ကို ဗဟိုပြု ထိုးဖောက်ဖို့ အားထုတ်မှာဖြစ်ပါတယ်။ အုပ်စုဖွဲ့ ထိုးဖောက်ကစားတတ်တဲ့ စပိန်ရဲ့ကစားကွက်အောက်မှာ ခရိုအေးတို့ နစ်မြုပ်သွားဖို့ ရှိနေတာ အမှန်ပါပဲ။

### အိုင်စလန်နှင့် သြစတြီးယား

ရုန်းကန်နေရတဲ့ သြစတြီးယားတို့ကလည်း ရှုံးပွဲတွေကြောင့် အမှတ်ရရှိဖို့ ခဲယဉ်းနေပါတယ်။ သြစတြီးယားတို့က ဟန်ဂေရီနဲ့ ပွဲမှာလည်း နှစ်ဂိုးပြတ်ရှုံးပြီး ပေါ်တူဂီကိုတော့ ဂိုးမရှိသရေဖြစ်ထားတာမို့ နောက်တစ်ဆင့်တက်ရေး အိမ်မက်ပျက်နေပြီဖြစ်ပါတယ်။ သြစတြီးယားတို့က ကွင်းလယ်ပိုင်းမှာ အချိတ်အဆက်မိမိ ကစားနိုင်ပေမယ့် တိုက်စစ်မှူးတွေက ပြိုင်ဘက်ဂိုးရေိယာအတွင်းမှာ အချက်များနေပါတယ်။ အထူးသဖြင့် ပြိုင်ဘက်ခံစစ်မှူးတွေကို ကျော်လွှားဖို့ ခက်ခဲနေတတ်တဲ့အပြင် အပိုင်ကန်ခွင့် အခွင့်အရေးလည်း ရှာဖွေမှု နှေးကွေးနေတတ်တာမို့ ဂိုးတွေမရရှိခဲ့တာဖြစ်ပါတယ်။ အိုင်စလန်ရဲ့စိတ်ဓာတ်ဟာ ပြင်းထန်ပြီး ပြိုင်ဘက်ခံစစ်ကြောင့်ကို ထိုးဖောက်တဲ့အခါ စွမ်းအားပြည့် ထိုးဖောက်နိုင်တာမို့ အခုပွဲမှာ အိုင်စလန်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဟန်ဂေရီနှင့် ပေါ်တူဂီ

သြစတြီးယားကို အနိုင်ကစားပြီး အိုင်စလန်ကို တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ ဟန်ဂေရီဟာ ဒီပွဲကို အနိုင်ကစားမှုရပါလိမ့်မယ်။ နောက်တစ်ဆင့်တက်ရေးအတွက် ဒီပွဲဟာ ဟန်ဂေရီအတွက် ခြေကုန်ထုတ်မှ ဖြစ်မယ့် အနေအထားပါပဲ။ ဟန်ဂေရီရဲ့ တိုက်စစ်မှူးတွေဟာ အခက်ခဲကြားက ဂိုးရအောင် သွင်းနိုင်တွေဖြစ်သလို အဝင်အထွက်လည်း ရဲကြပါတယ်။ ပေါ်တူဂီတို့ကလည်း နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲ ဖြစ်နေတာမို့ စီရိုနယ်ဒို ဦးဆောင်တဲ့ တိုက်စစ်မှူးတွေရဲ့စွမ်းဆောင်မှုက အရေးကြီးနေပြီဖြစ်ပါတယ်။

ကွင်းလယ်ပိုင်းမှာ ထိန်းချုပ်ကစားနိုင်ပြီး တောင်ပံတွေက ထိုးဖောက် တိုက်စစ်ဆင်တဲ့ ဗျူဟာက ဒီပွဲမှာ အလုပ်ဖြစ်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံး ကြိုးစားအားထုတ်မှုနဲ့ စွမ်းဆောင်ရည်တူညီနေပေမယ့် တိုက်စစ်ပိုင်းမှာ ပေါ်တူဂီတို့ အားသာချက်ရှိနေတာမို့ ဂိုးမပြတ်ပေမယ့် ပေါ်တူဂီတို့ အမှတ်ပြည့်ရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ပေါင် ၁၁ သန်းနဲ့ စပါးက ခေါ်ယူမယ့် ဆောက်သမ်တန် ကွင်းလယ်ကစားသမား

**ကောင်းမြတ်သူ - စုစည်းသည်။**

ပြီးခဲ့တဲ့ ရာသီက အကြိတ်အနယ် ကြိုးစားပြီး ဖလားရဖို့ ကြိုးစားခဲ့တဲ့ စပါးအသင်းက ဆောက်သမ်တန် ကွင်းလယ်ကစားသမား ဗစ်တာဝမ်ယာမာကို ပေါင် ၁၁ သန်းနဲ့ ခေါ်ယူစာချုပ်ဖို့နီးစပ်နေပါတယ်။ စပါးနဲ့ ဆောက်သမ်တန်အသင်းတို့ဟာ အသေးစိတ်ဆွေးနွေးနေပြီဖြစ်ပါတယ်။ ဆောက်သမ်တန်က ကင်ညာနိုင်ငံသား ဝမ်ယာမာကို ၂၀၁၃ ခုနှစ်က ပေါင် ၁၂ ဒသမ ၅ သန်းနဲ့ ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဝမ်ယာမာဟာ ဆောက်သမ်တန်မှာ ခြေစွမ်းပြကစားနေဆဲဖြစ်ပါတယ်။ သို့ပေမယ့် ဆောက်သမ်တန်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ တစ်နှစ်သာ ကျန်ပါတော့တယ်။ စပါးကတော့ သူ့ကို ပေါင် ၁၁ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ ဝမ်ယာမာကို ဆဲလ်တစ်မှ ဆောက်သမ်တန်က ဝယ်ယူခဲ့တာပါ။ ကွင်းလယ်ကစားသမား ဝမ်ယာမာဟာ လက်ရှိ စပါးနည်းပြ ပိုချစ်တီနို စပါးကို ရောက်မလာမီ ဆောက်သမ်တန်အသင်းနဲ့အတူရှိခဲ့သူ ဖြစ်ပါတယ်။ စပါးအသင်းနည်းပြ ပိုချစ်တီနိုက တပည့်ဟောင်း ဝမ်ယာမာကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။



# ပုဗ္ဗသီရိမြို့နယ် ကွင်းကြီးချောင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ် ၆ ရပ်ကွက် ကျည်တောင်ကန် မြို့ပတ်လမ်းပေါ်ရှိ ကွင်းကြီးချောင်းမှ နုန်း၊ သဲ၊ အမှိုက်များပိတ်ဆို့၍ ရေကျော်မှုအား ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များဆယ်ယူခြင်း၊ သဲနုန်းများ ဆယ်ယူခြင်းတို့ကို ဇွန်လဒုတိယပတ်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းအောင်နှင့် ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မီးသတ် တပ်ဖွဲ့ဝင် ၄၀ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး မြို့မိမြို့ဖ များ ပူးပေါင်း၍ ဇွန် ၁၂ ရက် နံနက် ၈ နာရီက နုန်း၊ သဲ၊ အမှိုက်များကို မြင်းကောင်ရေ ၆၀ ရှိ



KIOTI ထယ်ထိုးစက်ဂေါ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**မင်းမင်းလတ်(ရှုပဗေဒ)**

# ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ရှင်များအား အသိပညာပေး

**မြိတ် ဇွန် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ပိတောက်ပင်လမ်းဆုံအနီးရှိ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၇ ရက်က ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ် အတွင်းမှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်ရှင်များအား တွေ့ဆုံ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မျိုးသူက လိုင်စင်မရှိသေးသော အရောင်းဆိုင်များ လိုင်စင်ပြုလုပ်ကြရန်၊ တရားဝင်မှတ်ပုံတင်ထားသော ဆေးနှင့်ဓာတ်မြေဩဇာများကို ဥပဒေနှင့်အညီ ရောင်းချကြရန်နှင့် ဥပဒေများကို လိုက်နာကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ချယ်ရီက စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေး ပိုးသတ်ဆေးဥပဒေပါ တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်သန်းသန်းဝင်းက မြေဩဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မြေဩဇာကော်မတီမှ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များပါ လိုက်နာရေးနှင့် အရည်အသွေးအာမခံချက် အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံနှင့် တာဝန်ရှိသူများက မြိတ်မြို့နယ်အတွင်းရှိ မျိုးစေ့နှင့် ပိုးသတ်ဆေးအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းနှင့် ညီညွတ်ခြင်းရှိ/မရှိ၊ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်အတွင်းရှိ အချို့သောလယ်ယာများတွင် စပါးဖျက်ပိုးများ ကျရောက်ပါက ပိုးသတ်ဆေးများကို အချိုးနှုန်းမှန်ကန်စွာ အသုံးပြုတတ်စေရန် အရောင်းဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။
**မြင့်ဦး (မြိတ်)**



# လှိုင်ကော်မြို့နယ် လေးမိုင်သုသာန်တွင် သင်္ဂြိုဟ်ခွင့်နှုန်းထားများတိုးမြှင့်ကောက်ခံ

**လှိုင်ကော် ဇွန် ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်း လှိုင်ကော်-လောပိတလမ်းဘေးရှိ မြို့နယ်စည်ပင်ပိုင် လေးမိုင်သုသာန်၌ သင်္ဂြိုဟ်ခွင့်အမျိုးအစားများခွဲခြားကာ သင်္ဂြိုဟ်ခွင့်နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကို ဇွန် ၁၅ ရက်မှစတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည်။

တိုးမြှင့်ကောက်ခံမည့်နှုန်းထားများမှာ ရိုးရိုးမြေမြှုပ်ခြင်းအတွက် ငွေကျပ် ၅၀၀၀၀၊ အုတ်ဂူသွင်းခြင်းအတွက် ၁၀၀၀၀၀ ကျပ်၊ မီးသင်္ဂြိုဟ်စက်ဖြင့် မီးရှို့ခြင်းအတွက် ငွေကျပ် ၅၀၀၀ နှင့် ဒီဇယ်ဆီသန့်ရှစ်ဂါလန်ဖြစ်သည်။ ထိုသို့ သင်္ဂြိုဟ်ခွင့်နှုန်းထားများတိုးမြှင့် သတ်မှတ်ကောက်ခံမည့်အခြေအနေအပေါ် ဝေဖန်ကန့်ကွက်မှုများ ဖြစ်ပေါ်လျက်ရှိရာ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်နေ ဦးအောင်စိန်က "ဒီသင်္ဂြိုဟ်ခွင့်နှုန်းထားတွေက မရှိဆင်းရဲသားတွေအတွက် တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အခြေအနေမျိုးပဲ။ သင်္ဂြိုဟ်ခွင့်နှုန်းထားတွေလျှော့ချသင့်ပါတယ်" ဟု ပြောသည်။

ယင်းသုသာန်သည် မြေအကျယ်အဝန်း ၁၀ ဧကရှိသော်လည်း အုတ်ဂူသွင်းသင်္ဂြိုဟ်သူများပြားသောကြောင့် မြေအကျယ်အလွတ် နှစ်ဧကခန့်သာ ကျန်ရှိတော့သည်။ မီးသင်္ဂြိုဟ်သည့် အလေ့အထထွန်းကားလာမှသာ နောင်ကာလများ၌ မြေနေရာအတွက် အခက်အခဲ မကြုံရမည်ဖြစ်ကြောင်း၊ ယခုအခါ လေးမိုင်သုသာန်၌ အလှူရှင်တစ်ဦးက မီးသင်္ဂြိုဟ်စက်လှူဒါန်းထားသည်။ ယခုအစီအမံသည် မြေနေရာအခက်အခဲဖြေရှင်းနိုင်ရန်အတွက် မီးသင်္ဂြိုဟ်သည့် အလေ့အထထွန်းကားလာစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်အတွင်းရှိ မိုင်းလုံးသုသာန်ကိုလည်း ပိတ်သိမ်းထားပြီး မြေနေရာအကျယ်အဝန်း ၃ ဒသမ ၇၇၄ ဧကရှိ အဆိုပါ နေရာတွင် ပြည်နယ်တွင်းပြေးဆွဲသည့် ယာဉ်များအတွက် ကားဂိတ်ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စုံစမ်းသိရှိရသည်။
**ကြီးမြင့်နိုင်(လှိုင်ကော်)**

# လျှပ်စစ်ဓာတ်အားလိုင်း သန့်ရှင်းရေးဆောင်ရွက်

**မော်လူး ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့တွင် ရက် ၁၀၀ စီမံချက်ဖြင့် 400 V ဓာတ်အားလိုင်းမှ စံချိန်စံညွှန်းမမီဓာတ်တိုင်များအား ဇွန် ၁၆ ရက်က ၁၀ မီတာရှိ စံချိန်မီကွန်ကရစ်တိုင်များ အစားထိုးခြင်း၊ သံလက်တန်း၊ ဒေါက်လဲလှယ် ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မှူးဦးမောင်မောင်ငြိမ်းနှင့်အဖွဲ့များက ဆောင်ရွက်နေကြောင်း သိရသည်။

11 KV ဓာတ်အားလိုင်း 400 Vနှစ်ထပ်လိုင်းဆောင်ရွက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသည့် အများပြည်သူအတွက် အကျိုးသက်ရောက်မှုရှိစေခြင်း၊ လျှပ်စစ်လိုင်းကြိုးများနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခြင်းတို့ကြောင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။
**ခင်မောင်ဆွေ (မော်လူး)**

# ပန်းအိုင်ရွှေမုဌောဘုရားဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မလှိုင် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာကြီး၏ရွာအနီး တောင်ထိပ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၇၅၀ ကျော်ခန့် မြန်မာသက္ကရာဇ်(၄၇၅ ခုနှစ်(မူကွဲ-၄၇၉) ခန့်က အလောင်းစည်သူမင်းလက်ထက်တွင် စတင်တည်ထားကိုးကွယ်ခဲ့သည့် ပန်းအိုင်ဗုဒ္ဓပူဇနီယပွဲတော်ကို ရှေးအစဉ်အလာ မပျက် ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်ကို ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တာဝန်ရှိသူ အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ်မှုဖြင့် နယုန်လဆန်း ၁၀ ရက်မှ ၁၅ ရက်အထိ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကျင်းပကာ ပွဲတော်ကြီးကိုဖွင့်လှစ်မည်ဖြစ်ပြီး နယုန်လဆန်း ၁၅ ရက်မှ ဝါဆိုလဆန်း ၂ ရက်အထိ ၁၈ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
**ကျော်ကျော်(မလှိုင်)**

## သတင်းတိုများ

### ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုသစ်ပင်စိုက်

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က ဟားခါးမြို့ ဇေတဝန်တောရစာသင်တိုက် ကမ္ဘာလုံးငြိမ်းချမ်းရေးစေတီတော်အနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဝီကော၊ ပြည်နယ်ဥပဒေချုပ် ဦးထန်ကျုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ဦးလာလ်တင်မန်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၀၆၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက် )**

### ရွှေ့ပြောင်းနေထိုင်သူများစာရင်းကောက်ယူ

ရှမ်းပြည်နယ် လင်းခေးခရိုင် ကျိုင်းတောင်းမြို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက်ပေါင်း ၁၀၀ သစ္စာစီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူများစာရင်း ကောက်ယူလျက်ရှိရာ ဇွန်လဒုတိယပတ်အထိ သာမန်ရွှေ့ပြောင်းနေထိုင်သူ အိမ်ထောင်စုပေါင်း ၈၀ နှင့် အမျိုးသား ၁၅၃ ဦး၊ အမျိုးသမီး ၉၃ ဦး စုစုပေါင်း ၂၄၆ ဦးကောက်ယူခဲ့ပြီး ညွှန်ကြားချက်နှင့်အညီ အိမ်ထောင်စုနှင့်ကိုင် ဆောင်သင့်သည့်ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### ရေနစ်မြုပ်ခဲ့သောစပါးစိုက်ခင်းများ အချိန်မီပြန်လည်ပျိုးထောင်နိုင်ရေးမျိုးစပါးဖိုးလှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ကောလင်း၊ ဝန်းသိုမြို့နယ်တို့၌ ရေကြီးရေလျှံမှုတို့ကြောင့် စပါးပျိုးခင်းများ ရေနစ်မြုပ်ပျက်စီးခဲ့ရာ အချိန်မီပြန်လည်ပျိုးထောင်နိုင်ရေးအတွက် ဇွန် ၁၆ ရက်က မျိုးစပါးဖိုးငွေများ လှူဒါန်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပရာ ဝိစာရအင်တာနေရှင်နယ်ကုမ္ပဏီတာဝန်ရှိသူက ငွေကျပ်သိန်း ၅၀ ကို ကောလင်း၊ ဝန်းသိုမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ မျိုးစပါးဖိုးငွေများ ပေးအပ်လှူဒါန်းရခြင်းမှာ စပါးပျိုးခင်းများ ရေကြီးနစ်မြုပ်ခဲ့သော တောင်သူများအနေဖြင့် ပြန်လည်ပျိုးထောင်ရာတွင် အခက်အခဲများ မရှိစေရေးနှင့် အချိန်မီ ပြန်လည်ပျိုးထောင်ရေးအတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။
**ကောလင်း(ပြန်/ဆက်)**

### ပွင့်ဖြူမြို့မဈေး ပုံကျဈေးရုံအမှတ်(၃) တည်ဆောက်ပြီးစီး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၌ ရက် ၁၀၀ စီမံချက်ဖြင့် မြို့မဈေး ပုံကျဈေးရုံအမှတ်(၃)တည်ဆောက်ခြင်းလုပ်ငန်းများ ဇွန် ၁၇ ရက်က ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ယင်းဈေးရုံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့နယ် စည်ပင်သာယာရေးရန်ပုံငွေမှ ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းကို အချိန်နှင့်တစ် ပြေးညီပြီးစီးရန်နှင့် စနစ်တကျဖြစ်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှု ဆောင်အရာရှိ ဦးမျိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဌေးတို့က ကြီးကြပ်ဆောင် ရွက်ခဲ့ကြောင်း သိရသည်။
**ခင်မောင်ဌေး(ပွင့်ဖြူ)**

### မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဖြူးမြို့နယ် အသက် ၁၇ နှစ်အောက် မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖြူးမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဇွန် ၁၇ ရက်က ကျင်းပရာ မြို့နယ်အတွင်း ထူးချွန်အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါဖိတ် ခေါ်ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ခြောက်သင်းပါဝင်ယှဉ်ပြိုင်ကစားကြပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ဖြူး (၂) လူငယ်အသင်းနှင့် ဖြူး (၂၄)လမ်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဖြူး (၂)လူငယ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် အနိုင်ရဖြူး (၂) လူငယ်အသင်းအား ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။
**ဖြူး-မြင့်ဦး**

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများနှင့် Insulator များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

**ပြည်တက္ကသိုလ်**

## ပစ္စည်းဝယ်ယူရေးအိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်တက္ကသိုလ်တွင် အသုံးပြုရန် အတွက် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(1) Lab Equipment (Apparatus, Glassware)
(2) Research Equipment
(3) Machinery & Equipment (EDI Secure ® XID 8100 professional Retransfer Card Printer)
(4) Furniture (Single Bed-stead, Single Reading Table etc.)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ပြည်တက္ကသိုလ် စီမံ/ဘဏ္ဍာဌာနတွင် ၂၀-၆-၂၀၁၆ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီးအဆိုပါအိတ်ဖွင့် တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဒုတိယပါမောက္ခချုပ် ရုံးခန်း၊ ပြည်တက္ကသိုလ် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၃-၂၄၃၀၈၊ ၀၉-၄၄၉၂၅၁၀၃၀၊ ၀၉-၄၃၁၈၀၂၆၀၊ ၀၉-၅၃၁၁၈၇၈၊ ၀၉-၂၅၀၂၄၃၆၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ပြည်တက္ကသိုလ်၊ ပြည်မြို့**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
**၀၁/၂၀၁၆-၂၀၁၇ ကြိမ်မြောက် သစ်လုံး/သစ်ခွဲသား**

## ဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ လားရှိုးဒေသအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မူဆယ်ခရိုင် (နမ့်ခမ်းသစ်တောရုံး)၊ မိုးမိတ်ခရိုင် (သစ်ခွဲပင်သစ်ဆိပ်)၊ လားရှိုးခရိုင် (လားရှိုးယာဉ်ယန္တရားဝင်း)နှင့် ကျောက်မဲခရိုင် (အမှတ်-၁၁၂ သစ်စက်ဝင်း/နောင်အန်သစ်ဆိပ်/ကျောက်မဲသစ်ဆိုင်ဝင်း/ငါးအိုးဘိနယ်စခန်း)များရှိ သတ-ဖ သစ်လုံး/ခွဲသားကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့် အချိန်** - ၁-၇-၂၀၁၆ရက် ၉:၃၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်း/သစ်မာ (သစ်လုံး/တိုင်/ခွဲသား/ဓားရွေ)(၃၄၅)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာ (ပြည်တွင်းရောင်း/စက်)ရုံး မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့

၂။ ဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mmတွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၈၂-၂၃၇၉၆၊ ၀၈၂-၂၂၀၃၀၄၀တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံရောင်းချရေးကော်မတီ**
**ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**

**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**စဉ် ပစ္စည်းအမျိုးအစား**

(၁) **စက်ပစ္စည်းများ**

1. EDI Secure ®XID 8100 Professional Retransfer Card Printer. XID 8100 Germany Branded Color Printing Speed 105 Cards/hour Printer, Consisting of XID 8100 Retransfer Printer, Double Sided Printing Parts-18 Months Warranty Print Head Warranty-6 Years or 600000 Count (which ever comes first) Service 3 Years Warranty.

(၂) **ပရိဘောဂပစ္စည်းများ**

1. Single Bedstead (Iron) (6.5'x3'x2.5')
2. Single Chair (Iron) (sofa)
3. Dinning Table (Teak) (3'x3'x2.5')
4. Armless Chair (Teak) (1.5'x1.5'x1.5')
5. Table (All Teak) (3'x2'x2.5')

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ၆၂လမ်း၊ ၂၂×၂၃လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၆၁၃၉၈၊ ၀၂-၃၆၆၈၀၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ) အောက်ရှိ လားရှိုးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (၁) | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၅၂ မျိုး |
| (၂) | Educational Books | 1 Lot |
| (၃) | စက်နှင့်စက်ပစ္စည်း | ၁ မျိုး |
| (၄) | ရုံးအသုံးအဆောင်ပစ္စည်း | ၁ မျိုး |
| (၅) | ပရိဘောဂပစ္စည်း | ၁၀ မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက် (တနင်္လာနေ့)တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ လားရှိုးတက္ကသိုလ်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံ-ဘဏ္ဍာဌာန၊ ဖုန်း-၀၈၂-၂၅၉၀၉၊ ၀၉-၄၉၃၃၁၉၀၂၊ ၀၉-၄၀၃၇၀၅၈၃၁များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**လားရှိုးတက္ကသိုလ်၊ လားရှိုးမြို့**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ဆည်မြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများ ဓာတ်ခွဲ၊ ဓာတ်မှန်သုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၇-၂၀၁၆ ရက် (သောကြာနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး**
**ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၆-၅၀၃၄၅**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)**
**စစ်ကိုင်းတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အဆင့်မြင့် ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)၊ စစ်ကိုင်း တက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) Non Control Items
(၂) Machinery Equipment
(၃) Office Equipment
(၄) furniture
(၅) Other

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ စစ်ကိုင်းတက္ကသိုလ်၊ စစ်ကိုင်းမြို့ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၂-၂၂၉၄၄၊ ၀၉-၂၅၆၆၂၀၂၆၇တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါပစ္စည်းဝယ်ယူရေးကော်မတီ**
**စစ်ကိုင်းတက္ကသိုလ်**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန(ကလေးတက္ကသိုလ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (၁) | စက်ပစ္စည်း (Machinery & Equipment) | (၁ မျိုး) |
| (၂) | ရုံးသုံးစက်ပစ္စည်း (Office Equipment) | (၁ မျိုး) |
| (၃) | ပရိဘောဂပစ္စည်းများ (Furniture) | (၁၅ မျိုး) |
| (၄) | ဓာတ်ခွဲခန်းသုံးပစ္စည်း (Lab Equipment) | (၃၇ မျိုး) |
| (၅) | Reference Books | |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ကလေးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကလေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၀၇၃-၂၁၉၇၅၊ ၀၉-၄၂၈၁၈၅၅၈၁၊ ဘဏ္ဍာရေးရာဌာန ၀၇၃-၂၂၀၆၄၊ ၀၉-၃၃၅၆၆၃၄၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကလေးတက္ကသိုလ်**

## အလုပ်ရုံဆွေးနွေးပွဲဖိတ်ကြားခြင်း

၁။ သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

**ရက်စွဲ** - ၁-၇-၂၀၁၆ ရက်(သောကြာနေ့)
**အချိန်** - ၀၉:၀၀နာရီမှ ၁၇:၀၀နာရီ
**နေရာ** - ရုံးအမှတ် ၁၉၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်

၂။ သို့ဖြစ်ပါ၍ သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်စားစွာ ဆွေးနွေးလိုသည့် မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

၃။ လူဦးရေကန့်သတ်ထားပါသဖြင့် ၂၇-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ ဖုန်း-၀၆၇-၄၀၉၃၇၈၊ ၀၆၇-၄၀၉၀၀၉ (သို့မဟုတ်) deptmine@gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ**
**သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်**

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်**
**National Management Degree College နှင့် MPDC Education တို့ပူးပေါင်း၍ ဖွင့်လှစ်သော**
**Certificate in Marketing Management (CMM)**

## အမှတ်စဉ်(၈)သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် Myanmar Professional Development Center (MPDC)တို့ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်း အမှတ်စဉ်(၈)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး ၂၀၁၆ခုနှစ် မေ ၃၀ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ပါသည်။

၄။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပါသည်။

၅။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူ(၂)စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ (၂)စုံ၊ လိုင်စင်ဓာတ်ပုံ(၅)ပုံ တင်ပြရမည်။

**လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(လေးထပ်စာသင်ဆောင်၊ MPDCရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။

**ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၇၉၅၂၇၅၆၈၃၊ ၀၉-၄၂၁၁၀၄၇၇၁**

**ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) မအူပင်မြို့တွင် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၄)ထပ်(၁)လုံး ဆောက်လုပ်ခြင်း
(ခ) မြောင်းမြမြို့တွင် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ်(၁)လုံး ဆောက်လုပ်ခြင်း

၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို ၂၇-၆-၂၀၁၆ ရက် ၀၉:၃၀ နာရီတွင်စတင်ရောင်းချမည်ဖြစ်ပြီး ၂၆-၇-၂၀၁၆ ရက် ၁၆:၀၀ နာရီနောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပုသိမ်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၂-၂၃၇၇၄၊ ၀၄၂-၂၁၁၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ**

(၁) ဦးစိုင်းဇေယျာအောင်(ကွယ်လွန်သူ ဒေါ်နန်းခင်မြတ်ကြည်၏သား)
(၂) မစုနန္ဒာအောင် ( 〃 〃 သမီး)
(၃) မမြတ်နန္ဒာအောင်( 〃 〃 သမီး)
ဇရပ်ကွင်းကျေးရွာ၊ လှည်းကူးမြို့နယ်

**ဘဏ်ချေးငွေအရင်းနှင့်အတိုးများ ပြန်လည်ပေးဆပ်ရန်ကိစ္စ**

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ လူကြီးမင်းတို့၏မိခင်ဖြစ်သူ ဒေါ်နန်းခင်မြတ်ကြည်သည် မကွယ်လွန်မီက မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့ထံမှ ဘဏ်ချေးငွေကျပ်သိန်း ၁၀၀၀ကို ၁၉-၉-၂၀၁၄ ရက်မှ ၁၈-၉-၂၀၁၅ ရက်ထိ တစ်နှစ်သက်တမ်းဖြင့် ချေးယူခဲ့ပြီး ချေးငွေများ ပြန်လည်ပေးဆပ်ခြင်းမရှိပါသဖြင့် ၃၁-၃-၂၀၁၆ ရက်အထိ ပေးဆပ်ရန် အတိုးအရင်း စုစုပေါင်းမှာ ကျပ် ၁၀၆၁၆၄၉၉၅/၄၆ ရှိပြီဖြစ်ပါသည်။

၂။ လူကြီးမင်းတို့၏ မိဘများ မကွယ်လွန်မီက ဤဘဏ်မှချေးငွေရယူထားခဲ့သည်ကို လူကြီးမင်းတို့က သိရှိပြီးဖြစ်ပါသည်။ ဘဏ်ချေးငွေအား မိဘများ၏ကိုယ်စားကျန်ရှိသော အမွေစား၊ အမွေခံ သားသမီးများဖြစ်သော လူကြီးမင်းတို့က တာဝန်ယူပေးဆပ်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ပြပါချေးငွေအရင်းအတိုးများကို ၃၁-၇-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးဆပ်ရန်နှင့် ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**မန်နေဂျာ**
**ချေးငွေဌာန**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A) မှ မနွယ်နွယ်စန်း၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဝင်း ၉/ပမန(နိုင်) ၁၀၂၇၉၁ဖြစ်ပါကြောင်း။

**ဦးသက်နိုင်ဝင်း**

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့၊ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကုန်းကျေးရွာနေ မောင်ဇော်ဟိန်း ၉/ကပတ(နိုင်)၂၃၁၂၁၄၏ ဖခင်အမည်မှန်မှာ ဦးတင်ဖေ ဖြစ်ပါသည်။

**ဦးတင်ဖေ**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊မုံရွေးကြေးမုံအထက တက္ကသိုလ်ဝင်တန်း($A_3$)မှ မောင်ဝေလျှံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင် ၅/မရန(နိုင်) ၁၅၈၀၂၅ဖြစ်ပါသည်။

**ဦးလင်းအောင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကြေးမုံ အထက တက္ကသိုလ်ဝင်တန်း($A_1$)မှ မောင်ရှိုင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၅/မရန(နိုင်) ၂၇၀၅၁၆ဖြစ်ပါသည်။

**ဦးညွန့်ဝင်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကြေးမုံ အထက တက္ကသိုလ်ဝင်တန်း($A_1$)မှ မောင်ကျော်ကျော်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်လှိုင် ၅/မရန(နိုင်) ၁၅၀၃၇၂ ဖြစ်ပါသည်။

**ဦးညွန့်လှိုင်**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/6732၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း၊ ရွှေတိဂုံစေတီတော် ငှက်ပျောဖူး၊ ရွှေသင်္ကန်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း ဒါယိကာမကြီး

## ဒေါ်ခင်မျိုးလှ(မြန်အောင်) အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းစင်တာ အခန်းအမှတ် (2B2)နေ (ဦးအုန်းခင်-ဒေါ်စောညွန့်)တို့၏သမီး၊ [သခင်ချစ်မောင်(မြန်အောင်)-ဒေါ်မြကြည်]တို့၏တူမ၊ [ဝဏ္ဏကျော်ထင် ဦးမောင်မောင်ရီ(တိုင်းအင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ကချင်ပြည်နယ်)]၏ဇနီး၊ ဒေါက်တာချိုဝင်းမော်(MD, ငြိမ်း၊ ဆေးဝါးစားကုန်စစ်ကြပ်မှုဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်း (ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာအောင်သူ(Consultant, Physician, Northwick Park Hospital, London)၊ ဒေါက်တာမွေးမွေးသင်း (Associate Specialist, Gwynedd Hospital, Bangor,UK)-ဦးမျိုးတင့်(Lecturer,Menai College, Bangor,UK)၊ ဦးသန့်စင်(MD, MPE နှင့် MPPE, လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင်(Miraculous Fashion and Jewellery)၊ ဒေါ်အေးအေးသင်း(အေးမ)တို့၏ချစ်လှစွာသောမိခင်ကြီး၊ ဦးချို‌ဇေ(Q.H.S.E Manager,Heli-Union)၊ ဒေါ်အေးဆုမြတ်(ခေတ္တ-Australia)၊ ဦးထက်ချို(Technical Sales Executive, Puma Energy Aisa Sun)၊ ဒေါ်ခိုင်ချိုမြတ်(Youth Consultant, U.N.F.P.A)၊ Simon T.Tint(Faenol School,Bangor.UK)၊ မောင်ဇွဲဇာနည်မင်းသန့်(ခ) John Walter (International School Yangon)တို့၏ဘွားဘွားကြီးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန်၊ ရွှေတိဂုံစေတီတော် ငှက်ပျောဖူး၊ ရွှေသင်္ကန်း ဒါယိကာမကြီး

## ဒေါ်ခင်မျိုးလှ (မြန်အောင်) အသက်(၈၅)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) ဦးသန့်စင်နှင့် ဒေါ်အေးအေးခိုင်တို့၏မိခင်ကြီး ဒေါ်ခင်မျိုးလှ အသက်(၈၅)နှစ်သည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ထွဋ်
နေပြည်တော်ကောင်စီဝင်

အထူးဝမ်းနည်းကြေကွဲခြင်း

## အရာခံဗိုလ်အောင်မြင့်(ငြိမ်း) (မှော်ဘီ) အသက်(၈၄)နှစ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အပတ်စဉ်(၁၅)မှ သူငယ်ချင်း ကိုအေးမင်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ အင်းစိန်)၏ဖခင် ဦးအောင်မြင့် အသက်(၈၄)နှစ်သည် ၁၈-၆-၂၀၁၆ရက် ညနေ ၄း၁၅နာရီတွင် တိုးချဲ့ရပ်ကွက်(၄)၊ မှော်ဘီမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ဖခင်ကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ထွေ/အုပ် အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဒေါက်တာမြင့်သိန်း (အငြိမ်းစားမျက်စိဆရာဝန်ကြီး) ဆေးတက္ကသိုလ်(၁) အသက်(၈၃)နှစ်

ရန်ကုန်မြို့၊အမှတ်(ရ)၊ကိုယ့်မင်းကိုယ်ချင်ရိပ်သာလမ်း၊ဗဟန်းနေ ဒေါက်တာမြင့်မြင့်တင်(မြို့နယ်ဆရာဝန်အလုံမြို့နယ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည်၁၀-၆-၂၀၁၆သောကြာနေ့နံနက်(၉း၃၀)နာရီတွင် အင်္ဂလန်နိုင်ငံ၌ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူအထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

မျက်စိဆရာဝန်များအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြဝင်း အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၅လမ်း၊ တိုက် ၁၃၁၊ ပထမထပ်(A)နေ ဦးကျော်ရဲနိုင်(အကြီးတန်းစာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန)၏မိခင်ဖြစ်သူ ဒေါ်ခင်မြဝင်း အသက်(၅၃)နှစ်သည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

## ဦးအောင်ဝင်း(ခ)ပါကိုး (မြိတ်) အသက်(၇၀)

မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အမကကျောင်းလမ်း၊အမှတ် ၃၄နေ(ဦးအစိမ်း-ဒေါ်လွန်းရင်)တို့၏သား၊ (ဦးကျင်တိတ်)-ဒေါ်ဟုန်ကြည်တို့၏မောင်၊ဦးစိုးလွင်-ဒေါ်ယဉ်ယဉ်မြတ်တို့၏ညီ၊(ဦးစိုးဝင်း)-ဒေါ်သန်းသန်းကြင်၊ ဦးစိုးသိန်း-ဒေါ်သန်းသန်းယု၊ ဦးအုံးတုံး-ဒေါ်အေးအေးစီ၊ ဦးသန်းဌေး-ဒေါ်မြင့်ရီတို့၏အစ်ကို၊ ဒေါ်စောမွှီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုပိုင်ဖြိုးအောင်၊ ဒေါက်တာထွန်းထွန်းနိုင် - မဆုရည်ဖြိုးအောင်၊ မနှင်းဝတ်ရည်ဖြိုးတို့၏ဖခင်၊ မောင်ဉာဏ်ဘုန်းအောင်၏အဘိုးသည်၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ဝင်း(ခ)ပါကိုး (မြိတ်) အသက်(၇၀)

မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အမကကျောင်းလမ်း၊ အမှတ် ၃၄နေ (ဦးတန်မား-ဒေါ်ပိန်)တို့၏သားသမက်၊ ဦးအီစွန်-ဒေါ်လှဝင်း၊ ဦးသန်းဝင်း-ဒေါ်စု၊ ဦးတင်ဦး - ဒေါ်စောရီတို့၏ မောင်၊ (ဦးခွေးနီ)၏ညီ၊ ကိုတင်ဝင်း-မမြဝင်း၊ (ကိုမျိုးအောင်)-မမြသန်း၊ ကိုစိုးစိုး-မသီတာ(ကောင်းဆေးဆိုင်)တို့၏အစ်ကို၊ ဒေါ်စောမွှီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုပိုင်ဖြိုးအောင်၊ ဒေါက်တာထွန်းထွန်းနိုင်-မဆုရည်ဖြိုးအောင်၊ မနှင်းဝတ်ရည်ဖြိုးတို့၏ဖခင်၊ မောင်ဉာဏ်ဘုန်းအောင်၏အဘိုးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းလှ(ခ)ဦးဘွန်ချောင်း အသက်(၉၂)နှစ်

တောင်ငူမြို့၊ အမှတ် ၁၆/၂၈၄၊ ၁လမ်းနေ (ဒေါ်ရှုလန်း)၏ခင်ပွန်း၊ ဒေါက်တာခင်လေးရီ(တောင်ငူပြည်သူ့ဆေးရုံကြီး၊ ငြိမ်း)၊ ဦးတင်လှိုင်(MOGE၊ ငြိမ်း)-ဒေါ်အေးအေးသိန်း၊ ဦးတင်မောင်ဝင်း-(ဒေါက်တာအေးအေးမြင့်) [ပါမောက္ခ (ဌာနမှူး)၊ ဘူမိဗေဒဌာန(ငြိမ်း)၊ တောင်ငူတက္ကသိုလ်]၊ ဒေါက်တာလှဌေး(ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်)-(ဒေါ်တင်တင်ဝင်း)၊ ဦးစိုးလှိုင်(ဆေးဆိုင်)-ဒေါ်ဥမ္မာကျော်၊ ဒေါက်တာမီမီချို(သမားတော်ကြီး၊ လယ်ဝေးမြို့ ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့် အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၁လမ်း၊ အမှတ် ၁၂၄၊ ပထမထပ်နေ (ဦးကြည်-ဒေါ်ရင်)တို့၏သမီး၊ (ဦးအေးမင်း)၏ဇနီး၊ (ဦးအောင်သိန်း-ဒေါ်စိန်စိန်)တို့၏ညီမ၊(ဦးခင်သိန်း)-ဒေါ်တင်မြင့်၊(ဦးအောင်သိန်း)တို့၏အစ်မ၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်ဝင်းတို့၏မိခင်၊ ဦးမြင့်အေး-ဒေါ်နှင်းနှင်းမျိုး၊ ဦးထွန်းထွန်းဦး-ဒေါ်ခိုင်ခိုင်မျိုး၊ မသိမ့်နန္ဒာစိုး၊ မနန်းဦးလှိုင်တို့၏အဘွားသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ဗဟိုရံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၆ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးမှီ အသက်(၉၁)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဌေးနှင့် ဒေါ်စောမြင့်သိန်းတို့၏မိခင် ဒေါ်အေးမှီ အသက်(၉၁)နှစ်သည် ၁၈-၆-၂၀၁၆ရက် နံနက် ၉နာရီတွင် တောင်သာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဝန်ထမ်းများ

## ဒေါ်နန်းငွေကြည် အသက်(၆၆)နှစ် (စာရင်းစစ်၊ ငြိမ်း)

သီပေါမြို့၊ အနောက်ရပ်နေ (ဦးဆန်မောင်-ဒေါ်နန်းရွှေဥ)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်မြင့်မြင့်)တို့၏ညီမ၊ ဦးစိုင်းရာဇာ-ဒေါ်နန်းညိုညို(အထက-၁၊ ငြိမ်း)၊ ဒေါ်နန်းစောရီ၊ ဦးစိုးမြင့်-ဒေါ်နန်းငယ်(သရဖူစတိုး)၊ (ဦးစိုင်းကျော်မြင့်)-ဒေါ်နန်းသန်းစိန်၊ ဦးစိုင်းဆာအောင်-ဒေါ်နန်းပြုံးရီ(ရွှေသြဇာရွှေဆိုင်)တို့၏အစ်မ၊ စိုင်းလိုင်းဝမ်း-နန်းသင်းသင်းလှိုင်၊ နန်းအိအိလှိုင်(စာရင်းစစ်ရုံး၊ ကွတ်ခိုင်)၊ စိုင်းအောင်လှိုင်ဟိန်း-မဆိုင်းပန်စိုင်းချမ်းငြိမ်းအောင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ သီပေါမြို့၊ ဈေးရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၂၂နေ ဦးစိုင်းချစ်လှိုင်၏ချစ်လှစွာသောဇနီးသည် ၁၈-၆-၂၀၁၆ရက်(စနေနေ့) ည ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နမ့်မိန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဈေးရပ်ကွက်၊ အမှတ် ၂၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှ အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊အမှတ် ၂၈၊ အခန်း(4A)နေ(ဦးအောင်သန်း)၏ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းသိန်း၊ ဦးစန်းဝင်း-ဒေါ်အေးအေးစိုး၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းအေး၊ ဦးဝင်းဇော်-ဒေါ်စန်းစန်းမိုး၊ ဦးအောင်မိုး(စိုက်ပျိုးရေးဦးစီးဌာန၊ ပြန်ကြားရေးဌာနစိတ် တာဝန်ခံ) - ဒေါ်ကြည်ကြည်စိုး၊ ဦးကျော်မိုးနိုင်-ဒေါ်ကြည်ပြာအေး(ခ)မအိတုန်တို့၏ မိခင်၊ မြေး ၁၇ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၂၀-၆-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦး Errol ဘဖဲ (Trade Manager Kaytumadi Co.) အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၁၁၊ စိန်မေရီဝင်းနေ (ဦး J ဘဖဲ-ဒေါ် Margaret)တို့၏သား၊ Joseph ဘဖဲ၊ (Jennifer ဘဖဲ)၊ Anthony ဘဖဲတို့၏အစ်ကို၊ ဆရာမဒေါ်ခင်သန်းအေး(စံပြမူကြို)၏ချစ်လှစွာသောခင်ပွန်း၊(ကိုကျော်မင်းဦး)၊ဒေါ်မီမီဖဲ၊ ဒေါ်မျိုးမျိုးဖဲ၊ ဦးရဲမင်းစိုးတို့၏ဖခင်၊ (Samuel ပိုင်မင်းဦး)၊ Angela အိမ့်သဥ္ဇာမိုး၊ Grace အင်ကြင်းမြတ်ပိုင်တို့၏အဘိုးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရှင်မိက္ခေလ ကြည့်မြင်တိုင် ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို၂၅-၆-၂၀၁၆ရက်(စနေနေ့)နံနက် ၈နာရီတွင် အမှတ် ၁၁၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး အသက်(၆၈)နှစ်

မော်လမြိုင်မြို့နေ (ဦးခင်မောင်-ဒေါ်မာ)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၃၄/B၊ (ငါးလွှာ)၊ ဗျိုင်းရွာမရပ်ကွက်၊ ဗဟိုလမ်းနေ(ဦးညိုလွင်)၏ဇနီး၊ ဦးခင်ဇော်(ဈေးများဌာန)-ဒေါ်သီသီဦး၊ (မောင်ဇော်မင်း)တို့၏မိခင်၊ မဆုမြတ်ဖြူစင်၏အဘွားသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း(ခ) ဦးဖိုးထောင် အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၈လမ်း၊ အမှတ် ၁၀၂၇/ကနေ (ဦးသိန်းမောင်-ဒေါ်ကျင်စိန်)တို့၏သား၊ဒေါ်မြင့်မြင့်မူ၏ခင်ပွန်း၊ (ဦးအောင်ပိုင် - ဒေါ်ငွေ)တို့၏ သားသမက်၊ (ဦးကျော်သိန်း)-ဒေါ်ယဉ်ယဉ်မြ၊ (ဦးမျိုးသန့်) - ဒေါ်ခင်မို့မို့အေး၊ ဦးသိန်းဇံ-ဒေါ်ဟယ်လင်၊ ဦးကိုလတ်-ဒေါ်ဂျိမ်းမာ၊ (ဦးခင်မောင်အေး)-ဒေါ်စီစီ၊ ဦးမောင်မောင်သိန်း-ဒေါ်မိငယ်၊ (ဦးမြင့်သိန်း)၊ ဦးယဉ်ထွေး-ဒေါ်မီမီ၊ ဦးမောင်မောင်-ဒေါ်သီတာအေး၊ဦးသိန်းနိုင်-ဒေါ်လှလှချို၊ ဦးသန်းထွဋ်ဦး-ဒေါ်အေးအေးသင်း၊ ဦးအောင်နိုင်-ဒေါ်အေးအေး၊ ဦးမောင်ကြီး - ဒေါ်အေးတုတ်တို့၏အစ်ကိုသည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖိုးဆိုင် (မင်းပြား) အသက်(၉၂)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ (ဦးထုံးခြင်-ဒေါ်မဘူး)တို့၏သား၊(ဦးဖိုးစိန်)၊ဦးဖိုးလှတို့၏အစ်ကိုကြီး၊ ဦးမောင်ထွန်း-ဒေါ်ခင်ဖြူ၊ ဒုရဲမှူးကြီးဦးဘစိန်-ဒေါ်နုနုရင်၊ ဒေါ်မမြစိန်-(ဦးလွန်းတင်)၊ တပ်ကြပ်ကြီး ကျော်မြ (ခယလ)-ဒေါ်သန်းသန်းဌေး၊ (ဦးကျော်အောင်)-ဒေါ်အေးအေးဝင်း၊ ဒေါ်ရွှေမဖြူ-ဦးလှဝင်း၊ ဒေါ်သန်းသန်း(Singapore) - ဦးညီလှကျော်တို့၏ဖခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ဒေါင်းမ၏ခင်ပွန်းသည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၀၊ (လေးလွှာ)နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၂ နာရီအထိ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၇၈၄နေ (ဦးချစ်ဖေ-ဒေါ်အုံးကြိုင်)တို့၏သား၊ (ဦးစိန်ချို-ဒေါ်စောလှ)တို့၏သားသမက်၊ (ဒေါ်အုံးမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်သက်(အင်ဂျင်နီယာချုပ်၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်သိန်းရီ၊ဦးဝင်းဗိုလ်မြင့်-ဒေါ်ဝါဝါကြွယ်၊ ဒေါ်နုနုလွင်၊ ဦးညီလွင်-ဒေါ်မိမိဆွေ၊ ဦးနှင်းမောင် - ဒေါ်ဆွေဆွေလွင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်) (နာယကကြီး)

## ဦးမောင်ကို(သထုံ/မိုးကုတ်)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၁/အီးနေ သထုံမြို့နယ်အသင်း၏နာယက၊ ဒေါ်သန်းသန်း၏ခင်ပွန်း ဦးမောင်ကိုသည် ၁၆-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၆-၂၀၁၆ရက်(စနေနေ့)တွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ခင်ခင်အေး(ခ) ဒေါ်မီးငယ် (ကော့သောင်းမြို့) အသက်(၆၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်၊ ရုံးကြီးလမ်းနေ (ဦးထွန်းတင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ ဦးအောင်ရင်၏ဇနီး၊ ဦးမြသိန်း(ခ)ဦးသိန်း၏ညီမ၊ ဦးအုန်းမြ(ခ) ဦးမောင်အုန်း၏အစ်မ၊ မမိုးစန္ဒာ(ပြည်တွင်းအခွန်ဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့)၊ မယဉ်ယဉ်အေး (ကော့သောင်းခရိုင်၊ ထွေ/အုပ်ရုံး)နှင့် သားသမီး ခုနစ်ယောက်တို့၏မိခင်၊မြေး ခုနစ်ယောက်တို့၏အဘွားသည်၁၈-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးခင်မောင်ကြီး (မြင်းမူ၊ ရွှေယင်းမာ)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၂၃၈နေ(ဦးဖိုးညွန့်-ဒေါ်ခစ်)တို့၏သား၊ စစ်ကိုင်းမြို့၊ နန္ဒဝံကွက်သစ်ရပ်နေ (ဦးဖိုးစိမ့်-ဒေါ်သိန်းတင်)တို့၏သားသမက်၊ ဒေါ်မြဦး(ဆရာမ၊ ငြိမ်း၊ လင်းဇင်း၊ စစ်ကိုင်း)၏ခင်ပွန်း၊ ဒေါ်ခင်ဘုန်းဦး(UNOPS)၊ ဒေါ်ခင်စိုးဦး(ညွှန်ကြားရေးမှူး၊ငွေတိုက်ဦးစီးဌာန)၊ ဒေါက်တာခင်နွယ်ဦး(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)တို့၏ဖခင်သည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ထားရီ (ဟသ်ာတ)

အထပြ(ငြိမ်း)၊ အထက(၁)ဟသ်ာတ၊ အထက(၁)ဒဂုံ အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၁)လမ်း၊ အမှတ် ၁၂နေ [ဦးအုန်းမောင်-ဒေါ်မြ (ဟသ်ာတမြို့)]တို့၏သမီး၊ (ဦးလှရွှေ၊ ဒေါ်သိန်းကြည်၊ ဒေါ်သန်းဝေ)တို့၏ညီမ၊ [ဦးထွန်းရှိန် (ရဲမှူးကြီး)]၏ဇနီး၊ ဦးဘုန်းနိုင်-ဒေါ်သီရိရှိန်၊ မစိုးစိုးအောင်တို့၏မိခင်၊ မောင်ဇော်လင်းမောင်(2nd TUTL)၊ မဖြူကြည်ခင်(ထ-၁၊ မ/ဒဂုံ)၊ မသူသူဟန်(ထ-၁၊ မ/ဒဂုံ)တို့၏အဘွားသည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှကြင် (ဥက္ကံ) အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊အသောကလမ်း၊ အမှတ် ၅၊ သုံးလွှာ၊ (ခြေရင်းခန်း)နေ(ဦးအေးမောင်-ဒေါ်ကျော့တင်)တို့၏သမီး၊ (ဦးကြံဆောင်၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ တရားရုံးချုပ်)၏ချစ်လှစွာသောဇနီး၊ ဦးသစ်လွင်(ကထိက၊ ဌာနမှူး၊ ဘူမိဗေဒဌာန၊ ပြည်တက္ကသိုလ်)-ဒေါ်ဌေးဌေးဝင်း(ကထိက၊ သမိုင်းဌာန၊ ပြည်တက္ကသိုလ်)၊ ဦးမောင်ဌေး-ဒေါ်စန်းစန်းလွင်(တရားရုံးချုပ်၊ ငြိမ်း)၊ ဦးကျော်ဇေယျာမောင်(2nd mate F.G, Golden Pay Shipping)-ဒေါက်တာဖြိုးဖြိုးဝေ(ကထိက၊ သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးရဲရန်နောင်(2nd mate F.G Sky Line Shipping)-ဒေါ်ခင်ခင်ဆောင်၊ ဦးထက်မြက်ဆောင်၊ ဦးအောင်မိုးဆောင်-ဒေါ်နော်အိန္ဒြေကြည်ထူး(Myanmar Yang Tse Copper Ltd.)၊ ဦးကောင်းသန့်စင် (World Health Organization WHO)-ဒေါက်တာအေးအေးဆောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၉-၆-၂၀၁၆ရက် ညနေ ၅း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးမြတ်သူ (ငြိမ်း)

ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသက်(၅၃)နှစ်

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၃၅နေ ဗိုလ်မှူးမြတ်သူ(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ၁၀-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်(ခုတင်-၅၀၀) အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မြင့်
ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)
နှင့်အရာထမ်း၊ အမှုထမ်းများ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်လှမြင့် (မြိတ်) အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် ၃လမ်း၊ တိုက် ၁၀၊ အခန်း C1 နေ (ဦးဘစံ-ဒေါ်နန်း)တို့၏သမီး၊ [ဦးစိန်ကြည် (မြိတ် မျောတိုင်၊ ဝါးခရိုရောင်းဝယ်ရေး၊ ရွှေပြည်သာ)]၏ဇနီး၊ (ဦးချစ်ကိုကို) - ဒေါ်စန်းကြွယ်တို့၏အစ်မ၊ ဦးသန်းဌေး-ဒေါ်ခင်အေးမော်၊ ဦးကိုကိုထွန်း-ဒေါ်သီတာစိုး၊ ဦးအိုနီ-ဒေါ်ဥမ္မာစိုး၊ ဦးခင်မောင်မြတ်-ဒေါ်ဌေးဌေးအေး(မြတ်သစ်ခွဲစက်၊ လှိုင်သာယာ)တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၆ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်း(ခ)ဒေါ်ဗျိုင်း အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးအမ်တင်အေးလမ်း၊ အမှတ် ၇၇၉/၇၈၀နေ ဦးတင်ထွန်း(ခ) ပန်းချီတင်လှဝင်းထင်၏ဇနီး၊ (မောင်ကျော်ကျော်ဦး)၊ မလှလှဝင်း၊ မလှလှအေး၊ မောင်နေမျိုးဝင်း (တိ=နိ ပုံနှိပ်တိုက်)-မသင်းသင်းအေး၊ မောင်သန်းထွန်း၊ မတင်မာဝင်းတို့၏ မိခင်သည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ပြန်

## လိုအပ်ချက်များ လုပ်ငန်းစဉ်များကို မိမိတို့အစိုးရပိုင်းကအလေးထား စဉ်းစားသုံးသပ်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၂၀**

ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းနိုင်ရန် အဘက်ဘက်က တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ကုန်စည်စီးဆင်းမှုနှင့်အတူ အရင်းအနှီးစီးဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ စီးဝင်လာမှု၊ ပို့ကုန်ကဏ္ဍမြင့်တက်လာမှုနှင့် စီးပွားရေးတိုးတက်မှုကွင်းဆက်များ တစ်ခုပြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် အစိုးရအနေဖြင့် အလေးထားဆောင်ရွက်နေကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။ **(ယာပုံ)**

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် World Bank Group တို့ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ၏ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် ပေါင်းစည်းနိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် အတားအဆီးများ၊ နည်းပညာပံ့ပိုးကူညီမှုများ၊ မူဝါဒများအား မည်သည့်ကဏ္ဍများတွင် လိုအပ်နေသည်ဆိုသည့်အချက်အလက်များကို ယခုအစီရင်ခံစာတွင် ဖော်ထုတ်ထားပါကြောင်း၊ ယခုအစီရင်ခံစာသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ မြန်မာနိုင်ငံနည်းတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



# အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၂၀**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက် နံနက်က ရန်ကုန်မြို့ အားကစားပြိုင်ပွဲနေရာများ၌ ကျင်းပခဲ့ကြသည်။

ရေကူးပြိုင်ပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ အမျိုးသား၊ အမျိုးသမီးအသက် ၁၈ နှစ်အထက် အကြီးတန်းနှင့် သက်တန်းအလိုက် မီတာ ၅၀၊ ၁၀၀၊ ၂၀၀ နှင့် ၄၀၀ အလွတ်ကူး၊ ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး၊ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲများတွင် အားကစားသမားများ ၁၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



# အထွက်ကောင်း ပေါ်ဆန်းမွှေးစပါးမျိုးသစ် တောင်သူများထံသို့ ဖြန့်ဖြူးနိုင်ရန် စီစဉ်နေ

**နေပြည်တော် ဇွန် ၂၀**

အရည်အသွေးကောင်း မြန်မာ့မျိုးရင်းစပါးဖြစ်သည့် ပေါ်ဆန်းမွှေးစပါးမျိုးသည် နေ့တာတံ့ပြန်မှုရှိသော (Photoperiod Sensitive) ဗီဇပါဝင်သောကြောင့် ရာသီစပါးဖြစ်ကာ တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးနိုင်သည်။

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာန အပင်ဇီဝနည်းပညာဇဟိုဌာနမှ ပေါ်ဆန်းမွှေးစပါးမျိုးအား ရာသီမရွေး စိုက်ပျိုးနိုင်ရန်အတွက် မျိုးသစ်ထုတ်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ပေါ်ဆန်းမွှေးစပါးမျိုးမှ နေ့တာတံ့ပြန်မှုရှိသော ဗီဇအားဖယ်ရှား၍ နေ့တာတံ့ပြန်မှု မရှိသောဗီဇ ထည့်သွင်းရန် ပေါ်ဆန်းမွှေးစပါးမျိုးနှင့် IR24 (ရွှေဝါရင်) စပါးမျိုးတို့အားမျိုးစပ်၍ မျိုးရွေးချယ်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နွေစပါးရာသီတွင် ရာသီမရွေးစိုက်ပျိုးနိုင်သော ပေါ်ဆန်းစပါးမျိုးသစ်လိုင်းများအား စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ရာသီမရွေးစိုက်ပျိုးနိုင်သော ပေါ်ဆန်းမျိုးသစ် နှစ်မျိုးအား မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ အမျိုးသားကော်မတီသို့ မှတ်ပုံတင်ခဲ့သည်။ ရက် ၁၂၀ ဝန်းကျင်ပဲ စားလို့လည်းကောင်းပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ပပအောင်က ပြောသည်။

ယခုအခါ ရာသီမရွေးစိုက်ပျိုးနိုင်သော သက်တမ်းတို၊ အထွက်ကောင်း ပေါ်ဆန်းစပါးမျိုးသစ်များအား စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲနှင့်ပူးပေါင်း၍ တောင်သူလယ်သမားများထံသို့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

**သန့်ဇင်ဝင်း**


❖ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များအား ခန့်မှန်းသိရှိနိုင်ရန် ငလျင်တိုင်းစက် ၆၅ လုံး တပ်ဆင်မည် စာ-၅

❖ မန္တလေးတွင် လိုင်စင်မဲ့ယာဉ် ၃၆ စီး ဖမ်းဆီးရမိ စာ-၁၃

❖ ကမ္ဘာ့ပထမဦးဆုံး လူတင်ဆောင်နိုင်သည့် ဒရုန်းယာဉ် နီဗားဒါးတွင် စမ်းသပ်ပျံသန်းမည် စာ-၁၀

❖ ၂၀၁၆ ရွေးကောက်ပွဲနှင့် အာဖရိကနိုင်ငံ၏ ဒီမိုကရေစီပန်းတိုင် စာ-၁၁



